# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 14 September 2017 (၉၀၄၇)


## ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲတက်ရောက်ရန် နယူးယောက်မြို့သို့ သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။

# ပြည်တွင်းငြိမ်းချမ်းမှသာ လူမှုဘဝတည်ငြိမ်အေးချမ်းပြီး လူကုန်ကူးမှုအန္တရာယ်ကင်းဝေးမည်ဖြစ်

# လူကုန်ကူးမှုလျော့ကျစေရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အလေးထားဆောင်ရွက်သွားကြရမည်




ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၃**

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်ကတည်းက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်တိုက်ဖျက်လာပါကြောင်း၊ ယခုဆိုလျှင် နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ကြားကာလဆောင်ရွက်ချက်များကို ကြည့်မည်ဆိုပါက အာဆီယံဒေသတွင်း၌ စံပြုလောက်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုပြဋ္ဌာန်းနိုင်ခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ခြင်း၊ ကုလသမဂ္ဂနှင့် အာဆီယံဆိုင်ရာလူကုန်ကူးမှုတိုက်ဖျက်ရေး စာချုပ်စာတမ်းများတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခြင်း၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခြင်း စသည့် ထင်ရှားသော ရလဒ်ကောင်းများကို မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း။

သို့ရာတွင် မြန်မာနိုင်ငံသည်လည်း အခြားဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဝင်ငွေနည်းပါးမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားမှု စသည့် ဘဝရပ်တည်ရန် ခက်ခဲစေသော အကြောင်းရင်းများကြောင့် လူကုန်ကူးမှုများဆက်လက်ဖြစ်ပွားလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားသည့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ ထိုင်းနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားသည့် လုပ်အားခေါင်းပုံဖြတ်မှုနှင့် အဓမ္မပြည့်တန်ဆာပြုမှု၊ မလေးရှားနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားသည့် အဓမ္မပြည့်တန်ဆာပြုမှု၊ အဓမ္မသူတောင်းစားပြုမှု၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားသည့် ပင်လယ်ပြင်ရေလုပ်ငန်းများတွင် လုပ်အားခေါင်းပုံဖြတ်မှုများ၊ ပြည်တွင်းတွင်ဖြစ်ပွားသည့် လုပ်အားခေါင်းပုံဖြတ်မှုနှင့် အဓမ္မပြည့်တန်ဆာပြုမှု စသည့်လူကုန်ကူးမှုပုံစံများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း။

လူကုန်ကူးမှုများကို တိုက်ဖျက်နိုင်ရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများရေးဆွဲပြီး ကဏ္ဍပေါင်းစုံပါဝင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးနှစ်စီမံကိန်းများဖြင့် ဆောင်ရွက်ရာတွင် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် တတိယငါးနှစ်စီမံကိန်း(၂၀၁၇-၂၀၂၁)ကိုလည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




## ကြေးမုံ

# လူ့ပတ်ဝန်းကျင်မှ အန္တရာယ်ရှိပစ္စည်းများ

လူအများအနေဖြင့် မိမိတို့၏ဘဝများကို အမှုမဲ့အမှတ်မဲ့ဖြတ်သန်းနေကြသည်က များသည်။ ကျန်းမာသော နေထိုင်စားသောက်မှုတို့ကို အလျဉ်းဂရုမပြုမိကြချေ။ မိမိတို့၏ကျန်းမာရေးနှင့် အသက်အန္တရာယ်ကိုပါ ထိခိုက်လာနိုင်သော နေထိုင်စားသောက်မှုတို့ကိုလည်း အများအားဖြင့် မဆင်ခြင်တတ်ကြချေ။ လူတို့၏ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည်ဟုဆိုသော်လည်း အလေးမထား ဆက်လက်သုံးစွဲကြသော ပစ္စည်းများတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းများလည်း ပါဝင်နေသည်ကို သတိပြုမိရန် လိုလာသည်။

ကျန်းမာရေးဌာန၏ဆန်းစစ်မှုအရ မြန်မာနိုင်ငံတွင် ကလေးသူငယ်တစ်သိန်းခွဲကျော်နှင့် အရွယ်ရောက်ပြီးသူ လူဦးရေ ခုနစ်သန်းကျော်သည် ဆေးရွက်ကြီးကို နေ့စဉ်သုံးစွဲနေကြပြီး အဆိုပါဆေးရွက်ကြီးနှင့် ဆက်နွယ်ရာမှ ရရှိလာသောရောဂါများဖြင့် နှစ်စဉ် လူဦးရေ ခြောက်သောင်းကျော် သေဆုံးနေသည်ဟု ကြားသိရသောအခါ ဆေးရွက်ကြီးနှင့် ဆက်နွယ်သောဘေးအန္တရာယ်များကို သတိမူဖို့လိုလာပြီဖြစ်သည်။

အဆိုပါ လူဦးရေ ခြောက်သောင်းကျော်ဆိုသည်မှာ အချိန်မတိုင်မီ သေဆုံးရခြင်းဖြစ်၍ မိသားစုဘဝများနှင့် နိုင်ငံအတွက် များစွာဆုံးရှုံးနစ်နာပေသည်။ မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူများတွင် ဆေးရွက်ကြီးသုံးစွဲနေသူများမှာ အမျိုးသား ၄၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသမီး ၈ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ ထိုအထဲတွင် ဆေးရွက်ကြီးသုံးစွဲခြင်း၏ အဓိကအချက်ဖြစ်သော ကွမ်းယာစားသုံးခြင်းကို အမျိုးသား ၆၂ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၂၄ ဒသမ ၁ ရာခိုင်နှုန်း စားသုံးကြကြောင်း သိရသည်။

ယမန်နှစ်က ကောက်ယူရရှိသောစာရင်းများအရ အသက်ငယ်ရွယ်သူ လူငယ်ယောကျ်ားလေး ၂၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးကြပြီး ၁၁ ရာခိုင်နှုန်းမှာ ဆေးရွက်ကြီးပါသော ကွမ်းယာစားသုံးကြသည်။ မိန်းကလေး နှစ်ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးကြပြီး နှစ်ရာခိုင်နှုန်းမှာ ကွမ်းယာစားသုံးကြသည်ဟု သိရသည်။ ထို့ကြောင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးပါသော ကွမ်းယာစားသုံးမှုများ မြန်မာနိုင်ငံတွင် တစ်စတစ်စမြင့်တက်လာပြီး ကျန်းမာရေးထိခိုက်မှုနှင့် အသက်အန္တရာယ်ဖြစ်စေမှု တိုးလာနိုင်စရာအကြောင်းရှိသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် ကျန်းမာရေးနှင့် လူမှုဘဝကိုထိခိုက်နိုင်သော အရက်သေစာဆိုင်များ များပြားသလို ဆေးလိပ်နှင့်ကွမ်းယာရောင်းချသောဆိုင်များမှာ နေရာတိုင်းတွင်တွေ့ရှိနိုင်ပြီး ပိုမိုများပြားလာသည်ကို တွေ့ရသည်။ လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သည်နှင့်အမျှ ပတ်ဝန်းကျင်ကိုပါ ထိခိုက်နိုင်သည်ကို စဉ်ဆက်မပြတ် အသိပေးနှိုးဆော်နေသော်လည်း လျော့ကျသွားသည်မရှိဘဲ တိုးတက်များပြားလာသည်မှာ မိမိကိုယ်ကို သတိမမူမိခြင်းနှင့် အသိတရားနည်းပါးသေးသည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားပြီး ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသော်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုလျော့ကျသွားခြင်းမရှိဘဲ တိုးတက်များပြားနေဆဲဖြစ်သည်မှာ ဥပဒေကို လေးစားလိုက်နာမှုမရှိခြင်းနှင့် ဥပဒေမှာ အသက်ဝင်ခြင်းမရှိဘဲ လက်တွေ့ကျကျ အသုံးမချနိုင်သောကြောင့် ဆက်လက်မြင့်တက်နေသည်ဟု ဆိုရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဆေးရွက်ကြီးသုံးစွဲသောကြောင့် နှစ်စဉ် လူခုနစ်သန်းကျော်သေဆုံးနေပြီး ဆေးရွက်ကြီးသုံးစွဲမှု တိုးတက်နေခြင်းကို လျော့ကျအောင် မလုပ်ဆောင်နိုင်ပါက ၂၀၃၀ ပြည့်နှစ်အရောက်တွင် သေဆုံးသူ ၈ ဒသမ ၃ သန်းအထိ မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။ အများအားဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး(ကွမ်းယာ) သုံးစွဲမှုမှာ လူငယ်လူရွယ် အရွယ်များအတွင်း တိုးပွားလာနေပြီး လူငယ်များ အနာဂတ်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အတွက် စိုးရိမ်ဖွယ်ဖြစ်လာသည်။

ထို့ကြောင့် လူတို့ကို ကောင်းကျိုးမပေးသော ဆေးလိပ်နှင့် ဆေးရွက်ကြီး(ကွမ်းယာ)သုံးစွဲမှုများကို အသိတရားနှင့် လျှော့ချရန်သာမက ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေနှင့်အညီ ထိထိရောက်ရောက် တားဆီးဟန့်တားသွားရန် လိုအပ်လာပြီဖြစ်ကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

# ဆေးနှင့်ဆေးပစ္စည်းစက်ကိရိယာများ ဝယ်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆေးနှင့် ဆေးပစ္စည်းစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းများသည် ကုသရေးနှင့် ကျန်းမာရေးပညာရှင်များအတွက် အထူးတလည်လေ့ကျင့်သင်ကြားထားသော လုပ်ငန်းများမဟုတ်၍ အခက်အခဲများစွာရှိနိုင်ကြောင်း၊ ဝယ်ယူသည့် ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာများ သတ်မှတ်ချက်အမျိုးမျိုးကွဲပြားခြင်း (အချို့ပစ္စည်းကိရိယာများ၏ သတ်မှတ်ချက်ကို ကောင်းစွာမသိရှိခြင်း) အတွက် ပစ္စည်းဝယ်ယူရာတွင် နစ်နာမှုများရှိခဲ့ကြောင်း၊ ကျွမ်းကျင်ပညာရှင်များ၊ ပစ္စည်းသုံးစွဲသူ အထူးကုဆရာဝန်ကြီးများ၏ အကူအညီဖြင့် သတ်မှတ်ချက် စုဆောင်းရေးဌာနတစ်ခု ထူထောင်နိုင်ရေး ဝိုင်းဝန်းစဉ်းစားပေးကြစေလိုကြောင်း ပြောကြားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုသရေးဦးစီးဌာနမှ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူရန် လျာထားရန်ပုံငွေကျပ် ၁၁၃ ဒသမ ၉၅ ဘီလီယံ၊ ဆေးရုံသုံးစက်ပစ္စည်းများ ဝယ်ယူငွေကျပ် ၅၇ ဒသမ ၇၆၄ ဘီလီယံ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ စီမံချက် ၁၆ ခုအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူရန် လျာထားရန်ပုံငွေကျပ် ၂၆ ဒသမ ၉၆၃ ဘီလီယံ၊ စက်ပစ္စည်းကိရိယာ ဝယ်ယူရန် ငွေကျပ် ၂၀ ဒသမ ၁၉ ဘီလီယံဖြစ်ပြီး ဦးစီးဌာန နှစ်ခုပေါင်း၍ ဆေးနှင့် ဆေးပစ္စည်းကိရိယာ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁၈ ဒသမ ၈၆၇ ဘီလီယံခန့် ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆေးယဉ်ပါးတီဘီလူနာ စောင့်ရှောက်ရေး စီမံချက် ဆွေးနွေး

**မင်းလှ စက်တင်ဘာ ၁၃။** ။မင်းလှမြို့နယ် ဆေးရုံအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက လူထုအခြေပြု ဆေးယဉ်ပါးတီဘီလူနာစောင့်ရှောက်ရေးစီမံချက်ဆွေးနွေးပွဲ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး TheUnion အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့်အဖွဲ့ဝင်များက မိမိတို့တွေ့ကြုံရသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါလူထုအခြေပြု ဆေးယဉ်ပါးတီဘီလူနာစောင့်ရှောက်ရေးစီမံချက်ကို ကျန်းမာရေးဦးစီးဌာနနှင့် The Union အဖွဲ့တို့ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်း မြို့နယ်စုစုပေါင်း ၃၃ မြို့နယ်တွင် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**




# အကြမ်းဖက်အန္တရာယ် မဖြစ်ပွားရေး လုံခြုံရေးဆောင်ရွက်

**မူဆယ် စက်တင်ဘာ ၁၃**

မူဆယ်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နယ်မြေလုံခြုံရေးနှင့် အကြမ်းဖက်အန္တရာယ်မဖြစ်ပွားစေရေးအတွက် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းမှစ၍ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ နမ့်ခမ်းမြို့မနှင့် နယ်မြေခံပြည်သူ့စစ်များ ပါဝင်သောအဖွဲ့သည် မူဆယ်မြို့ပေါ်ရပ်ကွက်၊ မြို့ဝင်မြို့ထွက်၊ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ တိုးဂိတ်၊ အရေးကြီးအဆောက်အအုံနှင့် မင်္ဂလာမူဆယ် စီးပွားရေးဇုန်အတွင်း လှည့်ကင်း ဆောင်ရွက်ခဲ့ကြသည်။

ညပိုင်းတွင် နယ်ထိန်းတပ်ဖွဲ့နှင့် နယ်မြေရဲကင်းမှ တပ်ဖွဲ့ဝင်များသည် မြို့ပေါ်နှင့် အနီးဝန်းကျင်နေရာများ၌ လှည့်ကင်း၊ ဝပ်ကင်း ဆောင်ရွက်မည်ဖြစ်ပြီး မြို့ဝင်နှင့် မြို့ထွက်နေရာများတွင် ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဆရာမောင်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်(ရွှေဈေး) ၉၅၄၅၀၀ - ၉၅၄၅၀၀ မန္တလေး(ရွှေဈေး) ၉၅၃၅၀၀ - ၉၅၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၈၀/၇၁၀ ကျပ်၊ | ၇၀၀/၇၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၆၀ ကျပ်၊ | ၈၁၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၂၀ ကျပ်၊ | ၇၃၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၀၀/၇၃၀ ကျပ်၊ | ၇၂၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၅/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၀/၆၉၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၆၅/၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၀. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၇. ၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၈၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀. ၈၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၄၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၂၉. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၀၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၆. ၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှိုင်

☆ **ရှေ့ဖုံးမှ**

အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ တတိယငါးနှစ်စီမံကိန်းကို မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေးဆိုသည့် ကဏ္ဍလေးရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယငါးနှစ် စီမံကိန်းကာလအတွင်း တည်ဆဲလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်နှင့်အညီဖြစ်စေရန် ပြင်ဆင်ရေးဆွဲခြင်း၊ လူကုန်ကူးခံရသူများအား တိုက်ရိုက်အကူအညီပေးခြင်းနှင့် လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာ နိုင်ငံအဆင့် ယန္တရားတစ်ရပ် (National Refferal Mechanism)ရေးဆွဲခြင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ် (National Standard Operating Procedure)ရေးဆွဲခြင်း၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ သုတေသနပြုမှုများ ဆောင်ရွက်ခြင်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ ပြစ်မှုတရားစီရင်ရေးလုပ်ငန်းစဉ် (Criminal Justice System) ပိုမိုအားကောင်းစေခြင်း၊ လူကုန်ကူးခံရသူခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ နိုင်ငံအဆင့် စံနှုန်းများရေးဆွဲခြင်း၊ ယာယီစောင့်ရှောက်ရေးဂေဟာများ တိုးချဲ့ခြင်း စသည့် အဓိကကျသော ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ASEAN Convention Against Trafficking in Persons, EspeciallyWomen and Children ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်း Convention ပါပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် အများစုကိုက်ညီပြီးဖြစ်သည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် လူကုန်ကူးရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူမှုများ ပိုမိုထိရောက်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ လူကုန်ကူးကွန်ရက်များကို အမြစ်ဖြတ်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ထိုင်းနိုင်ငံလူသားလုံခြုံရေးနှင့် လူမှုဝန်ထမ်းဌာနများအကြားတွင် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နှစ်နိုင်ငံ Standard Operating Procedure ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် အစပြုခြင်း၊ မြန်မာ-ထိုင်း နားလည်မှုစာချွန်လွှာကို ပြန်လည်သုံးသပ်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကလေးစစ်သား စုဆောင်း အသုံးပြုမှုနှင့်ပတ်သက်ပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး ကော်မတီကို ၂၀၀၄ ခုနှစ်က ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါကော်မတီကို ၂၀၁၆ ခုနှစ် မေ ၁၁ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းအဖြစ် စုဆောင်းခြင်းကို ဟန့်တားကာကွယ်ရန်၊ ယင်းတို့၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်နှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များ တိကျစွာလိုက်နာရန်ဆိုသည့် ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်က ကလေးစစ်သားပပျောက်ရေးလုပ်ငန်းများကို ထိရောက်အောင် ဆောင်ရွက်နေသကဲ့သို့ အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင်လည်း အထူးအလေးထား ထည့်သွင်းဆွေးနွေးသွားရန် လိုပါကြောင်း။

အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် International Labour Organization- ILO ကို ၁၉၄၈ ခုနှစ် မေ ၁၇ ရက်ကတည်းက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး အကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်(၂၉)အပါအဝင် ILO ကွန်ဗင်းရှင်းပေါင်း ၁၉ ခုတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူကုန်ကူးမှုများကို ပိုမိုမှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ရည်ရွယ်ပြီး အစိုးရရှေ့နေများအတွက် လမ်းညွှန်ချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေး လမ်းညွှန်ချက်များကိုလည်း ထုတ်ဝေနိုင်ခဲ့ပါကြောင်း။

လူကုန်ကူးခံရသူများကို ကူညီထောက်ပံ့နိုင်ရန်နှင့် လူကုန်ကူးမှုများကို တိုက်ဖျက်သည့်နေရာတွင် အထောက်အကူဖြစ်စေရန်အတွက် သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ရန်ကိုလည်း စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သီးခြားရန်ပုံငွေ မထူထောင်နိုင်သေးသော်လည်း လူကုန်ကူးခံရသူများကို ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းတွင် လူကုန်ကူးခံရသော အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၂၉၁ ဦး စုစုပေါင်း ၃၄၈ ဦးအတွက် ငွေကျပ် ၇၃၃၅၀၀၀၀ ကို ထောက်ပံ့ခဲ့ပါကြောင်း၊ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း လူကုန်ကူးခံရသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၂၉ ဦးအတွက် ငွေကျပ် ၁၈၇၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကြိုးစားအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကြောင့် အမေရိကန်နိုင်ငံက ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံကို TIER 2 Watch List သို့ မြှင့်တင်ခြင်းခံခဲ့ရပါကြောင်း။

လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာတွင် လူကုန်ကူးမှုဖြစ်ပွားစေသည့် အခြေခံအကြောင်းအရင်းများကိုလည်း ထိထိရောက်ရောက် ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အထူးအရေးပါသည့် ကဏ္ဍဖြစ်ပါကြောင်း၊ စစ်မက်ဖြစ်ပွားမှုများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ စားဝတ်နေရေးကျပ်တည်းမှုကြောင့် အနယ်နယ်အရပ်ရပ်ကို ရွှေ့ပြောင်းလုပ်ကိုင်နေရသူများသည် လူကုန်ကူးမှု၏ အန္တရာယ်ကို ရင်ဆိုင်နေကြရပါကြောင်း၊ ပညာကောင်းစွာမသင်ကြားရမှုသည်လည်း လူကုန်ကူးခံရနိုင်ဖွယ် အခြေအနေကို မြင့်တက်စေပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းမှသာ လူမှုဘဝတည်ငြိမ်အေးချမ်းပြီး လူကုန်ကူးမှုအန္တရာယ် ကင်းဝေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူကုန်ကူးမှုလျော့ကျစေရေးနှင့် တိုက်ရိုက်သက်ဆိုင်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် လူကုန်ကူးမှု၏ မူရင်းအစပြုနေရာဖြစ်ခြင်း၊ နစ်နာမှုများပြားခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် စုပေါင်းအားဖြင့်သာ လူကုန်ကူးမှုများကို တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ်၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ပုဒ်အတိုင်း လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးအသီးသီးမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံ)မှ ဆောင်ရွက်နေသည့်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံ) (British Chamber of Commerce Myanmar)၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Ms. Chloe Taylor အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ဗြိတိသျှစီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဗြိတိသျှကုန်သည်ကြီးများအသင်း (မြန်မာနိုင်ငံ) မှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ ဈေးကွက်ဆေးဝါးစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယခုနှစ်အတွင်း ဈေးကွက်တွင် ရောင်းချနေသော တိုင်းရင်းဆေးဝါးများအား ဈေးကွက်ဆေးဝါးစစ်ဆေးချက်အရ အများပြည်သူသုံးစွဲရန်မသင့်သည့် ဆေးဝါး ၆၃ မျိုးအား နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်အထိ တိုင်းရင်းဆေးဝါးမှတ်ပုံတင် စုစုပေါင်း ၁၃၆၂၃ မျိုးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ၂၉၁၆ ခုအား ခွင့်ပြုထားရှိပြီးဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ သိရသည်။

တိုင်းရင်းဆေးဝါးများအား ဈေးကွက်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဆိုပါက တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားရမည်ဖြစ်ပြီး ထိုသို့လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ တင်ပြလာသည့် တိုင်းရင်းဆေးဝါး၏ တံဆိပ်ပတ်၊ ဘူးပတ်၊ ဘူးချိုးတို့တွင် သတ်မှတ်ထားသော ဆေး၏အမှတ်တံဆိပ်၊ ဆေး၏အမည်၊ ဆေးတစ်ဖုံတွင် ပါဝင်သော ဆေးပစ္စည်းများ၊ သုံးစွဲနိုင်သောရောဂါများ၊ သုံးစွဲရန်ဆေးပမာဏ၊ သက်တမ်းကုန်ဆုံးမည့် လ၊ နှစ်တို့ဖော်ပြထားသည့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (TMR 000000 (MMYY)၊ ထုတ်လုပ်ရက် (MfdMM/YY(or) MFD MM/YY)၊ ကုန်ဆုံးရက် (Exp MM/YY (or) EXP MM/YY)၊ ထုတ်လုပ်မှုအပတ်စဉ် (Lot 000/ Lot No 000 (or) LOT 000/ LOT NO 000)နှင့် ပင်ရင်းစသည့် အချက် ၁၀ ချက်ပါဝင်မှု ရှိ၊ မရှိကို တိုင်းရင်းဆေးပညာဦးစီးဌာနမှ စိစစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဦးစီးဌာနမှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခွင့်ပြုပါက ခွင့်ပြုပြီး သုံးလအတွင်း အဆိုပါတိုင်းရင်းဆေးဝါးအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ကို လျှောက်ထားရမည်ဖြစ်ပြီး ထိုသို့ လျှောက်ထားမှုအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ထုတ်လုပ်သော လုပ်ငန်းအားစစ်ဆေး၍ စစ်ဆေးမှုမှတ်တမ်းနှင့်အတူ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့တင်ပြ၍ စိစစ်ခွင့်ပြုပါက သက်တမ်းသုံးနှစ်ဖြင့် ထုတ်လုပ်ခွင့်လိုင်စင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသည့် ဆေးဝါး၊ ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုခြင်းမရှိသည့် ဆေးဝါး၊ မူလမှတ်ပုံတင်ခွင့်ပြုစဉ်နှင့် ဈေးကွက်မှ စစ်ဆေးချက်အရ ကွာခြားမှုများရှိနေသည့် ဆေးဝါး၊ သုံးစွဲရန်မသင့်သည့် ဆေးဝါးများကို စိစစ်တွေ့ရှိရပါက မူလပိုင်ရှင်ကို ခေါ်ယူသတိပေးခြင်း၊ ခံဝန်ကတိ လက်မှတ်ရေးထိုးစေခြင်း၊ ဈေးကွက်အတွင်းမှ ဆေးဝါးများအား ပြန်လည်ရုပ်သိမ်းစေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အများပြည်သူသုံးစွဲရန် မသင့်၍ နိုင်ငံပိုင်သတင်းစာတွင် ထုတ်ပြန်ထားသည့် ဆေးဝါးများအား သုံးလပြည့်မြောက်သည့်အခါ သက်ဆိုင်ရာဈေးကွက်အတွင်း ဆက်လက်ရောင်းချနေခြင်း ရှိ၊ မရှိ ပြန်လည်စိစစ်၍ ရောင်းချနေခြင်းအား ထပ်မံစစ်ဆေးတွေ့ရှိရပါက တိုင်းရင်းဆေးဝါးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လေးကြိမ် အရေးယူဆောင်ရွက်ခဲ့ရကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပြည်သူများဘေးဥပဒ်ကင်းစေရန် တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ ဈေးကွက်ဆေးဝါးစစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်ကာ ဥပဒေနှင့် မညီညွတ်သည့် တိုင်းရင်းဆေးဝါးများအား စစ်ဆေးတွေ့ရှိရပါက အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းဆေးဝါးဥပဒေကို ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၇/၉၆ ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်းသိရှိရသည်။

**(ရှင်မင်း)**

# ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**

ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Election-PACE) မှ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲသမာသမတ်ကျမှုကိုမြှင့်တင်ခြင်း အရပ်ဘက်အဖွဲ့အစည်းဖိုရမ်ကို ယနေ့ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပကြောင်း သိရသည်။

အဆိုပါဖိုရမ်မှ ဆွေးနွေးခဲ့သည်များကို အနှစ်ချုပ်ပြန်လည်တင်ပြခြင်း အစီအစဉ်ကို စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး တက်ရောက်လာသည့် သတင်းမီဒီယာများမှ ရွေးကောက်ပွဲနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းနိုင်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ ဇာတိရပ်မြေဖြစ်သော ဂူဂျာရတ်ပြည်နယ်သို့ ဂျပန်ဝန်ကြီးချုပ်အာဘေး ရောက်ရှိ

**အမာဒါဘက် စက်တင်ဘာ ၁၃**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် နိုင်ငံတော်ဧည့်သည်အဖြစ် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ဇာတိရပ်မြေ ဂူဂျာရတ်ပြည်နယ် မြို့တော် အမာဒါဘက်သို့ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် လေယာဉ်ဖြင့် ဆိုက်ရောက်လာခဲ့ကြောင်း၊ ဝန်ကြီးချုပ်အာဘေးနှင့် ဝန်ကြီးချုပ်ကတော် အာကီ အာဘေးတို့အား အတီးအမှုတ်၊ အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိန္ဒိယနှင့် ဂျပန်အကြား ဆက်ဆံရေးမြှင့်တင်နိုင်ရန် ကြိုးပမ်းနေမှုကို ထင်ဟပ်သည့် ပြယုဂ်အဖြစ် ဝန်ကြီးချုပ် အာဘေးသည် အိန္ဒိယနိုင်ငံ၌ နှစ်ရက်ကြာနေထိုင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမာဒါဘက်လေဆိပ်မှ မဟတ္တမဂန္ဒီ နေထိုင်ခဲ့ရာ နေအိမ်သို့ မော်တော်ယာဉ်တန်းဖြင့် ထွက်ခွာခဲ့ကြရာတွင် လမ်းတစ်လျှောက်၌ ရိုးရာယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်၊ ကခုန်ကာ ကြိုဆိုခဲ့ကြပြီး ပြည်သူအပေါင်းကလည်း လမ်းဘေးဝဲယာမှ စောင့်စားကာ ဂါရဝပြုကြိုဆိုခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် အာဘေးသည် စက်တင်ဘာ ၁၄ ရက်တွင် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ကျည်ဆန်ရထားစီမံကိန်းကို ဝန်ကြီးချုပ်မိုဒီနှင့်အတူ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။ အိန္ဒိယနိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သော မွမ်ဘိုင်းမြို့နှင့် အမာဒါဘက်မြို့အကြား ဆက်သွယ်မည့် ကျည်ဆန်ရထားစီမံကိန်းသည် အိန္ဒိယရထားလုပ်ငန်းနှင့် ဂျပန်ရှင်ကာဆန် နည်းပညာကုမ္ပဏီတို့၏ ဖက်စပ်စီမံကိန်းဖြစ်သည်။

ဝန်ကြီးချုပ်အာဘေးနှင့် ဝန်ကြီးချုပ် မိုဒီတို့သည် ကာကွယ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍လည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ဝန်ကြီးချုပ်အာဘေးသည် ဝန်ကြီးချုပ်မိုဒီနှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန်လည်း စီစဉ်ထားကြောင်း သတင်းတွင်ဖော်ပြသည်။

**ပီတီအိုင်။**






# စင်ကာပူနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတ ဟာလီမက် ယာကွတ်ခ်ဖြစ်လာ

**စင်ကာပူ စက်တင်ဘာ ၁၃**

စင်ကာပူနိုင်ငံ၏ ရှစ်ယောက်မြောက်သမ္မတကို လွှတ်တော်ဥက္ကဋ္ဌဟောင်း ဟာလီမက်ယာကွတ်ခ်အား ခန့်အပ်ခဲ့ရာ ဟာလီမက်ယာကွတ်ခ်သည် ပထမဆုံးသော စင်ကာပူနိုင်ငံ၏ အမျိုးသမီးသမ္မတတစ်ဦး ဖြစ်လာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟာလီမက် ယာကွတ်ခ်သည်(၄၇)နှစ်အတွင်း နိုင်ငံ၏ ပထမဆုံးသော မလေးရှားလူမျိုးသမ္မတတစ်ဦး ဖြစ်လာခဲ့သည်။ နှစ်ပေါင်း ၃၀ အတွင်း သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းမရှိခဲ့သည့် လူမျိုးစုတစ်စုမှ သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ရန်အတွက် နိုင်ငံ၏ချမှတ်ထားသော သမ္မတတစ်ဦးဖြစ်ရန် လိုအပ်သည့် အရည်အချင်းများကို စင်ကာပူအစိုးရက အသစ်ထပ်မံရေးဆွဲချမှတ်ခဲ့သည်။

ယခုသမ္မတတင်မြှောက်မှုသည် ဟာလီမက်အတွက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရရန် လိုအပ်သော အရည်အချင်းများနှင့် ကိုက်ညီသည့် တစ်ဦးတည်းသော သမ္မတတင်မြှောက်ခံရသူဖြစ်သည်။

စင်ကာပူနိုင်ငံ၏ ယခုအကြိမ် သမ္မတတင်မြှောက်မှုနှင့်ပတ်သက်ပြီး ဒီမိုကရေစီနည်းလမ်းကျနမှုမရှိကြောင်းနှင့် သမ္မတရွေးချယ်တင်မြှောက်မှုတွင် ရွေးချယ်ယှဉ်ပြိုင်သူများရှိသင့်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောကြားခဲ့သည်။ ဟာလီမက်သည် ခြောက်နှစ်တာ သမ္မတသက်တမ်းအတွက် စက်တင်ဘာ ၁၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဆီးရီးယားအစိုးရတပ်ဖွဲ့များက နိုင်ငံပိုင်နက်နယ်မြေ၏ ၈၅ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ပြီ

**မော်စကို စက်တင်ဘာ ၁၃**

ရုရှားလေတပ်၏ လေကြောင်းပစ်ကူရရှိထားသော ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် နိုင်ငံပိုင်နက်ဧရိယာ၏ တစ်ခုလုံးနီးပါးမျှကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

လက်ရှိကာလတွင် ဆီးရီးယားနိုင်ငံ၏ ပိုင်နက်ဧရိယာ ၈၅ ရာခိုင်နှုန်းမှာ ဥပဒေမဲ့လှုပ်ရှားနေကြသော လက်နက်ကိုင်အုပ်စုများ၏ လက်အောက်မှ လွတ်မြောက်သွားပြီဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံ ပိုင်နက်နယ်မြေ၏ စတုရန်းကီလိုမီတာ ၁၇၈၀၀ ရှိ နယ်မြေအစိတ်အပိုင်းမှာမူ အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)ကို အပြီးတိုင်ချေမှုန်းနိုင်ခြင်းမရှိမီ လွတ်မြောက်အောင် လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံတွင်းရှိ ရုရှားတပ်ဖွဲ့၏ တပ်မှူး ဗိုလ်ချုပ်အလက်ဇန်းဒါးက ပြောကြားသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် နိုင်ငံအရှေ့မြောက်ပိုင်းဒေသရှိ ယူဖရေးတီးစ်မြစ်အနောက်ဘက်ကမ်းဒေသတွင် ထိုးစစ်များ အောင်မြင်စွာ ဆင်နွှဲနေပြီး ဒီယာအယ်လ်ဇောမြို့၏ မြောက်ဘက်ပိုင်းနှင့်တောင်ဘက်ပိုင်း လူနေရပ်ကွက်များတွင် အိုင်အက်စ်တို့အား ရှင်းလင်းလျက်ရှိကြောင်း၊ အဆိုပါမြို့ကို သုံးနှစ်ကြာမျှ အိုင်အက်စ်တို့ပိတ်ဆို့ထားမှုကို ဖောက်ထွက်နိုင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ။**



# လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတို့၏ ကုန်သွယ်ရေးအငြင်းပွားမှုတွင် သမ္မတထရန့် ကြားဝင်စေ့စပ်ပေးရန် ဝန်ကြီးချုပ်မေ တိုက်တွန်း

**လန်ဒန် စက်တင်ဘာ ၁၃**

အမေရိကန် ဘိုးရင်းကုမ္ပဏီနှင့် ယင်း၏ စီးပွားပြိုင်ဘက် ကနေဒါ ဘွမ်ဘာဒီယာ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတို့အကြား ကုန်သွယ်ရေး အငြင်းပွားမှု ပြေလည်စေရေးအတွက် သမ္မတ ဒေါ်နယ်ထရန့်က ကြားဝင်စေ့စပ်ပေးရန် ဗြိတိန်ဝန်ကြီးချုပ် ထရေစာမေက မေတ္တာရပ်ခံလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘွမ်ဘာဒီယာကုမ္ပဏီ၏ စီ-စီးရီးလေယာဉ်များ ထုတ်လုပ်မှုတွင် ကနေဒါအစိုးရနှင့် ကွီဘက်ပြည်နယ်အစိုးရတို့က ဘဏ္ဍာရေးအရထောက်ပံ့ပေးခဲ့ခြင်းမှာ စီးပွားရေးအရ မမျှမတယှဉ်ပြိုင်မှုဖြစ်စေသည်ဟု ဘိုးရင်းကုမ္ပဏီက ဧပြီလတွင် အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာနသို့ တိုင်ကြားခဲ့သည်။ ဘွမ်ဘာဒီယာကုမ္ပဏီသည် လွန်ခဲ့သည့်နှစ်က စီအက်စ်-၁၀၀ အမျိုးအစားလေယာဉ် ၇၅ စင်းကို အမေရိကန်ဒယ်လ်တာ လေကြောင်းဌာနသို့ ပုံမှန်ဈေးနှုန်းအောက်လျှော့ချထားသော ဈေးနှုန်းဖြင့် ရောင်းချခဲ့ခြင်းနှင့် ပတ်သက်၍ ဘိုးရင်းကုမ္ပဏီက ကန့်ကွက်ခဲ့သည်။

မိမိတို့ ဦးစားပေးကိုင်တွယ်ဆောင်ရွက်နေသည့် ကိစ္စရပ်မှာ ဘိုးရင်းကုမ္ပဏီအနေဖြင့် ဘွမ်ဘာဒီယာကုမ္ပဏီအား တိုင်တန်းထားမှုကို ပြန်လည်ရုပ်သိမ်းပြီး ယင်းကုမ္ပဏီနှင့် ကျေအေးမှုရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းမှု ဖြစ်ပေါ်လာစေရန်ဖြစ်ကြောင်း ဗြိတိန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ယခုကိစ္စရပ်သည် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်သာဖြစ်သော်လည်း ဘွမ်ဘာဒီယာကုမ္ပဏီ၏ လုပ်ငန်းများထိခိုက်မှု မရှိစေရေးအတွက်လည်းကောင်း၊ မြောက်ပိုင်းအိုင်ယာလန်ဘဲလ်ဖတ်မြို့ရှိ ဘွမ်ဘာဒီယာလေယာဉ်ထုတ်လုပ်ရေးစက်ရုံရှိ ကျွမ်းကျင်လုပ်သား ထောင်ပေါင်းများစွာ၏ အလုပ်အကိုင်နေရာများ ထိခိုက်မှု မရှိစေရေးအတွက်လည်းကောင်း မိမိတို့မနားမနေ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးနှစ်ခုအကြား အငြင်းပွားနေမှုကို အမေရိကန် ကုန်သွယ်ရေးဆိုင်ရာ တရားရုံးတစ်ရုံးက စက်တင်ဘာ ၂၅ ရက်တွင် ပဏာမကြားနာစစ်ဆေးမှု ပြုလုပ်ရန် စီစဉ်ထားသည်။

ဘွမ်ဘာဒီယာ ကုမ္ပဏီသည် မြောက်ပိုင်းအိုင်ယာလန်၏ ထုတ်လုပ်ရေးလုပ်ငန်းများအနက် အကြီးဆုံးဖြစ်ပြီး ဗြိတိန်နိုင်ငံ၏ ဒေသတစ်ခုဖြစ်သော မြောက်ပိုင်းအိုင်ယာလန်ရှိ ယင်း၏စက်ရုံတွင် အလုပ်သမား ၄၅၀၀ ကို ငှားရမ်းကာ လေယာဉ်ထုတ်လုပ်လျက်ရှိသည်။

**ရိုက်တာ။**



# ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်အရေးကိစ္စသည် လတ်တလောတွင် အများစိတ်ဝင်စားနေသည့် အကြောင်းအရာဖြစ်ပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် သိသင့်သိထိုက်သည့် အကြောင်းအရာလည်းဖြစ်သည့်အတွက် ရွေးချယ်သုတေသနပြု၍ စာတမ်းဖတ်ခြင်းဖြစ်ပါကြောင်း၊ ဌာနနှင့် ဝန်ထမ်းအသီးသီးတွင် တိုးတက်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် စာတမ်းဖတ်ပွဲကျင်းပရခြင်းဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲကို နားထောင်ခြင်းဖြင့် ယနေ့ဖြစ်နေသည့် ပြဿနာများကို ယခင်ကထက် ပိုမိုသိနားလည်နိုင်သည့် အခွင့်အရေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က သဘာပတိအဖြစ် ဆောင်ရွက်၍ စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာပြည်အနောက်ခြမ်း ရခိုင်အရေး အပိုင်း(၁)စာတမ်းအား သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်စိုးနှင့် အပိုင်း(၂) စာတမ်းအား လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်ထွန်းတိုးတို့က ဖတ်ကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားသို့ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အစွန်းရောက်အကြမ်းဖက်မှုအပေါ် မောင်တောမြို့နယ်မှ အစ္စလာမ်ဘာသာဝင်များ၏ သဘောထားအမြင်များ

**တွေ့ဆုံမေးမြန်း**
**သတင်းအဖွဲ့**

ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားပြီး နှစ်ရက်အတွင်း မောင်တောမြို့ပေါ်တွင် လုံခြုံရေးကို တည်ငြိမ်စွာ ထိန်းချုပ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၆ ရက်က မောင်တောဒေသသို့ ရောက်ရှိလာသည့် သတင်းမီဒီယာသမားများနှင့်တွေ့ဆုံစဉ် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က ပြောကြားသည်။

မောင်တောမြို့ပေါ်၌ နယ်မြေရှင်းလင်းမှုများ ပြုလုပ်ရာတွင် အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုမရှိဟု အာမခံချက်ပေးထားသော အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် ကျေးရွာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမှုကို အေးချမ်းစွာခံယူခဲ့ကြောင်း သိရသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကို ကြောက်ရွံ့၍ မောင်တောမြို့ပေါ်တွင် လာရောက်နေထိုင်သည့် ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအား နေရာရှစ်နေရာခွဲ၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားပြီး အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုမရှိကြောင်း အာမခံချက်ပေးနိုင်မည့် အစ္စလာမ်ဘာသာဝင်များကိုလည်း စခန်းများဖွင့်လှစ်၍ ကူညီပေးမည်ဖြစ်ကြောင်း မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက သတင်းမီဒီယာများအား ပြောကြားထားသည်။

လက်ရှိအချိန်တွင် အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ရွှေဇားကျေးရွာအုပ်စု မောင်နီရွာနှင့် မြို့မကညင်တန်းရပ်ကွက်သည် ARSA အစွန်းရောက်အကြမ်းဖက်များ ဝင်ရောက်ခြင်းမရှိ၍ ထိခိုက်ပျက်စီးမှုမရှိဘဲ နေထိုင်လျက်ရှိနေသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများသည် မောင်တောဒေသသို့ စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့စဉ်အတွင်း အစ္စလာမ်ဘာသာဝင်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့သည်။

အစ္စလာမ်ဘာသာဝင်အချို့အား သတင်းအဖွဲ့၏ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



ဦးမော်နီအာမတ်



ဦးရော်ရှီးအာမတ်



ဦးတော်ရှဒ်

**ဦးမော်နီအာမတ်(အသက် ၅၄ နှစ်)**
**ရွှေဇားကျေးရွာအုပ်စု ကပ္ပကောင်းကျေးရွာ တာဝန်ခံ**

**မေး။ အကြမ်းဖက်ဖြစ်စဉ်ထဲမှာ ဒီရွာက ပါဝင်မှုရှိပါသလား။**

ဖြေ။ မပါပါဘူး။ ၂၀၁၂ တုန်းကရော၊ ၂၀၁၆ အောက်တိုဘာတုန်းကပါ ရွှေဇားမှာ ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် ဒီအကြမ်းဖက်ဖြစ်စဉ်မတိုင်မီ အရင်လတုန်းက အစွန်းရောက်အကြမ်းဖက်သမားတွေရောက်လာပြီး ကျွန်တော်တို့ဆီမှာ လူလေးယောက်အသတ်ခံရတယ်။ အခြားကျေးရွာအုပ်စုတွေထဲမှာလည်း အစွန်းရောက်အကြမ်းဖက်သမားတွေရှိတယ်။ အခြားရွာတွေက လာလုပ်တာပါ။ အစိုးရနဲ့ပေါင်းလို့ဆိုပြီး အသတ်ခံရတာပါ။

**မေး။ ဩဂုတ် ၂၅ ရက်ဖြစ်စဉ်ကနေ ဒီနေ့အထိ ရွှေဇား ကပ္ပကောင်းရွာအုပ်စုရဲ့ အခြေအနေကို ပြောပြပါ။**

ဖြေ။ ဒီမှာ စဖြစ်တာက ၂၅ ရက်နေ့ကပါ။ မနက် ၂ နာရီလောက်ဖြစ်မယ်။ သေနတ်ပစ်သံကြားတယ်။ ဘယ်နေရာကမှန်းမသိဘူး။ သေနတ်သံတွေ အများကြီးကြားရတယ်။ အစွန်းရောက်အကြမ်းဖက်သမားတွေက ကင်းစခန်းကို ဝင်တိုက်တယ်ကြားတယ်။ ဒီမှာက နယ်ခြားစောင့်ရဲကင်းစခန်းရှိတယ်။ ကျွန်တော်တို့ရွာက အခုထိတော့ တည်ငြိမ်အေးချမ်းဆဲပဲ။ ကျွန်တော်တို့ အခုအေးအေးဆေးဆေး သွားလို့ရတယ်။ မောင်တောမြို့ပေါ်ကိုတော့ သွားလို့မရသေးဘူး။ သွားလို့ရမယ်လို့တော့ သတင်းရတယ်။ ကျွန်တော်က ရွှေဇားမှာပဲ မွေးတာပါ။ လူဦးရေက ၁၅၀၀၀ လောက်ရှိပါတယ်။ ဒီမှာ အရင်ကတည်းက ဘာမှမဖြစ်ခဲ့ပါဘူး။

**မေး။ စက်တင်ဘာ ၅ ရက် ညက ဒီဘက်မှာ မီးရှို့မှုဖြစ်တယ် ကြားတယ်။ ဘယ်လိုကြောင့်ပါလဲ။**

ဖြေ။ မနေ့က မီးလောင်တာက ဂုံညာရွာမှာပါ။ အိမ်ခြေ ၃၈ လုံး မီးလောင်ပါတယ်။ အဲဒီမှာလည်း အစွန်းရောက်အကြမ်းဖက်သမားရှိတယ်လို့ သတင်းရတယ်။ ကျွန်တော်တို့အုပ်စုနဲ့ နည်းနည်းဝေးတယ်။ ကျွန်တော်တို့ ရွှေဇားကျေးရွာအုပ်စုမှာ ရွာ ၁၂ ရွာရှိပါတယ်။ ရခိုင်တိုင်းရင်းသားတွေနေတဲ့ရွာတစ်ရွာ၊ ဟိန္ဒူဘာသာဝင်တွေနေတဲ့ရွာတစ်ရွာ၊ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ရွာက ၁၀ ရွာရှိတယ်။ ကိုးရွာက ဒေသအာဏာပိုင်တွေနဲ့ သဘောတူညီမှုလုပ်ထားတယ်။ ဒါပေမယ့် ဂုံညာရွာက အဲဒီအထဲမှာ မပါဘူး။ အစွန်းရောက်အကြမ်းဖက်မရှိဘူးဆိုရင် ဆက်သွယ်ပါလို့ ပြောထားတယ်။

**မေး။ အာဏာပိုင်အဖွဲ့နဲ့ ဘယ်လိုသဘောတူထားပါသလဲ။**

ဖြေ။ ကျွန်တော်တို့ရွာမှာ အစွန်းရောက်အကြမ်းဖက်သမားမရှိဘူး။ အဲဒါကို ကျွန်တော်တို့ ရွာတာဝန်ခံတွေက တာဝန်ယူထားတယ်။ ရွာမှာ အစွန်းရောက်အကြမ်းဖက်သမားမရှိဘူး။ ပြဿနာလည်းမရှိဘူး။ ပြဿနာမဖြစ်အောင်နဲ့ ဘာမှမဖြစ်အောင်နေဖို့ ထိန်းသိမ်းထားတယ်။ ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပြီး ၂၇ ရက်မှာ ကျွန်တော်တို့ ဒေသအာဏာပိုင်တွေနဲ့ ဆက်သွယ်တယ်။ ဒီမှာရှိတဲ့ နယ်ခြားစောင့်တပ်ကလည်း ကျွန်တော်တို့ကို အကာအကွယ်ပေးတယ်။ ဒီလိုလုပ်တာက ရွာကသူတွေအားလုံးနဲ့ သဘောတူပြီး အေးအေးချမ်းချမ်းနေချင်လို့ ဆောင်ရွက်တာပါ။ ရွာမှာ ဗလီ ၁၆ ခုရှိတယ်။ ဝတ်ပြုခွင့်လည်းရပါတယ်။ ကျွန်တော်တို့ ရွှေဇားမှာ ဈေးတစ်ခုရှိပါတယ်။ သွားလို့လာလို့ရပါတယ်။

**ဦးရော်ရှီးအာမတ် (အသက် ၅၉ နှစ်)**
**ရွှေဇားကျေးရွာအုပ်စု ဂုံနားရွာ**

**မေး။ လက်ရှိ ရွာရဲ့အခြေအနေ ဘယ်လိုရှိပါသလဲ။**

ဖြေ။ အေးအေးဆေးဆေးပါ။ မနေ့ကတော့ ဂုံညာဆိုတဲ့ရွာမှာ ဆူဆူပူပူဖြစ်ပြီး မီးရှို့တယ်လို့ကြားတယ်။ ဂုံညာက ရွှေဇားအပိုင်ပါ။ ဘယ်သူရှို့တာလဲ မသိရပါဘူး။

**မေး။ အခုရွာမှာနေထိုင်ရတာ စိုးရိမ်မှုမရှိဘူးလား။**

ဖြေ။ ညဘက် ၆ နာရီထိုးရင် အိမ်ထဲမှာနေတယ်။ ရွာလူကြီးတွေက စိုးရိမ်စရာမရှိဘူးလို့ ပြောထားတယ်။ ကိုယ့်အိမ်မှာပဲ အေးအေးဆေးဆေးနေဖို့ ပြောပါတယ်။ ကျွန်တော့်မိသားစုလည်း အိမ်မှာပဲရှိပါတယ်။ မိသားစု ၁၂ ယောက်ရှိပါတယ်။

**မေး။ ဒီရွာမှာ အခြားကို ထွက်ပြေးတဲ့သူများ ရှိပါသလား။**

ဖြေ။ ကျွန်တော်တို့အပိုင်းမှာတော့ ထွက်ပြေးတဲ့သူမရှိဘူး။ အချို့ရွာတွေမှာတော့ ထွက်ပြေးတဲ့သူရှိပါတယ်။ ကြောက်လို့ပြေးတာရှိသလို ကျန်တာက ဘာကြောင့်ပြေးသလဲမသိပါဘူး။ ဆူတဲ့သူ၊ အကြမ်းဖက်ချင်တဲ့သူတွေ အဲဒီရွာတွေမှာ ရှိချင်ရှိမယ်။ ကျွန်တော်တို့ဘက်မှာတော့မရှိပါဘူး။

**မေး။ အစွန်းရောက်အကြမ်းဖက်သမားတွေ လာရောက်စည်းရုံးတာ ရှိပါသလား။**

ဖြေ။ ကျွန်တော်တို့ရွာမှာ ဒီနေ့အထိတော့ လာတာလည်းမရှိပါဘူး။ အကြမ်းဖက်မှုတွေ လုပ်တာလည်းမရှိပါဘူး။ အခြားရွာကသူတွေလည်း ကျွန်တော်တို့ရွာမှာ လာမနေပါဘူး။

**မေး။ ဒီရွာမှာနေတာ ကြာပြီလား။ ပြောပြပေးပါဦး။**

ဖြေ။ ရွာမှာနေတာ ကျွန်တော့်မိဘလက်ထက်ကတည်းကပါ။ မွေးကတည်းကနေတာ အခု ကျွန်တော်အသက် ၅၉ နှစ်ရှိပါပြီ။ ရွှေဇားအုပ်စုမှာ လူဦးရေ ၁၅၀၀၀ လောက်ရှိပါတယ်။ အချို့က လယ်လုပ်တယ်။ အချို့က ဈေးရောင်းတယ်။ အမျိုးမျိုးပါပဲ။ မောင်တောမြို့နယ်မှာ အေးအေးချမ်းချမ်းနေထိုင်နေတဲ့ မူဆလင်ရွာတွေ အများကြီးရှိပါတယ်။ အခုဖြစ်တာက အခြားမှာဖြစ်ကြတာပါ။ ဒီဘက်နဲ့ဝေးပါတယ်။ သွားလာလို့ရရင်၊ ဈေးရောင်းလို့ရရင်၊ အလုပ်တွေပြန်လုပ်လို့ရရင် အေးအေးချမ်းချမ်းဖြစ်သွားမယ်လို့ထင်ပါတယ်။ အရင်က ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေနဲ့ အတူတူနေခဲ့ကြတာပါ။

**ဦးတော်ရှဒ် (အသက် ၅၉ နှစ်)**
**မောင်တောမြို့မ ကညင်တန်းရပ်ကွက်**

**မေး။ ကညင်တန်းဈေးကို ဘယ်တုန်းက ပိတ်လိုက်တာလဲ။ ဘာကြောင့် ပိတ်ခဲ့တာလဲ။**

ဖြေ။ ဈေးကို အကြမ်းဖက်ဖြစ်စဉ်ဖြစ်တဲ့နေ့က ပိတ်လိုက်တာပါ။ အကြမ်းဖက်မှုဖြစ်ပြီး တစ်ပတ်လောက်မှာတော့ ယာယီဖွင့်ပြီး နည်းနည်းပါးပါး ရောင်းတယ်။ ရောင်းစရာကုန်ရင် ပိတ်ပါတယ်။ အပြင်မှာလည်း ချရောင်းပါတယ်။ အခုမြင်တဲ့အတိုင်းပါပဲ။

**မေး။ အကြမ်းဖက်ဖြစ်တဲ့အကြောင်းလေး သိသလောက် ပြောပါဦး။**

ဖြေ။ ညဘက်ဖြစ်တယ်ဆိုတော့ ဘယ်မှာဖြစ်မှန်းတောင်မသိဘူး။ ဒီလိုဖြစ်လာဖို့ကိုလည်း ကျွန်တော်တို့ စိတ်မကူးပါဘူး။ မမျှော်လင့်ထားဘဲ ဘယ်လိုဖြစ်လာမှန်းမသိဘူး။ ဒီဘက်မှာ မီးရှို့တာမရှိပါဘူး။ ခရိုင်ရုံးနောက်က ကညင်တန်းမြို့မမှာတော့ မီးရှို့တာရှိပါတယ်။ အစွန်းရောက်အကြမ်းဖက်သမားတွေက မီးရှို့ပြီး ဖျက်ဆီးတယ်လို့ကြားရတယ်။ ကျွန်တော်တို့ ဒီဘက်အခြမ်းမှာ ဘာမှမဖြစ်ပါဘူး။ အရင်က လူဦးရေတစ်သောင်းခွဲလောက်ရှိပါတယ်။ အခုတော့ တစ်သောင်းကျော်လောက်တော့ကျန်ဦးမယ်။ အချို့က ဘင်္ဂလားဒေ့ရှ်ကို ထွက်သွားကြတယ်။ အချို့ကလည်း အနီးအနားရွာကို သွားပါတယ်။ စိုးရိမ်စိတ်တွေရှိနေကြတယ်။

**မေး။ ဘာကြောင့် စိုးရိမ်စိတ်ရှိသလဲ။**

ဖြေ။ တစ်ဖက်က အကြမ်းဖက်မှုတွေရှိတော့ လုံခြုံရေးတပ်ဖွဲ့တွေက နယ်မြေရှင်းလင်းရေးလုပ်တယ်။ အဲဒီလိုရှင်းလင်းတဲ့အထဲပါသွားမလား၊ ဖမ်းဆီးမလားဆိုတဲ့စိတ်တွေရှိတယ်။ မပါတဲ့သူတွေကလည်း စိုးရိမ်ကြတယ်။ ဒီမှာ ဘာမှမဖြစ်တော့ ဒီကသူတွေပါမယ်လို့တော့ ကျွန်တော်မယူဆပါဘူး။ လူတွေက စိုးရိမ်စိတ်တော်တော်ဖြစ်တယ်။ တိုက်ပွဲဖြစ်မယ်လို့လည်း ကြားနေရလို့ပါ။

**မေး။ မောင်တောမြို့ထဲမှာ ဈေးတွေပြန်ဖွင့်ဖို့ ခွင့်ပြုပြီလား။**

ဖြေ။ ခွင့်ပြုပြီလို့ ကြားပါတယ်။ မနေ့က မြို့အဝင်လမ်းဆုံ နာရီစင်နားမှာ ဆိုင်နှစ်ဆိုင်၊ သုံးဆိုင်ပြန်ဖွင့်တယ်လို့ ကျွန်တော့်သူငယ်ချင်းက ပြောတယ်။ သူက ဆေးဆိုင်ဖွင့်တာပါ။ တစ်နာရီ၊ နှစ်နာရီလောက်ဖွင့်ပြီး ပြန်ပိတ်လိုက်တယ်ကြားပါတယ်။ လူတွေက စိုးရိမ်စိတ်နဲ့ဆိုတော့ သိပ်ပြီး မစည်ဘူး။ ဈေးတွေပြန်ဖွင့်မယ်။ ဘယ်ကိုမှ ထွက်မသွားကြနဲ့လို့ ရွာသားအချင်းချင်း ပြောတာကြားပါတယ်။

**မေး။ အကြမ်းဖက်မှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

ဖြေ။ ကျွန်တော်တို့ စိတ်မကောင်းဘူး။ အကြမ်းဖက်ပြီး အခွင့်အရေးဆိုတာ မရနိုင်ပါဘူး။ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းတဲ့နည်းနဲ့ပဲ ကောင်းပါတယ်။ ဒါပေမယ့် သူတို့က အကြမ်းဖက်မှရမယ်ဆိုတဲ့ ထင်ကြေးနဲ့ လုပ်တာလားမသိပါဘူး။ အခွင့်အရေးအတွက်ဆိုပြီး လူတွေကို သူတို့ပြောကြမယ်။ ဒီလိုလုပ်ရင် အခွင့်အရေးက ပိုပြီးဝေးသွားမယ်။ ဒါဟာမလုပ်သင့်တဲ့ကိစ္စပါ။ အခုလို တစ်ခုခုပြဿနာဖြစ်ပြီဆိုရင် ပြည်သူတွေအများကြီး နစ်နာပါတယ်။ ဘာလို့ ဒီလိုလုပ်တာလဲ။ တစ်ဖက်က အကြမ်းဖက်ရင် တစ်ဖက်က ရှင်းလင်းမယ်။ အဲဒီမှာ ပြည်သူတွေပါ ထိခိုက်ပါတယ်။

# Myanmar Global Investment Forum -2017

## ဒုတိယနေ့ ဆက်လက်ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်းကျင်းပသည့် Myanmar Global Investment Forum -2017 ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

ဖိုရမ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် Banking and Capital Markets, Euromoney Institutional Investor, Asia Bureau Chief, Matthew Thomas တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယနေ့ ကျင်းပသည့် ဖိုရမ်၌ မြန်မာနိုင်ငံသည် ထုတ်လုပ်မှုကိုအခြေပြုသည့် ဗဟိုချက်နိုင်ငံဖြစ်လာမည်လား၊ လယ်ယာကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခြင်းနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ထုတ်လုပ်မှုကိုအခြေပြုသည့် ဗဟိုချက်နိုင်ငံဖြစ်လာမည်လား ခေါင်းစဉ်နှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က “ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ထုတ်လုပ်မှုအခန်းကဏ္ဍမှာ အများကြီးအလားအလာရှိပါတယ်။ လောလောဆယ် ထုတ်လုပ်မှုကဏ္ဍမှာ လျော့နည်းနေတဲ့အတွက် ပြန်ပြီး တိုးတက်လာအောင် လုပ်ဖို့လိုပါတယ်။ ထုတ်လုပ်မှုကဏ္ဍ တိုးတက်ချင်ရင် သွင်းအားစုတွေလိုမယ်။ ရေ၊ မီး၊ လျှပ်စစ် ပုံမှန်ရရှိရမယ်။ လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းတွေ မြန်မြန်သွင်းနိုင်အောင် ဆောင်ရွက်ပေးရမယ်။ စက်ရုံအလုပ်ရုံ ထူထောင်ချင်တဲ့သူတွေကို One stop service လုပ်ရမယ်။ ဇုန်တွေအလိုက် ဖွံ့ဖြိုးလာမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ၊ ထုတ်လုပ်မှုကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ သွင်းကုန်တွေကို တဖြည်းဖြည်းနဲ့ ကာကွယ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင် (SME) တွေအတွက် အဖွဲ့ဝင်ကတ်တွေ ထုတ်ပေးနေပါတယ်။ အစိုးရအနေနဲ့ မကြာခင်မှာ SME working Committee ဖွဲ့ပါမယ်။ SME Agency ဆိုတာလည်း လာပါမယ်။ အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်မယ်ဆိုရင် အောင်မြင်မှာပါ။ ကျွန်တော်တို့ အစိုးရအနေနဲ့ကတော့ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်အရ အစွမ်းကုန်ကူညီသွားမှာဖြစ်ပါတယ်”ဟု ပြောသည်။

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်နှင့်စပ်လျဉ်း၍ Orchestra Travel and Sandoway Resort, Co-founder ဒေါ်ဥမ္မာခင်က “ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို မြန်မာပြည်မှာ ပိုပြီး ရင်းနှီးမြှုပ်နှံဖို့ အဓိက ဦးစားပေးဆွေးနွေးခဲ့ပါတယ်။ အဲဒီအပြင် Sustainable Tourism နဲ့ Eco-Tourism တွေကလည်း အရေးကြီးတယ်ဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်က ခရီးသွားလုပ်ငန်းကို တခြားနိုင်ငံတွေနဲ့ ယှဉ်နေတဲ့အချိန်မှာ သူတို့ရဲ့ တိုးတက်တဲ့ အခြေအနေတွေကို အလေးထားပြီး ကိုယ့်နိုင်ငံမှာ အဲဒီထက်မက ပိုမိုကောင်းမွန်တဲ့ Sustainable Tourism နဲ့ Eco-Tourism ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတာ အရေးကြီးပါတယ်။

ဟိုတယ်နဲ့ ခရီးသွားလာမှုလုပ်ငန်းမှာ မနှစ်က မှန်းထားတဲ့ဝင်ငွေ နှစ်သန်းထက် ကျော်သွားတယ်လို့ သိရပါတယ်။ ဒီနှစ်မှာ ၃ ဒသမ ၅ သန်း ရှိလိမ့်မယ်လို့ မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်း တိုးတက်လာဖို့ အဓိက အရေးကြီးဆုံးအချက်က အခြေခံအဆောက်အအုံ ဖွံ့ဖြိုးဖို့လိုပါတယ်။ Tourism Law မှာအရင် Tourism Law ထက်စာရင် တိုးတက်လာတာတွေ အများကြီးရှိပါတယ်။ အခြေခံအဆောက်အအုံအပိုင်းကို အစိုးရအနေနဲ့ လုပ်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ Public Private Partnership ကို ကျွန်မတို့ အဓိကထားလုပ်ဆောင်ရမှာဖြစ်ပါတယ်”ဟု ပြောသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ပြုလုပ်ခြင်းခေါင်းစဉ်နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်ထွန်းက “ဒီနေ့ ဆွေးနွေးပွဲမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရက ဆောင်ရွက်နေတာရှိသလို ပုဂ္ဂလိကကဏ္ဍကလည်း ဆောင်ရွက်ပေးနိုင်ဖို့ အဓိက ပါဝင်ဆွေးနွေးတာဖြစ်ပါတယ်။ နေရာတိုင်းမှာ အစိုးရကပဲ ပါဝင်ဆောင်ရွက်နေမယ့်အစား တချို့ဧရိယာအပိုင်းတွေမှာ ပုဂ္ဂလိက ဝင်ရောက်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ထွက်သမျှကုန်ကို ကုန်ကြမ်းအဖြစ်ပဲ ရောင်းချနေရပြီး ကုန်ချောထုတ်လုပ်မှုနဲ့ တန်ဖိုးမြင့်ထုတ်ကုန်တွေ အားနည်းနေပါတယ်။ ဒါကြောင့် တန်ဖိုးမြှင့်တင်ဖို့ နည်းပညာအကူအညီတွေ၊ ထောက်ကူပစ္စည်းတွေလိုအပ်လာပါတယ်။

တောင်သူလယ်သမားတွေ ထုတ်လုပ်တဲ့ ကုန်ကြမ်းတွေကနေ တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်တဲ့အရာတွေကို ပုဂ္ဂလိကအခန်းကဏ္ဍအနေနဲ့ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ပိုပြီးအဆင်ပြေမယ်လို့ ကျွန်တော် ယူဆပါတယ်။ ကိုယ့်ဒေသမှာ ကိုယ်ကြိုက်ရာကိုယ်စိုက်မယ့်အစား ဘယ်မှာဈေးကွက်ရှိလဲ။ အဲဒီဈေးကွက်ကို ဘယ်သူက အာမခံမှာလဲ။ အဲဒီမှာ ဘယ်လိုထုတ်ကုန်တွေ ထုတ်လုပ်ရမှာလဲဆိုတဲ့ အနေအထားကို ပြောင်းလဲသွားချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ အရင်တုန်းက စဉ်းစားနေတာက ထုတ်တာကိုပဲစိတ်ဝင်စားခဲ့တယ်။ ဘယ်လောက်ထွက်မလဲ။ ဘယ်သီးနှံတွေက ဘယ်ဈေးကွက်မှာ ဘာရှိနေသလဲဆိုတာကို မစဉ်းစားခဲ့ဘဲ ကိုယ့်ဒေသမှာ မိရိုးဖလာအတိုင်း ဘိုးစဉ်ဘောင်ဆက် စပါးဆိုရင် စပါးပဲ စိုက်ခဲ့ကြတယ်။ ဈေးကွက်ကို ချိတ်ဆက်ထားတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ လုပ်ငန်းလုပ်မယ့်လူတွေက တောင်သူတွေကို အသိပညာကောင်းကောင်းပေးရမယ်။ ကျွန်တော်တို့ လိုချင်တာက ဘယ်သီးနှံ ဘယ်အရည်အသွေးရအောင် ထုတ်ပေးပါ။ အဲဒီအတွက် ဘယ်လိုအရည်အသွေးရှိရမယ်၊ ဘယ်ဈေးနဲ့ ကျွန်တော်တို့ ပြန်ယူပါမယ်ဆိုတဲ့ ခိုင်မာတဲ့အနေအထားကို သွားဖို့ လိုပါတယ်။ တစ်ယောက်တစ်ပေါက်လုပ်နေမယ့်အစား အဖွဲ့အစည်းနဲ့ စုပေါင်းပြီး လုပ်တတ်ဖို့လည်းလိုပါတယ်။ နည်းပညာအသစ်တစ်ခု လိုအပ်လာမှာ ဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာနိုင်အောင် အခင်းအကျင်းတွေ ပြင်ဆင်ထားမှုတွေ လိုအပ်မှာဖြစ်ပါတယ်”ဟု ပြောသည်။

**သတင်း- မင်းမင်းဇော်၊ မီမီဖြိုး**
**ဓာတ်ပုံ- အေးသန်း**

## စစ်တွေမြို့၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**စစ်တွေ စက်တင်ဘာ ၁၃**

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံများကို စိန်ခေါ်နေသော ပြဿနာတစ်ခုဖြစ်ပြီး လူသားချင်းစာနာမှုကင်းမဲ့စွာဖြင့် လူကိုကုန်ပစ္စည်းသဖွယ် ရောင်းဝယ်ဖောက်ကားနေသည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ လူကုန်ကူးမှု ၁၆ မှုဖြစ်ပွားခဲ့ကြောင်း၊ လူကုန်ကူးသူတရားခံ ၄၇ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ၂၉ ဦးကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းဆောင်ရွက်ပေးကာ လူမှုရေးထောက်ပံ့ငွေကျပ် ၁၀၄ သိန်းကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ အစီအစဉ်ဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ကြောင်း၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုများက ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ရခိုင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ဆွေက ဖတ်ကြားပြီး စစ်တွေခရိုင်ဥပဒေအရာရှိ ဦးကျော်မောင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြစ်မှု/ပြစ်ဒဏ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့်ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး ဗီဒီယိုမှတ်တမ်းအားပြသခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

○ ကျောဖုံးမှ

ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းစိတ်ဓာတ်ပိုတက်သွားခဲ့ပြီး အနိုင်ဂိုးရရန် ဆက်တိုက်ဖိအားပေးလာသည်။ ၈၆ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှ ပြန်လျှံကျလာသောဘောလုံးကို လွင်မိုးအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)ပွဲစဉ်များအပြီးတွင် အင်ဒိုနီးရှား၊ မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ကိုးမှတ်စီရရှိခဲ့ပြီး ဂိုးကွာခြားချက်အသာဖြင့် အင်ဒိုနီးရှားအသင်းက ပထမနေရာရရှိခဲ့သည်။ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ရမှတ်၊ ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးအားလုံးတူညီခဲ့သော်လည်း ထိပ်တိုက်တွေ့ဆုံမှုတွင် မြန်မာအသင်းက အနိုင်ရခဲ့သောကြောင့် အုပ်စုဒုတိယရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှားနှင့် ထိုင်း၊ မြန်မာနှင့် မလေးရှားတို့ တွေ့ဆုံနေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



**(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၁၉)တပ်ခွဲမှူးရုံး၊ (လက်ပံတန်း)မှ ဒုတိယရဲမှူးဖိုးဆယ် ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ စက်တင်ဘာ ၁၃ ရက်က လက်ပံတန်းမြို့ ဘီးလင်းတန်းရပ်ကွက် လောကမာရ်အောင်ရွှေဘုန်းရောင်စေတီတော်၏ ရင်ပြင်တော်ပေါ်ရှိ အမှိုက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (ကြေးမုံ)

## ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း ခြောက်လုံးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ဩဂုတ် ၂၅ ရက် နံနက်စောစောမှစ၍ မောင်တောဒေသအတွင်းရှိ နယ်ခြားစောင့်ရဲစခန်း ၃၀ ကျော်အား တစ်ပြိုင်နက်တည်း အင်အားသုံး၍ အလစ်အငိုက် တိုက်ခိုက်ခဲ့သည်။

ထိုသို့ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရခိုင်တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များအပြင် ဟိန္ဒူဘာသာဝင်များ၊ ဒိုင်းနက်လူမျိုးများ၊ မြိုလူမျိုးများ အပါအဝင် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားပြည်သူများသည် နေရာဒေသအများအပြားသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။



ရသေ့တောင်မြို့နယ် နယ်မြေ(၁၁) စေတီပြင်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ပေါက်ပင်ရင်း တိုင်းရင်းသားကျေးရွာသို့ ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများပို့ဆောင်ပြီး ပြန်လည်ထွက်ခွာလာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ညနေ ၃ နာရီ ၁၀ မိနစ်တွင် အောက်နန်းရာကျေးရွာအနီးရောက်ရှိစဉ် ရွာအနီးကားလမ်းဘေး၌ မသင်္ကာဖွယ် ပလတ်စတစ်စအား တွေ့ရှိသဖြင့် တူးဖော်ခဲ့ရာ ကားပစ္စတင်ဖြင့် ပြုလုပ်ထားသည့် အရှည် ၁၂ လက်မ၊ အချင်းလေးလက်မခန့်ရှိ ဒေသန္တရလက်လုပ်မိုင်း နှစ်လုံး၊ သံပိုက်ဖြင့်ပြုလုပ်ထားသည့် အရှည် ကိုးလက်မ၊ အချင်း နှစ်လက်မခန့်ရှိ ဒေသန္တရ လက်လုပ်မိုင်းလေးလုံး စုစုပေါင်း ဒေသန္တရလက်လုပ်မိုင်း ခြောက်လုံး တွေ့ရှိသဖြင့် သက်မဲ့ပြုလုပ်ပြီး သိမ်းဆည်းခဲ့ရကြောင်း သိရသည်။

တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီခွဲတွင် မောင်တောမြို့နယ် ငါးရန့်ချောင်း ဘင်္ဂါလီကျေးရွာအတွင်း ကျန်ရှိသည့် ဘင်္ဂါလီ အိမ်ထောင်စု ၁၁ စု၊ မိသားစု ၁၀၀ ခန့်တို့အား ဆန်သုံးအိတ်၊ ငရုတ်သီးခြောက် တစ်အိတ်၊ ဆီတစ်ပုံး၊ ငါးခြောက်အိတ် တစ်အိတ်၊ ကြက်ဥချောင်း တစ်ဖာတို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးချို့တဲ့နေသည့် ဘင်္ဂါလီလူမျိုး ၁၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူသည် ရောင်းကုန်တစ်ခုမဟုတ်သလို ခေတ်သစ်ကျွန်စနစ် (သို့မဟုတ်) လူကုန်ကူးမှုအန္တရာယ်ကင်းဝေးရေးသည် ပြည်တွင်းငြိမ်းချမ်းသာယာရေးအပေါ် မူတည်နေ

**ဆုနှင်းလဲ့**

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၉၇ ခုနှစ်မှ စတင်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လာသည်မှာ အနှစ် ၂၀ ကျော်တိုင် ချင်းနင်းရောက်ရှိခဲ့ပြီဖြစ်ပြီး ယနေ့ထက်တိုင်ပင် လူကုန်ကူးခံရမှုများကို ကြုံတွေ့နေရဆဲပင်ဖြစ်သည်။

ကျေးကျွန်ခေတ်ကကဲ့သို့ လူကို ရောင်းကုန်တစ်ခုလို သတ်မှတ်ကာ လူလူချင်းခေါင်းပုံဖြတ် အမြတ်ထုတ်လုပ်ဆောင်နေကြသော ယနေ့ လူကုန်ကူးမှုများကို ခေတ်သစ်ကျွန်စနစ်ဟု လူကုန်ကူးမှုရေးရာ လေ့လာကျွမ်းကျင်သူ သုတေသီစာရေးဆရာ ဝင်းနိုင်ထွန်းက တင်စားခဲ့ပြီး နိုင်ငံအတွင်း မတည်ငြိမ် မငြိမ်းချမ်းမှု၊ စီးပွားရေးအဆင်မပြေမှု၊ ပညာရေးအသိအမြင် ဗဟုသုတ နိမ့်ပါးမှုများကြောင့် လူကုန်ကူးခံရမှုများကို ကြုံတွေ့နေရဆဲပင်ဖြစ်ပြီး အထူးသဖြင့် ငယ်ရွယ်သူအမျိုးသမီးများ၊ အလုပ်လုပ်နိုင်စွမ်းအားရှိသော အမျိုးသားများ အများဆုံး လူကုန်ကူးခံရလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးခံရမှုများကို လေ့လာကြည့်ပါက ကျား/မလူဦးရေ မမျှမတ ဖြစ်နေသည့် အိမ်နီးချင်း နိုင်ငံကြီးတစ်ခု၏ အမျိုးသမီးလိုအပ်ချက်၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဒေသတွင်းနိုင်ငံများရှိ အလုပ်အကိုင်အခွင့်အလမ်းများကြောင့် လူကုန်ကူးခံရမှုများ ဖြစ်ပေါ်လျက်ရှိသည်။ တရုတ်နိုင်ငံနှင့် ဆက်စပ်နေသည့်နယ်စပ်မှ တစ်ဆင့် မြန်မာအမျိုးသမီးများအား အဓမ္မထိမ်းမြား လက်ထပ်မှု၊ ထိုင်းနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားနေသည့် လုပ်အားခေါင်းပုံဖြတ်မှုနှင့် အဓမ္မ ပြည့်တန်ဆာ ဖျော်ဖြေမှု၊ မလေးရှားနိုင်ငံနှင့် ဆက်စပ်၍ အဓမ္မ ပြည့်တန်ဆာဖျော်ဖြေမှု၊ အဓမ္မ သူတောင်းစားပြုမှု၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်စပ်၍ ပင်လယ်ပြင် ရေလုပ်ငန်းများတွင် လုပ်အားခေါင်းပုံဖြတ်မှု၊ ပြည်တွင်းတွင် လုပ်အားခေါင်းပုံဖြတ်မှုနှင့် အဓမ္မပြည့်တန်ဆာပြုမှု စသည့် လူကုန်ကူးမှုပုံစံများကို ရင်ဆိုင်နေရလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးများကို အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်လာခဲ့သော်လည်း အခြားဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဝင်ငွေနည်းပါးမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှု၊ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားမှု စသည့် အကြောင်းရင်းများကြောင့်လည်း ဘဝရပ်တည်မှု အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကာ အဆိုပါအကျိုးဆက်၏နောက်တွင် လူကုန်ကူးသူများ၏ သားကောင်ဘဝသို့ ကျရောက်သွားကာ လူကုန်ကူးခံရခြင်းများကို ကြုံတွေ့နေရလျက်ရှိသည်။

ယင်းကြောင့်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ခေတ်နှင့်တစ်ပြေးညီ ကြိုးစားဆောင်ရွက်နေသကဲ့သို့ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက်ပါကဲ့သို့ လူကုန်ကူးမှုဖြစ်စေသည့် အဓိကအကြောင်းရင်းအချက်များကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်မည်ဟု လူကုန်ကူးမှုရေးရာ ကျွမ်းကျင်သူ သုတေသီများက အကြံပြုရေးသားကြသည်။ အထူးသဖြင့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးသည်လည်း အဓိက ကျမည်ဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ အေးချမ်းရေး၊ စီးပွားရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြီးမားသော အဟန့်အတားပင်ဖြစ်သည်။

ဖြစ်ပေါ်လျက်ရှိသော လူကုန်ကူးမှုများကို တိုက်ဖျက်ရာတွင်သို့မဟုတ် ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ရာတွင် အထက်ပါအချက်များကို ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပေမည်။ ယင်းသို့ဆောင်ရွက်နိုင်ခြင်း မရှိပါက လူကုန်ကူးမှုများကို ဆက်လက်ကြုံတွေ့နေရဦးမည်ဖြစ်ပြီး ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှုများတွင် လုံခြုံစိတ်ချရသော သွားလာမှုများ မဖြစ်ပါက ပြည်ပသို့သာမက ပြည်တွင်းမှာပင် တစ်နေရာနှင့် တစ်နေရာသို့ လူလူချင်းခေါင်းပုံဖြတ်နေသည့် လူကုန်ကူးမှုများကို ကြုံတွေ့နေရမည်ပင် ဖြစ်သည်။

ထို့အတွက်ကြောင့်လည်း နိုင်ငံတော်အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အစဉ်အဆက် ဆောင်ရွက်ခဲ့သည့်အပြင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းများရေးဆွဲကာ ကဏ္ဍပေါင်းစုံပါဝင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခု ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်မည့် တတိယ ငါးနှစ်စီမံကိန်းကိုလည်း အတည်ပြုခဲ့ပြီးဖြစ်ပြီး မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (၄)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကလေးစစ်သား စုဆောင်းအသုံးပြုမှုနှင့် ပတ်သက်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး ကော်မတီကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ ရက်ကပင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယင်းကော်မတီကို ၂၀၁၆ ခုနှစ် မေ ၁၁ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ကာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများ ကြိုးစားအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကြောင့်လည်း အမေရိကန်နိုင်ငံမှ ထုတ်ပြန်သည့် ၂၀၁၇ ခုနှစ် လူကုန်ကူးမှု တိုက်ဖျက်ရေးအစီရင်ခံစာတွင် မြန်မာနိုင်ငံကို TIER2 Watch List သို့ မြှင့်တင်ခြင်းခံခဲ့ရသည်။

လူကုန်ကူးမှု တိုက်ဖျက်ရေးသည် လုပ်ငန်းစဉ်အားဖြင့် အစိုးရက အဓိက ဆောင်ရွက်ရမည်ဖြစ်သော်လည်း နိုင်ငံသူနိုင်ငံသား အားလုံးက အသိသတိရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာဗဟုသုတများ ဖြန့်ဝေခြင်း၊ တစ်နယ်မှ တစ်နယ်သို့ သွားလာရာတွင်လည်းကောင်း၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ သွားလာရာတွင်လည်းကောင်း ဆက်သွယ်ရမည့်သူများ၊ ဖုန်းနံပါတ်များ၊ လိပ်စာများ၊ မိမိတို့ နေထိုင်လုပ်ကိုင်ရမည့် နေရာများ၊ မိမိတို့ လုပ်ကိုင်ရမည့် အလုပ်အကိုင်များ၊ လုပ်ခလစာနှင့် ခံစားခွင့်များ၊ အလုပ်သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် မိမိဘာသာရပ်ဖြင့်လည်း ထည့်သွင်းချုပ်ဆိုမှုများ စသည်ဖြင့် အစစအရာရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်ဟု ကျွမ်းကျင်သူများက အကြံပြုတိုက်တွန်းလျက်ရှိသည်။

လူကုန်ကူးမှုများကို တားဆီးခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်သည့်အပြင် လူကုန်ကူးခံရသူများကိုလည်း လူသားချင်းစာနာစိတ်ဖြင့် ပြန်လည်ထူထောင်ပေးခြင်း၊ ထောက်ပံ့ပေးခြင်း၊ ဘဝရပ်တည်မှု အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖြန့်ဝေပေးခြင်းတို့ကို ထိရောက်စွာ လုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းသို့ ပြန်လည်ထူထောင်နိုင်ခြင်းမရှိပါက တစ်ကြိမ် လူကုန်ကူးခံရသူများသည် ၎င်းတို့ကိုယ်တိုင် လူကုန်ကူးခံရရာမှတစ်ဆင့် လူကုန်ကူးသူများအဆင့်သို့ရောက်ရှိသွားကာ အတွေ့အကြုံနှင့် လမ်းကြောင်းအဆက်အသွယ်များ ရရှိလာခြင်းကြောင့် လူကုန်ကူးမှုကျူးလွန်သူများအဖြစ်သို့ ရောက်ရှိသွားသူများလည်း များစွာရှိခဲ့ကြောင်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်ခဲ့သူများက ဆိုသည်။ ယင်းကြောင့် လူသည် ရောင်းကုန် တစ်ခုမဟုတ်သလို ယနေ့ကြုံတွေ့နေရသည့် လူကိုရောင်းကုန်တစ်ခုလို သတ်မှတ်နေသော ခေတ်သစ်ကျွန်စနစ် (သို့မဟုတ်) လူကုန်ကူးမှုအန္တရာယ် ကင်းဝေးရေးသည် ပြည်တွင်းငြိမ်းချမ်းသာယာရေးအပေါ် မူတည်နေလျက်ရှိသည်။

"မြန်မာနိုင်ငံဟာ လူကုန်ကူးမှုရဲ့ မူရင်းအစပြုနေရာဖြစ်ခြင်း၊ နစ်နာမှုများပြားခြင်းကြောင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်တဲ့ စုပေါင်းအားနဲ့မှသာ လူကုန်ကူးမှုတွေကို တိုက်ဖျက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ရဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေးဆောင်ပုဒ်အတိုင်း 'လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်း ဆန့်ကျင်ကြ'ပါ"ဟု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက စက်တင်ဘာ ၁၃ ရက်က နေပြည်တော်တွင် ကျင်းပသော ပဉ္စမအကြိမ်မြောက် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနား မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ။

## The 9th Asia Girl Child Peace Camp 2017 တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နီပေါနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၃**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် စက်တင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် The 9th Asia Girl Child Peace Camp 2017 သို့တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် မနန့်ဝတီဝန်းလျှန်နှင့် မမေမြန်မာမျိုးသန့်တို့ သည် အုပ်ထိန်းသူအဖြစ် အသင်းဝင် ဒေါ်လှိုင်သွယ်သွယ်ထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဥက္ကဋ္ဌ ဒေါ်လှဝတီနှင့် အသင်းဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**(ကြေးမုံ)**



## ကျန်းမာရေးအသိပညာပေးခြင်းနှင့် အခမဲ့ဆေးကုသပေးခြင်းဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးမြို့နယ် ပြည်တော်သာကျေးရွာဆွမ်းလောင်းအသင်းဓမ္မာရုံ၌ ကျေးလက်ကျန်းမာရေးဝန်ထမ်းများနှင့် မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်းအဖွဲ့တို့ပူးပေါင်းပြီး စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကျေးရွာနေပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါကုသပေးခြင်းများဆောင်ရွက်ပေးသည်။

အဆိုပါ အခမ်းအနားတွင် ပြည်တော်သာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ကျေးလက်နေပြည်သူ ၁၅၀ တို့အား ဘုရားကြီးမြို့ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးနှင့်သက်ဆိုင်သော အသိပညာပေးဟောပြောမှုများပြုလုပ်ပြီး ဆီးချို၊ သွေးတိုး၊လေရောဂါများ အခမဲ့စမ်းသပ်ပေးကာ ဆေးဝါးများကုသပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်(BGO)**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ မောင်တောတောင်ပိုင်းကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးပြီး ဆန်အိတ်များထောက်ပံ့



**မောင်တော စက်တင်ဘာ ၁၃**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောတောင်ပိုင်း ကျေးရွာများသို့ သွားရောက်ပြီး နေရပ်စွန့်ခွာခြင်းမပြုဘဲ မိမိတို့ဒေသတွင် နေထိုင်လျက်ရှိကြသည့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ဆန်များ ပေးအပ်သည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် မောင်တောတောင်ပိုင်း မောရဝတီကျေးရွာမှ နေရပ်စွန့်ခွာခြင်းမပြုဘဲ ကျန်ရှိနေသည့် ဒေသခံတိုင်းရင်းသားများထံ ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ကျောက်ပန္နူကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအား ဆန်အိတ်များထောက်ပံ့ပေးပြီး အခြားစားနပ်ရိက္ခာများ ဝယ်ယူရန်အတွက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက ငွေကျပ်တစ်သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်သည်။

ထို့နောက် အင်းဒင်ကျေးရွာရှိ ဒေသခံများကို အားပေးစကားပြောကြားပြီး ဆန်အိတ်များ ထောက်ပံ့ပေးအပ်ကာ မွန်းလွဲပိုင်းတွင် အငူမော်ဆိပ်ကမ်းမှ စစ်တွေမြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်တာ ခရီးစဉ်အတွင်း မောင်တောမြောက်ပိုင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သည့် အောင်ဇေယျ၊ အောင်သာယာ၊ အောင်မင်္ဂလာ၊ ဖားဝပ်ချောင်း၊ လောင်းဒုံ ကျေးရွာများနှင့် မောင်တောတောင်ပိုင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သည့် မောရဝတီ၊ ကျောက်ပန္နူနှင့် အင်းဒင်ကျေးရွာများသို့ ငွေကျပ်သိန်း ၄၀၀ ကျော် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မင်းထက်အောင်၊ တင်မောင်လွင်၊**
**ဓာတ်ပုံ-မောင်မွှေး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ
# တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်က ရပ်တည်မည်ဖြစ်ပြီး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံရာတွင် သံအမတ်ကြီးက ရခိုင်ပြည်နယ်သို့ ပြည်ထောင်စုဝန်ကြီး မကြာခဏ သွားရောက်ပြီး ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို သတိပြုမိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီတွင် ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည့်အတွက် ဂုဏ်ပြုပါကြောင်း၊ တာဝန်ကြီးလေးမည်ဟု ယူဆပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မိတ်ဆွေမြန်မာနိုင်ငံအခက်အခဲဖြစ်ချိန် အကူအညီပေးလိုပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ကူညီရေးကို တရုတ်နိုင်ငံဘက်မှ လူမှုရေးတာဝန်အဖြစ်ယူဆပါကြောင်း၊ ယခုမိမိနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီးပွားရေးစီမံကိန်းမှ တာဝန်ရှိပုဂ္ဂိုလ်များကိုပါ အတူခေါ်ဆောင်လာပါကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအတွက် ကုမ္ပဏီကကူညီရန်ဆန္ဒရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ ရပ်တည်ချက်မှာ ရှင်းလင်းပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးဟုယူဆပါကြောင်း၊ အစိုးရ၏ အကြမ်းဖက်သမားများတိုက်ဖျက်ရေးနှင့် ပြည်သူသို့ ကူညီနိုင်ရေးဆောင်ရွက်နေမှုအပေါ် ထောက်ခံပါကြောင်း။

ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကို တရုတ်နိုင်ငံအစိုးရက ထောက်ခံပါကြောင်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာ၍ တိုးတက်ဖွံ့ဖြိုးခြင်းသည် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံလုံးအတွက် အကျိုးကျေးဇူးရှိမည်ဖြစ်ပါကြောင်း၊ ယခုအကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် အိုးအိမ်စွန့်ခွာလာရသူများရှိရာ အကူအညီများစွာလိုအပ်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ လူသားချင်းစာနာမှုအကူအညီပေးနိုင်ရန် အဆွေတော် ပြည်ထောင်စုဝန်ကြီးက မည်သို့ကူညီရမည်ကို ဆွေးနွေးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လဖြစ်စဉ်များတွင် အစွန်းရောက်အကြမ်းဖက်သမားများက အရင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ခြင်းကို နိုင်ငံတကာအသိုင်းအဝိုင်းက သတင်းအမှားများကြောင့် ဖိအားများစွာပေးနေခြင်း ဖြစ်ပါကြောင်း၊ စင်စစ်တွင် အစွန်းရောက်အကြမ်းဖက်သမားများကြောင့် ထိခိုက်သေဆုံးရသူများမှာလူနည်းစု တိုင်းရင်းသားများဖြစ်သည့် ရခိုင်၊ ဒိုင်းနက်၊ ခမီ၊ သက်၊ မြိုလူမျိုးများနှင့် ဟိန္ဒူဘာသာဝင်များ ဖြစ်ပါကြောင်း၊ ရဲစခန်း ၃၀ ခန့်ကို တိုက်ခိုက်ခြင်းဖြစ်၍ လုံခြုံရေးအရ နယ်မြေရှင်းလင်းခြင်းအပေါ် စွပ်စွဲနေခြင်းမှာ နိုင်ငံအတွက် အလွန်နစ်နာပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း နယ်မြေရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် အင်အားအလွန်အကျွံမသုံးစွဲဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်မှာကြားထားပါကြောင်း၊ ယခုဖြစ်စဉ်မှာ အသတ်ခံရသည်မှာ လူနည်းစုတိုင်းရင်းသားများဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အစ္စလာမ်ဘာသာဝင်များမှာ အများစုဖြစ်ပြီး ရခိုင်နှင့်အခြားတိုင်းရင်းသားများမှာ လူနည်းစုဖြစ်ပါကြောင်း၊ ထို့ပြင် သတင်းများဖြန့်ချိရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးသူ ဟိန္ဒူဘာသာကိုးကွယ်သူငါးဦးအား အစ္စလာမ်ဘာသာဝင်အဖြစ် အကျပ်ကိုင်စေခိုင်းပြီး လိမ်ညာဇာတ်လမ်းဆင်၍ ဗီဒီယိုရိုက်ကူးဖြန့်ချိမှုများရှိကြောင်း၊ ဩဂုတ် ၂၅ ရက် နံနက်ပိုင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်အပြီး ဩဂုတ် ၂၇ ရက်တွင် ရေလမ်း၊ ကုန်းလမ်းအဆင်မပြေသဖြင့် မိမိအနေဖြင့် အရပ်ဘက်ရဟတ်ယာဉ်ဖြင့် ဘေးသင့်ဒေသ ၂၀ နေရာသို့ သွားရောက်ပြီး လိုအပ်ချက်ဖော်ထုတ်၍ အကူအညီပေးခဲ့ပါကြောင်း၊ အကြမ်းဖက်မှုဟုဆိုရာတွင် အစ္စလာမ်ဘာသာဝင်အားလုံးမပါဝင်ပါကြောင်း၊ ငြိမ်းချမ်းစွာ နေထိုင်လိုသည့် အစ္စလာမ်ဘာသာဝင်ရွာများက အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ လူသားချင်း စာနာကူညီမှုလုပ်ငန်းများကို ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရနှင့် ပြည်တွင်းအလှူရှင်များကလည်း ဒေသခံတိုင်းရင်းသားများအတွက် အကူအညီများပေးအပ်ရေး ဆောင်ရွက်နေပါကြောင်း၊ စက်တင်ဘာ ၄ ရက်ကလည်း အလှူရှင်နိုင်ငံများဖြစ်သည့် ဒိန်းမတ်၊ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျနှင့်ဥရောပကော်မရှင်တို့နှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးတွင် ကြက်ခြေနီလှုပ်ရှားမှုအတွက် ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ ယခုအခါ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် စစ်တွေသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ခေတ္တနေရပ်စွန့်ခွာပြည်သူ ၂၆၀၀၀ ကျော်ရှိပါကြောင်း၊ စားနပ်ရိက္ခာနှင့်ပညာရေး၊ ကျန်းမာရေးအဆင်ပြေစေရန် ဆောင်ရွက်ထားရှိပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းပါက မူလနေရာပြန်နိုင်အောင် စီစဉ်လျက်ရှိပါကြောင်း၊ ကယ်ဆယ်ရေးစခန်းကြာရှည်ထားရှိမည် မဟုတ်ပါကြောင်း၊ အိုးအိမ်များမီးရှို့ဖျက်ဆီးခံရသဖြင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးနှင့် နယ်စပ်ခြံစည်းရိုးကာရံရေးတို့မှာ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးတွင် ဦးစားပေးဆောင်ရွက်ရမည့် အချက်များမှာလုံခြုံရေး၊ ပြန်လည်ထူထောင်ရေးတွင်အိမ်ရာများ ပိုမိုကြံ့ခိုင်ကောင်းမွန်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဖန်တီးပေးရေးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်သို့ အကြိမ်များစွာရောက်ရှိပြီး အခြေအနေမှန်ကိုသိသည့်အတွက် ယခုလိုလာရောက်တွေ့ဆုံသဖြင့် အမှန်တရားကို တင်ပြခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း တရုတ်နှင့်မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုက အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည်ဟုယူဆပါကြောင်း၊ အရေးကြုံတိုင်း ဆွေမျိုးပေါက်ဖော်စိတ်ဓာတ်ဖြင့် ကူညီသည့် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးသည်။

တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်ကလည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်က ရပ်တည်မည်ဖြစ်ပြီး နီးကပ်စွာပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမီဒီယာများကိုလည်း ရခိုင်ပြည်နယ်ကိစ္စ သတင်းမှန်ထုတ်ပြန်ဖို့ တိုက်တွန်းမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ စီးပွားရေးစီမံကိန်းများဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါ်ပေါက်ပြီး လူမှုစီးပွားဘဝမြှင့်တင်ရန်ရည်ရွယ်ပါကြောင်း၊ ရခိုင်ပြည်နယ်သို့ အကူအညီပေးရေးအတွက် လိုအပ်သည့်ပစ္စည်းစာရင်းများကို မြန်မာအစိုးရက သံတမန်နည်းလမ်းဖြင့် အမြန်ပေးပို့ပါရန်၊ တရုတ်နိုင်ငံဘက်မှလည်း အမြန်ဆုံးကူညီမည်ဖြစ်ပါကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ARSAအစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လှူဒါန်းငွေကျပ် ၅၅၀၀၀၀ နှင့် ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်များကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၁၂)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် စာအုပ်၊ စာမူများပေးပို့ရန် ဖိတ်ခေါ်ခြင်း

**ရန်ကုန် စက်တင်ဘာ ၁၃**

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ ဘာသာရပ် ၁၂ မျိုးခွဲခြားပြီး စာပေဆုများကို နှစ်စဉ်ထိုက်ထိုက်တန်တန်ချီးမြှင့်ပေးလျက်ရှိသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုအတွက် အကျုံးဝင်သော ဘာသာရပ်များမှာ စီးပွားရေး၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ ကျန်းမာရေး၊ ကလေးစာပေ၊ လူငယ်စာပေ၊ ယဉ်ကျေးမှု၊ ရှေးဟောင်းကျမ်း၊ ရည်ညွှန်းကျမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စာပဒေသာနှင့် သုတပဒေသာတို့ဖြစ်ပြီး (အင်္ဂလိပ်၊မြန်မာ)နှစ်သက်ရာဘာသာဖြင့် ရေးသားတင်သွင်းနိုင်သည်။

အဆိုပါ စာပေဆုအတွက် အထက်ပါဘာသာရပ်များနှင့် အကျုံးဝင်သော ၂၀၁၆ ခုနှစ်အတွင်း ပထမအကြိမ်ထုတ် စာအုပ်နှစ်အုပ်နှင့် စာမူဆုအတွက် ကိုယ်တိုင်ရေးသားပြုစုထားသော စာမူနှစ်စုံ(လက်နှိပ်စက်၊ ကွန်ပျူတာဖြင့်)ကို စာရေးသူ၏ ကိုယ်ရေးအကျဉ်း၊ ဓာတ်ပုံနှစ်ပုံတို့နှင့် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ အမှတ်(၂၃/၂၄) ဗဟိုရ်စည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၁၀၄၄၈၇ သို့ စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၄၉)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၆ ရက် ညနေပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ ဖိလစ်ပိုင်နိုင်ငံ သမ္မတ မစ္စတာရိုဒရီဂိုဒူတာတေးအား ဆိုလာရီ ရီဆော့၌ တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး အာဆီယံစီးပွားရေးဆုပေးအပ်ပွဲကို တက်ရောက်သည်။

စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး (၃၁)ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး (AFTA)၊ (၂၀) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေး(AIA)၊ အာဆီယံစီးပွားရေးဝန်ကြီးများ အလုပ်သဘော နေ့လယ်စာစားပွဲနှင့် (၄၉) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး(AEM)တို့ကို တက်ရောက်ဆွေးနွေးခဲ့သည်။ ယင်းနောက် ညပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးသည့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် (၆)ကြိမ်မြောက် အာဆီယံ-ကနေဒါ၊ (၁၆) ကြိမ်မြောက် အာဆီယံ-တရုတ်၊ (၁၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယား၊ (၂)ကြိမ်မြောက် အာဆီယံ-ဟောင်ကောင်၊ (၂၂)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်၊ (၅)ကြိမ်မြောက် အရှေ့အာရှ၊ (၂၃)ကြိမ်မြောက် အာဆီယံ- ဂျပန်၊ (၉)ကြိမ်မြောက် မဲခေါင်-ဂျပန်နှင့် (၂၀)ကြိမ်မြောက် အာဆီယံအပေါင်းသုံး (တရုတ်၊ ဂျပန်၊ ကိုရီးယား)၊ (၆)ကြိမ်မြောက် အာဆီယံ-ရုရှား၊ (၁၄)ကြိမ်မြောက် အာဆီယံ-အိန္ဒိယစီးပွားရေးဝန်ကြီးများ အစည်းအဝေးများ၊ (၅)ကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်တို့၏ အစည်းအဝေးတို့ကို တက်ရောက်ဆွေးနွေးခဲ့ပြီး (၉)ကြိမ်မြောက် စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် သဘာပတိအဖြစ်ဆောင်ရွက်ရာတွင် စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ်(၂၀၁၆) နှင့် လုပ်ငန်းအစီအစဉ် (၂၀၁၇-၂၀၁၈)တို့၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်စေရေး မူဘောင်ရေးဆွဲပြီးစီးမှု၊ ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးသည်။

ထို့ပြင် စက်တင်ဘာ ၈ ရက်တွင် အာဆီယံ-အမေရိကန်စီးပွားရေးကောင်စီမှ ကိုကာကိုလာကုမ္ပဏီ အာဆီယံဥက္ကဋ္ဌ မစ္စလီယန်မက်လော်ဂလင်နှင့် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ ဒုတိယဥက္ကဋ္ဌ မစ္စအဲလိဇဘတ်ဒူဂန် ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A(H1N1)pdm09] ဖြစ်ပွားမှု၊ သေဆုံးမှုကျဆင်းလာသည့် အခြေအနေအပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဒုတိယအကြိမ် သုံးသပ်ချက်

**(ယမန်နေ့မှအဆက်)**

ထိရောက်သောကုသမှုပေးနိုင်ရေးအတွက် ဝေဘာဂီအထူးကုဆေးရုံကြီးအပါအဝင် အခြားပြည်သူ့ဆေးရုံများတွင် စီစဉ်ဆောင်ရွက်ခြင်း၊ လူနာနှင့် အနီးကပ် ထိတွေ့သည့် ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးခြင်း၊ လိုအပ်သောဆေးပစ္စည်းများ ထောက်ပံ့ခြင်းကို စီမံခန့်ခွဲခြင်း (Logistics Management) တို့ကို ဆောင်ရွက်နိုင်ခဲ့ရာ လူနာများအား ထိရောက်သောကုသမှုပေးနိုင်သဖြင့် သေဆုံးမှုနှုန်း နည်းပါးစေရန်နှင့် ကျန်းမာရေးဝန်ထမ်းများအား ရောဂါကူးစက်ခြင်း နည်းပါးစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တူရကီနိုင်ငံအပါအဝင်နိုင်ငံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုးနှယ်ဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းအလှူရှင်များကလည်း လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ကာကွယ်ဆေး၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းများ အစရှိသည်တို့ကို လှူဒါန်းခဲ့ခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ပုံငွေအသုံးပြုကာ ဝယ်ယူဖြည့်တင်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

**၄။ ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A(H1N1)pdm09] ဖြစ်ပွားမှုအပေါ် ခြုံငုံသုံးသပ်ချက်**

လတ်တလော ပြင်းထန်အသက်ရှုလမ်းကြောင်းရောဂါ လူနာများတွင် သေဆုံးမှုနှုန်း (Case fatality rate among Severe Acute Respiratory Infections-SARI)နှင့် ရက်အလိုက် လတ်တလောပြင်းထန်အသက်ရှုလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်မှုနှုန်း (Case hospitalization rate) တို့အရ လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကြိုတင်ခန့်မှန်းထားသည့် ပြင်းထန်ရောဂါဖြစ်ပွားသူများတွင် သေဆုံးမှုနှုန်း ၁၀ ရာခိုင်နှုန်းရှိတတ်သည့် သဘောသဘာဝအရ လည်းကောင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A(H1N1)pdm09] ဖြစ်ပွားမှုအခြေအနေကို ကနဦးသုံးသပ်ခဲ့သည့် အလယ်အလတ်ပြင်းထန်မှုအဆင့် (Moderate Severity) မှ အနည်းငယ်ပြင်းထန်အဆင့် (Low Severity) အဖြစ် ပြောင်းလဲသတ်မှတ်နိုင်ခဲ့ခြင်းမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထု၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကပ်ရောဂါအဖြစ်သို့ ကူးပြောင်းရောက်ရှိခဲ့ခြင်းမရှိကြောင်း သုံးသပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကျန်းမာရေးပညာပေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိန်နှင့်တစ်ပြေးညီနှိုးဆော်ခြင်း၊ နည်းလမ်းသစ်များအသုံးပြု၍ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊ တစ်ဦးတစ်ယောက်ချင်းစီသာမက ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းတို့ကြောင့် ပြည်သူလူထုအတွင်း ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ အသိပညာများ ပိုမိုမြင့်မားခဲ့ကြောင်း တွေ့ရှိရပါသည်။

လက်ရှိရောဂါဖြစ်ပွားသေဆုံးမှုအခြေအနေနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်မှုကြောင့် ရောဂါဖြစ်ပွားမှုနှုန်းမှာ ထိန်းချုပ်နိုင်သည့်အခြေအနေသို့ ရောက်ရှိလာကြောင်း တွေ့ရှိရသော်လည်း ရာသီတုပ်ကွေးရောဂါမှာ နှစ်စဉ်ဖြစ်ပွားတတ်သောရောဂါဖြစ်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါစသည့် ကူးစက်ရောဂါများနည်းတူ စောင့်ကြပ်ကြည့်ရှု၍ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို နောင်နှစ်များတွင်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအပါအဝင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် ပူးပေါင်း၍ ချက်ချင်း၊ ရေတိုနှင့် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**၅။ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ**

ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A(H1N1)pdm09] သည် မိုးတွင်းကာလနှင့် ဆောင်းတွင်းကာလတွင် ပိုမိုဖြစ်ပွားကူးစက်တတ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးစီမံချက် (Seasonal Influenza Preparedness and Response Plan)ကို ရေးဆွဲ၍ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တုပ်ကွေးဆန်သောရောဂါလက္ခဏာများ (Influenza like Illness -ILI) နှင့် လတ်တလောပြင်းထန်အသက်ရှုလမ်းကြောင်းရောဂါ (Severe Acute Respiratory Infections-SARI) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို Pandemic Influenza Preparedness (PIP) Framework နှင့် အပြည်ပြည်ဆိုင်ရာကျန်းမာရေးစည်းမျဉ်းများ(၂၀၀၅) (IHR 2005)နှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် Pandemic Influenza Preparedness Strategic Plan ကို ပြန်လည်သုံးသပ်ပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးကွင်းဆင်းဆောင်ရွက်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း (Field Epidemiology Training Program)များ ဖွင့်လှစ်ပို့ချခြင်း၊ ရာသီတုပ်ကွေးရောဂါဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း (Simulation Exercise)များပြုလုပ်ခြင်း၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်စီမံခန့်ခွဲရေးဗဟိုဌာန (PHEOC) ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဆေးရုံများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ အဆင်သင့်ရှိစေရေးဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ နှစ်စဉ်မိုးရာသီမတိုင်မီ ကြိုတင်ဆောင်ရွက်ခြင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို အဆင့်မြှင့်တင်ခြင်း၊ ပဋိဇီဝဆေးဝါးများ ယဉ်ပါးမှုမဖြစ်စေရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ရာသီတုပ်ကွေးရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၆။ နိဂုံး**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဌာနတွင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု၊ အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထု၊ သတင်းမီဒီယာများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အစရှိသည်တို့၏ အားလုံး တက်တက်ကြွကြွပူးပေါင်းပါဝင် ကူညီလက်တွဲဆောင်ရွက်မှုများ (Whole Society Approach) ကြောင့် ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A(H1N1)pdm09] ဖြစ်စဉ်အပေါ် ထိရောက်သော ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး နောင်နှစ်များတွင်လည်း Seasonal Influenza A(H1N1) pdm09 သာမက Seasonal Influenza A(H3N2)၊ Seasonal Influenza A(H1N1) နှင့် Seasonal Influenza B အစရှိသည့် ရာသီတုပ်ကွေးရောဂါများ ပုံမှန်ထက် ပိုမိုဖြစ်ပွားလာမှုရှိ၊ မရှိ စဉ်ဆက်မပြတ် ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပြီး ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် အခြားကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်ပြဿနာများပေါ်ပေါက်လာပါက ယခုဖြစ်စဉ်၏ အတွေ့အကြုံများပေါ် မူတည်၍ ကူးစက်ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မိမိတွင် ရာသီတုပ်ကွေးရောဂါလက္ခဏာများ ခံစားရသည်ဟု သံသယရှိပါက နီးစပ်ရာပြည်သူ့ဆေးရုံများသို့ အချိန်မီသွားရောက်ဆေးကုသမှုခံယူရန်နှင့် မိမိထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရန် မိမိကိုယ်တိုင်ကစ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ဖျာပုံမြို့နယ်၌ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဆွေးနွေး

**ဖျာပုံ စက်တင်ဘာ ၁၃။** ။ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အစည်းအဝေး (၃/၂၀၁၇) ဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ ဖျာပုံမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ကလေးသူငယ်များ ဘဝရပ်တည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံအေးချမ်းသောဘဝပိုင်ဆိုင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးအေးကျော်က ကလေးသူငယ်များ ရရှိရမည့်အခွင့်အရေး အပြည့်အဝရရှိရေး၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် အခြေအနေများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိခြင်း၊ ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုနှင့် အထွေထွေကျူးလွန်ခြင်းနှင့် ကျူးလွန်ခံရခြင်းများမှ ကင်းဝေးစေရေး စသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥပဒေ၊ ပညာရေး၊ ရဲတပ်ဖွဲ့ စသည့် ဆက်စပ်ဌာနများက ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# သက်မွေးပညာရပ်ဆိုင်ရာ ကာလတိုသင်တန်း အမှတ်စဉ်(၃/၂၀၁၇)ဆင်းပွဲနှင့် အမှတ်စဉ်(၄/၂၀၁၇)ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

ADRA-Myanmar နှင့် NORAD တို့မှပံ့ပိုး၍ အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)တွင် ဖွင့်လှစ်သော ကာလတိုသင်တန်းများ အမှတ်စဉ် (၃/၂၀၁၇)ဆင်းပွဲနှင့် အမှတ်စဉ် (၄/၂၀၁၇)ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကား ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)အနေဖြင့် ပုံမှန်နှစ်နှစ်သင်တန်းများအပြင် သက်မွေးပညာရပ်ဆိုင်ရာ ကာလတိုသင်တန်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ADRA Myanmar၊ NORAD၊ Swiss contact တို့နှင့် ပူးပေါင်းပြီး စုစုပေါင်းကာလတိုသင်တန်းအမျိုးအစား ၁၄ မျိုးအထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယခုအခမ်းအနားသည် အပတ်စဉ် (၃/၂၀၁၇) သင်တန်းဆင်းပွဲနှင့် (၄/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနား ဖြစ်ကြောင်း၊ အပတ်စဉ်(၃/၂၀၁၇)တွင် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများပြင်ဆင်၊ တပ်ဆင်ခြင်းသင်တန်း၊ အိမ်တွင်းမီးတပ်ဆင်ခြင်းလုပ်ငန်း၊ သံဂဟေဆက်ခြင်းအတတ်ပညာသင်တန်း၊ စတီးဂဟေဆက်ခြင်းအတတ်ပညာသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်း၊ ဆံပင်အလှပြုပြင်ခြင်းသင်တန်းနှင့်အမျိုးသားဆံပင်ညှပ်သင်တန်း စသည့် ကာလတို သင်တန်း ၁၀ မျိုးကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်တွင် အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အဆင့်မြင့်ကွန်ပျူတာသင်တန်း၊ စိုက်ပျိုးရေးသုံး စက်ကိရိယာများ ပြင်ဆင်၊ တပ်ဆင်ခြင်းသင်တန်း၊ အိမ်တွင်းမီးတပ်ဆင်ခြင်းသင်တန်း၊ သံဂဟေဆက်ခြင်းအတတ်ပညာသင်တန်း စသည့် ကာလတိုသင်တန်းခုနစ်မျိုးကို သုံးကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသားဦးရေ ၄၂၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် လက်ရှိဖွင့်လှစ်လျက်ရှိသည့် ကာလတိုသင်တန်း ၁၀ မျိုးအား လေးကြိမ်တိုင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး အပတ်စဉ်(၁/၂၀၁၇)တွင် သင်တန်းသား သင်တန်းသူ ၁၇၇ ဦး၊ အပတ်စဉ်(၂/၂၀၁၇)တွင် သင်တန်းသား သင်တန်းသူ ၁၂၆ ဦးနှင့် အပတ်စဉ် (၃/၂၀၁၇)တွင် သင်တန်းသား သင်တန်းသူ ၂၃၅ ဦး စုစုပေါင်းသင်တန်းသား သင်တန်းသူ ၅၃၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ယနေ့အချိန်အထိ သင်တန်းအကြိမ်ရေ(၁၀)ကြိမ်အထိ အောင်မြင်စွာသင်ကြားပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူဦးရေ ၁၁၇၄ ဦးအား သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ADRA-Myanmar မှ Country Director, Mr. Claudio M.Sandoval Maitre က SEAQE Program ၏ လုပ်ဆောင်ချက်များနှင့် အနာဂတ်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း(ဘားအံ)မှ ကျောင်းအုပ်ကြီး ဒေါက်တာချိုယုမွန်က အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကာလတိုသင်တန်းများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများက အပတ်စဉ် (၃/၂၀၁၇) သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပြီး ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ရန်ကုန်-မန္တလေးအမြန်လမ်း ပရိတ်မေတ္တာတော်ပွဲ ကျင်းပ

**တပ်ကုန်း စက်တင်ဘာ ၁၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ကိုးဌာနအန္တရာယ်ကင်း ပရိတ်မေတ္တာတော်ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၄ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် အောင်သိဒ္ဓိတာစာသင်တိုက်ကြီး ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မစာရ ဆရာတော် ဦးစီးသော သံဃာတော် ကိုးပါး၊ ယောဂီ ၁၀၈ ဦးတို့ဖြင့် ရန်ကုန်မြို့ တိုးဂိတ်မှ အမြန်လမ်းမကြီး မိုင်တိုင် (၄၅-၉၀-၁၃၅-၂၃၄-၂၅၂-၂၆၁-၂၇၀- ၃၅၁-၃၆၀)တို့တွင် ပရိတ်တရားတော်များ၊ အန္တရာယ်ကင်းကမ္မဝါစာရွတ်ဖတ်ခြင်း၊ မကျွတ်မလွတ်ကြသေးသည့် ပုဂ္ဂိုလ်အပေါင်းတို့အား ကျွတ်လွတ်ကြစေရန် အန္တရာယ်ကင်းပရိတ်မေတ္တာတော်ပွဲများ ကျင်းပကြကာ မန္တလေးမြို့ မိုင်တိုင်အမှတ်(၃၆၀)သို့ ည ၇ နာရီတွင် ရောက်ရှိရွတ်ဖတ်ခဲ့ကြောင်း သိရသည်။

**(၁၀၅)**



## လူထုဗဟိုပြုသင်တန်း ကျား/မရေးရာ သင်တန်းဖွင့်

**ဘီးလင်း စက်တင်ဘာ ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျား/မ ရေးရာသင်တန်းကို စက်တင်ဘာ ၈ ရက်က ဘီးလင်းမြို့နယ် ဆင်အင်းကျေးရွာဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်လူထုဗဟိုပြုစီမံကိန်း ကျား/မရေးရာ တာဝန်ခံ ဒေါ်မို့မို့ဇင်(နည်းပြအကြံပေး)နှင့် တာဝန်ကျ လူထုစည်းရုံးရေးမှူးတို့က သင်ကြားပို့ချပြီး ဆင်အင်းကျေးရွာအုပ်စု ကျေးရွာ ငါးရွာမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးနှမ်းစံပြကွက်ကွင်းပြပွဲနှင့် မြို့နယ်အဆင့် စံကွက်ရိတ်သိမ်း

**ဖားဆောင်း စက်တင်ဘာ ၁၃။** ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော တောင်သူနည်းပညာပေး မိုးနှမ်းစံပြကွက်ကွင်းပြပွဲနှင့် မြို့နယ်အဆင့် စံပြကွက်ရိတ်သိမ်းပွဲကို စက်တင်ဘာ ၁၂ ရက်က ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာအုပ်စု ကျောက်ပဲညိုကျေးရွာရှိ တောင်သူဦးစောဒီဖိုး၏ မိုးနှမ်းစံပြကွက်၌ ကျင်းပခဲ့သည်။

စံပြကွက် ကွင်းပြပွဲကျင်းပပြီးနောက် စံကွက်များကို ရိတ်သိမ်းကြရာ တစ်ဧကလျှင် နှမ်း ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**လယ်ဝေး စက်တင်ဘာ ၁၃**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပျံချီကျေးရွာ၌ ယမန်နေ့ ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တာဝန်ရှိသူများက သင်တန်းသားများအတွက် တူညီဝတ်စုံများ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။ သင်တန်းဖွင့်ပွဲသို့ ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းမြတ်နောင်နှင့် မြို့နယ်အဆင့်သင်တန်းကွပ်ကဲမှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရခိုင်မြောက်ပိုင်းဒေသ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး ရန်ပုံငွေဖျော်ဖြေပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရခိုင်အမျိုးသားအသင်းချုပ်က ကြီးမှူးကျင်းပသော ရခိုင်မြောက်ပိုင်းဒေသ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး ရန်ပုံငွေဖျော်ဖြေပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်အမျိုးသားအသင်းချုပ် ဥက္ကဋ္ဌ ဦးစိုးဝင်းက "ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ ပြန်လည်ထူထောင်ရေးအတွက် အားလုံးက ဘက်ပေါင်းစုံကနေ လုပ်နေကြပါတယ်။ ဒီပွဲမှာ ရုံဝင်ကြေးက အခမဲ့ပါ။ လာရောက်ကြည့်ရှုပြီး လှူဒါန်းတဲ့ငွေတွေကို ရခိုင်လူမျိုးများ ပြန်လည်ထူထောင်ရေးအတွက်နဲ့ ရေရှည်လုပ်ငန်းတွေမှာ ပြန်ပြီးလှူဒါန်းသွားမှာပါ။ လက်ရှိမှာလည်း လိုအပ်ချက်တွေကို လှူဒါန်းပေးလျက်ရှိပါတယ်"ဟု ပြောသည်။

အဆိုပါ ရန်ပုံငွေဖျော်ဖြေပွဲတွင် ဟာသမျက်လှည့်ပညာရှင် မစ္စတာတော့ပ်နှင့် ၎င်း၏သားဖြစ်သူ ဟယ်ရီတို့က နိုင်ငံတကာအဆင့်မီ မျက်လှည့်ပြကွက်ဆန်းများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

"ARSA အကြမ်းဖက်သမားတွေရဲ့ ဘေးအန္တရာယ်ကနေ ထွက်ပြေးလွတ်မြောက်လာခဲ့တဲ့ ရခိုင်ဒေသခံတွေအတွက် ပြုလုပ်ပေးတဲ့ ရန်ပုံငွေအလှူခံတဲ့ပွဲမှာ ကျွန်တော်က လုပ်အားဒါနအနေနဲ့ ပါဝင်ဖျော်ဖြေတာပါ။ ဒီပွဲမှာ နိုင်ငံတကာမှာ ပြတဲ့ပြကွက်တွေကို ပြသမှာပါ။ လူနှစ်ပိုင်းဖြတ်ပြတာမျိုး၊ လေပေါ်ပျံပြတာမျိုး စတာတွေပါမယ်။ နောက် ဟာသပြကွက်တွေလည်း ပါပါမယ်"ဟု ဟာသမျက်လှည့်ပညာရှင် မစ္စတာတော့ပ်က ပြောသည်။

အဆိုပါ ရန်ပုံငွေပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၆နာရီမှစတင်ကာ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ရုံဝင်ကြေး အခမဲ့ဖြင့် ဖျော်ဖြေမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး အလှူငွေများလည်း ထည့်ဝင်နိုင်ကြောင်းနှင့် လက်ခံရရှိသည့် အလှူငွေများကို ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သီသီမင်း)**

■

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၃**

ကရင်ပြည်နယ် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၀)စက်မှုလယ်ယာစခန်းက ကြီးမှူးကျင်းပသည့် တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း (၂/၂၀၁၇)ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က ထီလုံစစ်မှုထမ်းဟောင်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ကောက်စိုက်စက်၊ ရိတ်သိမ်းခြွေလှေ့စက် အစရှိသည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံဘာသာရပ်များကို စာတွေ့ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တောင်နဝင်းဆည်ရေသောက်စနစ်တွင် ပါဝင်သော တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**သဲကုန်း စက်တင်ဘာ ၁၃**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးတည်ဆောက်ရေး(၂)က ကြီးမှူး



သည့် တောင်နဝင်းဆည်ရေသောက်စနစ်တွင် ပါဝင်သော CL-27 နှင့် CL-34 မြောင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများ အောင်မြင်အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာမြောင်းအလိုက် ဆည်ရေသောက်တောင်သူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၀ ရက်က သဲကုန်းမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု ညောင်ကုန်းဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် တောင်သူ ၁၀၀ ခန့် တက်ရောက်ကြသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းက ဦးဆောင်၍ CL-27 နှင့် CL-34 ဆည်ရေသောက်စနစ်တွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲများကို ဆည်ရေသောက်တောင်သူများနှင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး CL-27 နှင့် CL-34 မြောင်းများကို ပြန်လည်ပြုပြင်မည်ဖြစ်၍ တောင်သူများ၏ သဘောထားမှတ်ချက်ကိုတောင်းခံရာ တောင်သူများက သဘောတူညီကြောင်း ဆွေးနွေးကြသည်။ ထို့နောက် ဆည်ရေသောက်တောင်သူများက CL-27 နှင့် CL-34 အောက်ပိုင်းရေနစ်မြုပ်မှု အခြေအနေများကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**(ကြေးမုံ)**

## ရပ်ကွက်လုံခြုံရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက်တွင် ဘုရင့်နောင်နယ်မြေစခန်းမှ စခန်းမှူး ဦးတင်နိုင်ဇော်၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ရပ်ကွက်လုံခြုံရေးနှင့် အေးချမ်းသာယာရေးအတွက် စက်တင်ဘာ ၁၀ ရက် ညပိုင်းမှစတင်ကာ နေ့စဉ် ညတိုင်း အချိန်ပြည့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီ(သမိုင်း)**

## ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေးသမဝါယမလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

**ရွှေတောင် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ငွေစုငွေချေး သမဝါယမလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၈ ရက်က ရွှေတောင်မြို့ ကသည်းတန်းလမ်း သာသနာ့ဗိမာန်၌ ကျင်းပရာ ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ငွေစုငွေချေးသမဝါယမလီမိတက် ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)က သမဝါယမလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်ကြီးက အရပ်ရပ်ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဦးထွန်းမြင့်(တွဲဖက်အတွင်းရေးမှူး)က ငွေစုငွေချေးသမဝါယမ အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဦးဝင်းမြင့် (မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး)က အသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးလက်ကျန်ရှင်းတမ်းနှင့် အမြတ်ငွေခွဲဝေမှုရှင်းတမ်းတို့ကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

**(၁၄၃)**

# မျက်နှာဖုံးစွပ်ပါ အနက်ရောင်ဝတ်စုံတစ်စုံနှင့် ရီမုတ်မိုင်းနှစ်လုံးတွေ့ရှိ၊ လုံခြုံရေးကင်းစခန်းသုံးခု မီးရှို့ဖျက်ဆီးခံရ

**နေပြည်တော် စက်တင်ဘာ ၁၃**

ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဩဂုတ် ၂၅ ရက် နံနက်စောစောအချိန်မှစ၍ မောင်တောဒေသအတွင်းရှိ နယ်ခြားစောင့်ရဲစခန်း ၃၀ ကျော်အား တစ်ပြိုင်နက်တည်း အင်အားသုံး၍ အလစ်အငိုက် တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရခိုင်တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များအပြင် ဟိန္ဒူဘာသာဝင်များ၊ ဒိုင်းနက်လူမျိုးများ၊ မြိုလူမျိုးများ အပါအဝင် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် နေရာဒေသအများအပြားသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက မောင်တောမြို့နယ်အတွင်းရှိ ချောင်းဝကင်းစခန်းများအား လိုက်လံစစ်ဆေးပြီး နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာ မီးတိုက်ချောင်းဝကင်းစခန်း၊ နံ့သာတောင်ချောင်းဝကင်းစခန်းနှင့် သင်္ဘောလှချောင်းဝကင်းစခန်းတို့အား ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိရသည်။

ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တုံးချောင်းချောင်းဝကင်းစခန်းသို့ရောက်ရှိပြီး စခန်းပတ်လည်အားရှင်းလင်းရာ ကင်းစခန်းနှင့် မီတာ ၁၀၀ အကွာရှိ လောင်းလှေတစ်စင်းပေါ်၌ ရီမုတ်မိုင်းနှစ်လုံးနှင့် မျက်နှာဖုံးစွပ်ပါ အနက်ရောင်ဝတ်စုံတစ်စုံတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


မောင်တောမြို့နယ်၌ ခေတ္တစွန့်လွှတ်ထားသည့် သင်္ဘောလှချောင်းဝကင်းစခန်းအား ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားသည့်ပုံ

# တရားမဝင်ကုန်စည်များအား မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် စက်တင်ဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကုန်စည်များ သယ်ဆောင်လာမှုကို မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စက်တင်ဘာ ၁၂ ရက်တွင် သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စခန်းကို ဖြတ်သန်းမည့် ၂၂ ဘီးယာဉ်အား စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Body Lotion (MORI) 200 Kg၊ Plastic Floor Mat၊ Rubber Slipper နှင့် Fish Food (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၃၈ သန်း)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။








အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၅၄ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(ဝဝ၁)**

# အကောက်ခွန်ဦးစီးဌာနက မတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ခြောက်လအတွင်း ငွေကျပ် ၁၅၉၃၀ ဒသမ ၉၀၂ သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးရှာဖွေအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဖမ်းဆီးမှုအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က တားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉ ဒသမ ၄၀၉ သန်းခန့်)၊ လေဆိပ်ကုန်လှောင်ရုံက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၆၅၁ သန်းခန့်)၊ ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု ၅၂ မှု (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၆၅၇ ဒသမ ၅၁၂ သန်းခန့်)၊ ရန်ကုန်စာတိုက်ကြီးက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၆၀၀ သန်းခန့်)၊ EMS က တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၀၀ သန်းခန့်)၊ အထူးကင်းကတားဆီးမှု ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇ ဒသမ ၇၇၉ သန်းခန့်)တို့ကို သိမ်းဆည်းရမိခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၉၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၄ ဒသမ ၁၃၇ သန်းခန့်)၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄ ဒသမ ၂၆၃ သန်းခန့်)၊ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုအနေဖြင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၆၆၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၈ ဒသမ ၁၆၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၇၈၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၆ ဒသမ ၈၂၂ သန်းခန့်)၊ နယ်စပ် OSS စစ်ဆေးရေးစခန်းက တားဆီးမှုအနေဖြင့် မူဆယ် (OSS) စစ်ဆေးရေးစခန်းက တားဆီးမှု ၁၆၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၁ ဒသမ ၄၃၈ သန်းခန့်)၊ မြဝတီ (OSS) စစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၁၀၂ သန်းခန့်)၊ ထီးခီး (OSS) စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၀၂၆ သန်းခန့်)၊ တာချီလိတ် (OSS) စစ်ဆေးရေးစခန်းကတားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၅၀၀ သန်းခန့်)၊ လွယ်ဂျယ် (OSS)စစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၀၄ သန်းခန့်) တို့ကို သိမ်းဆည်းရမိခဲ့သည်။

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများက တားဆီးမှုအနေဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၇၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၇ ဒသမ ၄၄၇ သန်းခန့်)၊ မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၁၉၉ သန်းခန့်)၊ ဗန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅ ဒသမ ၉၉၃ သန်းခန့်)၊ တမူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၆၉ သန်းခန့်)၊ ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၀၄ သန်းခန့်)၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉ ဒသမ ၁၅၁ သန်းခန့်)၊ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆ ဒသမ ၂၅၃ သန်းခန့်)၊ မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၂၉ သန်းခန့်)၊ မြိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၀၀ သန်းခန့်)၊ တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇ ဒသမ ၅၈၈ သန်းခန့်)၊ လွိုင်ကော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၃၆၀ သန်းခန့်)တို့ကို သိမ်းဆည်းရမိခဲ့ပြီး မတ် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ခြောက်လတာကာလအတွင်း စုစုပေါင်း တားဆီးမှု ၂၀၈၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၃၀ ဒသမ ၉၀၂ သန်းခန့်)တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စမ်းချောင်းမြို့နယ်တွင် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေရန် ညစ်ညမ်းစွာဆဲဆိုသူအား ဥပဒေနှင့်အညီ အရေးယူ

**ရန်ကုန် စက်တင်ဘာ ၁၃**


သိန်းထွေး(ခ)အောင်သိန်းထွေး

စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက် ဗဟိုလမ်းနှင့် ရွှေလောင်းလမ်းထောင့်၌ စက်တင်ဘာ ၁၂ ရက် ည ၈ နာရီခန့်တွင် အမျိုးသားတစ်ဦးက အရက်သေစာ သောက်စားမူးယစ်ပြီး ညစ်ညမ်းစကားလုံးများဖြင့် ဘင်္ဂါလီများဟု သုံးနှုန်းကာ ဆဲဆိုနေကြောင်း သတင်းအရ စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က အဆိုပါနေရာသို့ သွားရောက်၍ ထိန်းသိမ်းခဲ့ရာ ယင်းသို့ ဆဲဆိုသူမှာ ကြည့်မြင်တိုင်မြို့နယ် မီးရထားဘူတာဝင်းလိုင်းခန်းနေ သိန်းထွေး(ခ) အောင်သိန်းထွေး (၂၄)နှစ်ဖြစ်ပြီး ၎င်းအား ရဲစခန်းသို့ ခေါ်ဆောင်ကာ ထိန်းသိမ်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိန်းထွေး(ခ) အောင်သိန်းထွေးအား စစ်ဆေးရာ ၎င်း၏ အစ်ကိုအရင်းဖြစ်သူ ကိုအောင်စိုးမိုးသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ မိသားစုနှင့်အတူ သွားရောက်နေထိုင်ပြီး အလုပ်လုပ်ကိုင်နေစဉ် အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခြင်းခံရကြောင်း ဖုန်းသတင်းရရှိသဖြင့် စိတ်ခံစားချက်အရ နေအိမ်လိုင်းခန်းသို့ ပြန်လာစဉ် အများပြည်သူ အနှောင့်အယှက်ဖြစ်စေရန် ညစ်ညမ်းစွာ ဆဲဆိုခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ သိန်းထွေး(ခ) အောင်သိန်းထွေးအား စမ်းချောင်းရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေမြောင်းအတွင်းမှ မပေါက်ကွဲသေးသော လေယာဉ်တင်ဗုံးသီးတစ်လုံးတွေ့ရှိ

**ဟိုပင် စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် ဟိုပင်မြို့မြောက်ဘက်ရှိ သရက်ချောင်းအတွင်းမှ လေယာဉ်တင် ဗုံးသီးအဟောင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း ဟိုပင်မြို့နယ်မြေရဲစခန်းမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီခန့်က သရက်ချောင်းသံလမ်းတံတား၏အောက်ဘက် ကိုက် ၅၀ ခန့်အကွာတွင် ဗုံးသီးဟုယူဆရသော အရာတစ်ခုတွေ့ရှိရကြောင်း ငါးရှာနေသည့် လူငယ်များက မြို့မမြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားသဖြင့် နယ်မြေစခန်းမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရေမြောင်းအတွင်းမှ အရှည်လေးပေခန့်၊ လုံးပတ်သုံးပေခန့်နှင့် ပေါင် ၁၀၀၀ ခန့်ရှိ ရေတိုက်စားထားသော လေယာဉ်တင်ဗုံးသီးအဟောင်းတစ်လုံးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

ဗုံးသီးတွေ့ရှိရာနေရာသို့ အများပြည်သူများ လာရောက်ခြင်းမရှိစေရန်အတွက် ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းစောင့်ကြပ်ကာ ပေါက်ကွဲမှုမရှိသေးသော ဗုံးသီးအဟောင်းကို အများပြည်သူအန္တရာယ်မဖြစ်စေရေးအတွက် အမြန်ဆုံးရှင်းလင်းနိုင်ရန် ဆက်သွယ်ထားကြောင်း သိရသည်။

**(မင်းမင်းဦး)**

# ဘိုင်ယန်၊ ဘာစီလိုနာ၊ မန်ယူ၊ ချယ်လ်ဆီး၊ ပီအက်စ်ဂျီတို့ အနိုင်ရခဲ့တဲ့ ချန်ပီယံလိဂ်ပွဲဦးထွက်



မေလဲ့သင်း
ရေးသားသည်

စက်တင်ဘာ ၁၃ ရက် မနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာ၊ မန်ယူ၊ ချယ်လ်ဆီးနဲ့ ပီအက်စ်ဂျီ၊ စပါးတပ်စ်မော်စကိုနဲ့ စပို့တင်းလစ္စဘွန်းတို့ နိုင်ပွဲရခဲ့ကြပြီး ရိုးမားနဲ့ အက်သလက်တီကိုတို့ကတော့ အမှတ်ခွဲဝေယူသွားကြပါတယ်။ အိမ်ကွင်းမှာ ယှဉ်ပြိုင်ခွင့်ရတဲ့ အသင်းအများစု အနိုင်ရခဲ့ပေမယ့် ဆဲလ်တစ်၊ ဘင်ဖီကာနဲ့ အိုလီပီယာကို့စ်အသင်းတွေကတော့ ပီအက်စ်ဂျီ၊ စပါးတပ်စ်မော်စကိုနဲ့ စပို့တင်းလစ္စဘွန်းတို့ကို အိမ်ကွင်းမှာပဲ အရေးနိမ့်သွားခဲ့ပါတယ်။ အိမ်ကွင်းအရေးနိမ့်ခဲ့တဲ့ သုံးသင်းထဲမှာ ဆဲလ်တစ်တစ်သင်းသာ ဂိုးမသွင်းနိုင်ခဲ့တာဖြစ်ပြီး ဘင်ဖီကာနဲ့ အိုလံပီယာကို့စ်တို့ရဲ့ သွင်းဂိုးတွေကို မြင်တွေ့ခဲ့ရပါတယ်။

**ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးတိုက်စစ်အတွဲ အစွမ်းပြချိန်**

ဒီနေရာမှာ ပြောစရာရှိတာက ကမ္ဘာ့တန်ကြေးအကြီးဆုံး တိုက်စစ်အတွဲဖြစ်တဲ့ ပီအက်စ်ဂျီရဲ့ MCN တိုက်စစ်က မက်ပီ၊ ကာဗာနီနဲ့ နေမာတို့ အားလုံးဂိုးသွင်းနိုင်ခဲ့ခြင်း၊ ဘာစီလိုနာက ဂျူဗင်တပ်အသင်းကို မက်ဆီရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရခဲ့ခြင်းတို့ ဖြစ်ပါတယ်။ ဆဲလ်တစ်နဲ့ ပီအက်စ်ဂျီတို့ရဲ့ ပွဲစဉ်တွေမှာတော့ တန်ကြေး ပေါင်သန်း ၄၀၀ ရှိတဲ့ ပီအက်စ်ဂျီတိုက်စစ်အတွဲဖြစ်တဲ့ နေမာ၊ မက်ပီ၊ ကာဗာနီတို့အားလုံးဟာ ဆဲလ်တစ်အသင်းဘက်ကို ဂိုးသွင်းပြီး တိုက်စစ်စွမ်းပြနိုင်ခဲ့ပါတယ်။

ဆဲလ်တစ်ဟာ ဥရောပထိပ်တန်းကလပ်အသင်းမြောက်မြားစွာကို ရင်ဆိုင်ဖူးတဲ့ အတွေ့အကြုံရင့်အသင်းဖြစ်ပေမယ့် ပီအက်စ်ဂျီရဲ့ မြန်နှုန်းမြင့်လှုပ်ရှားနိုင်မှု၊ အပေးအယူမှန်ကန်မှု၊ ပါးပါးနပ်နပ်တုံ့ပြန်မှုတွေဟာ ဆဲလ်တစ်အတွက် ခက်ခဲလွန်းတဲ့ ပြိုင်ဘက်ဖြစ်ခဲ့တာပါ။ ဆဲလ်တစ်ဟာ အိမ်ကွင်းမှာ ကစားခဲ့ရပေမယ့် အရည်အသွေးမြင့် ကစားသမားအများအပြားရှိတဲ့ ပီအက်စ်ဂျီကို ဘယ်လိုမှ ယှဉ်မကစားနိုင်ဘဲ ပွဲချိန် ၁၉ မိနစ်မှာ နေမာက အဖွင့်ဂိုး၊ မက်ပီက ၃၄ မိနစ်မှာ ဒုတိယဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ဆဲလ်တစ်ကစားအား လုံးဝကျဆင်းသွားပါတယ်။ အဲဒီနောက် တိုက်စစ်မှူး ကာဗာနီက ပွဲချိန် မိနစ် ၄၀ မှာ ပင်နယ်တီကတစ်ဆင့် တတိယဂိုးနဲ့ ၈၅ မိနစ်မှာ ပွဲသိမ်းဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ပွဲကစားချိန် ၈၃ မိနစ်မှာတော့ ဆဲလ်တစ်နောက်ခံလူ လက်စတင်က ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့မိတာကြောင့် ဆဲလ်တစ်ဟာ အိမ်ကွင်းမှာပဲ ငါးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာဟာ အခွင့်အရေးနှစ်ကြိမ်လောက်ကို လွဲချော်ခဲ့ပေမယ့် သူ့ရဲ့တစ်ပွဲလုံး ကစားသွားမှုအရဆိုရင် ဘောလုံးထိချက် ၉၅ ချက်၊ ဘောလုံးပေးပို့မှု ၆၈ ကြိမ်အထိပြုလုပ်နိုင်တာကြောင့် နေမာရဲ့ လက်ရှိခြေစွမ်းဟာ အကောင်းဆုံးဖြစ်နေတယ်ဆိုတာကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

**မက်ဆီကတော့ မက်ဆီပါ**

ဘာစီလိုနာအနေနဲ့ ဒီပွဲမှာ ပြီးခဲ့တဲ့နှစ်ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှာ အရေးနိမ့်ခဲ့တဲ့ ဂျူဗင်တပ်ကို အကောင်းဆုံးပြန်လည်တုံ့ပြန်နိုင်ခဲ့တဲ့ရလဒ်လို့ ပြောနိုင်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ဂျူဗင်တပ်ဘက်ကို ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့သလို သွင်းဂိုးသုံးဂိုးအထိ သွင်းယူနိုင်ပေမယ့် ဂိုးပေါက်ခြိမ်းခြောက်မှုမှာတော့ ဂျူဗင်တပ်အသင်းကတောင်အသာရခဲ့တာကိုတွေ့ရပါတယ်။ ရလဒ်ကို အလှည့်အပြောင်း လုပ်သွားနိုင်ခဲ့တာက ဘာစီလိုနာထိပ်တန်း တိုက်စစ်မှူး မက်ဆီရဲ့ ဂိုးသွင်းသေချာမှုကြောင့်လို့သာ ဆိုရမှာဖြစ်ပါတယ်။ ဘာစီလိုနာဟာ ဂိုးရဖို့ ရုန်းကန်ခဲ့ရပေမယ့် ပထမပိုင်းပြီးဆုံးဖို့ မိနစ်ပိုင်းအလိုမှာ ဆွာရက်ဇ်နဲ့ ဘောလုံးအပေးအယူလုပ်ပြီး အဖွင့်ဂိုးကို မက်ဆီက လှလှပပသွင်းပေးနိုင်ခဲ့ပါတယ်။ ရာကီတစ်သွင်းယူခဲ့တဲ့ ဒုတိယဂိုးဟာလည်း မက်ဆီရဲ့ပေးပို့မှုကတစ်ဆင့် သွင်းယူခဲ့တာဖြစ်ပြီး ပွဲချိန် ၆၉ မိနစ်မှာ မက်ဆီကပဲ ကိုက် ၂၀ အကွာကနေ အပြင်းကန်သွင်းကာ တတိယဂိုးကို ထပ်မံသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မက်ဆီအနေနဲ့ ချန်ပီယံလိဂ်မှာ တွေ့ဆုံတဲ့အသင်း ၂၇ သင်းကို ဂိုးသွင်းနိုင်ခဲ့တဲ့ ကစားသမားဖြစ်လာပြီး သူ့ထက် မတူညီတဲ့ အသင်းတွေကို ချန်ပီယံလိဂ်မှာ ဂိုးသွင်းနိုင်တာ ဆိုလို့ ရီးယဲလ်တိုက်စစ်မှူးဟောင်း ရာအူးလ် (၃၃ သင်း)၊ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒို (၃၁ သင်း)၊ မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ် (၂၉သင်း)တို့သာ ရှိပါတော့တယ်။ ဂျူဗင်တပ်အနေနဲ့ ချန်ပီယံလိဂ်အုပ်စုတွင်းမှာ ယခုလို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာက ၂၀၀၉ ခုနှစ် ဘိုင်ယန်ကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ပြီးနောက် ပထမဦးဆုံးအကြိမ် ဖြစ်ပါတယ်။



### ချန်ပီယံလိဂ်ပွဲစဉ်(၁) ရလဒ်များ

| | | |
|---|---|---|
| ဘင်ဖီကာ | ၁-၂ | စီအက်စ်ကေအေ |
| မန်ယူ | ၃-၀ | ဘေဆယ်လ် |
| ဆဲလ်တစ် | ၀-၅ | ပီအက်စ်ဂျီ |
| ဘိုင်ယန် | ၃-၀ | အန်ဒါလက်ချ် |
| ချယ်လ်ဆီး | ၅-၀ | ကာရာဘတ် |
| ရိုးမား | ၀-၀ | အက်သလက် |
| ဘာစီလိုနာ | ၃-၀ | ဂျူဗင်တပ် |
| အိုလံပီယာကို့စ် | ၂-၃ | စပို့တင်းလစ္စဘွန်း |

## အင်္ဂလန်ကို ပြန်ချင်တယ်လို့ စီရိုနယ်လ်ဒိုဆို

ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက အခွန်လိမ်လည်သည်ဟူသော စွပ်စွဲချက်များကြောင့် စပိန်တရားရုံးတွင် ကြားနာမှုစစ်ဆေးခံနေချိန် အင်္ဂလန်သို့သာ ပြန်ချင်သည်ဟု ပြောကြားခဲ့သည်။ စီရိုနယ်လ်ဒိုက သူ့အနေဖြင့် မည်သည့်အရာကိုမျှ ဖုံးကွယ်ခဲ့ခြင်းမရှိသလို အင်္ဂလန်တွင် ယင်းအဖြစ်မျိုးကြုံခဲ့ရခြင်းမရှိသည့်အတွက် အင်္ဂလန်တွင်သာ ပိုမိုပျော်ရွှင်သည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ စီရိုနယ်လ်ဒိုက ပေါင် ၁၃ ဒသမ ၁ သန်း အခွန်လိမ်ခဲ့သည်ဟု စွဲချက်ကြောင့် တရားရုံးတွင် စစ်ဆေးခံရချိန်တွင် “ကျွန်တော် ဘယ်အရာကိုမှ ဖုံးကွယ်ထားခြင်းမရှိသလို အခု ဒီနေရာမှာ ဘာလာလုပ်နေရသလဲဆိုတာတောင် မသိဘူးဖြစ်နေတယ်။ ဒီလိုပြဿနာတွေ အင်္ဂလန်မှာ ဘယ်တုန်းကမှမရှိခဲ့ဘူး။ ဒါကြောင့် အင်္ဂလန်ကို မပြန်ချင်ဘူးလို့ ကျွန်တော်ဘယ်တုန်းကမှ မပြောခဲ့တာပါ”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

## အဲဗာတန်နှင့်ပွဲကို ပေါ့ဘာလွဲချော်မည်

ဘေဆယ်လ်နှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပေါ့ဘာမှာ ပွဲကစားချိန် ၁၈ မိနစ်အရောက် ဒဏ်ရာရရှိခဲ့ပြီး ဖယ်လိုင်နီနှင့် လူစားလဲခဲ့ရသည်။ ပေါ့ဘာ ရရှိတဲ့ ဒဏ်ရာမှာ တံကောက်ကြောဒဏ်ရာဖြစ်နိုင်ပြီး အဲဗာတန်နှင့် ပွဲစဉ်ကို ပေါ့ဘာ လွဲချော်မည်ဖြစ်ကြောင်း မန်ယူနည်းပြ မော်ရင်ဟိုက အတည်ပြုခဲ့သည်။

မော်ရင်ဟိုက “ဒါက တံကောက်ကြောဒဏ်ရာဖြစ်နိုင်ပါတယ်။ တနင်္ဂနွေနေ့အတွက်တော့ ပေါလ်(ပေါ့ဘာ) ပါဝင်နိုင်မှာမဟုတ်ပါဘူး”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော် မော်ရင်ဟိုက ပေါ့ဘာနေရာ ကစားနိုင်မယ့် ကားရစ်၊ မာတစ်၊ ဟာရဲရား၊ ဖယ်လိုင်နီတို့ရှိနေတဲ့အတွက် ပြဿနာမရှိကြောင်း ရှင်းချက်ပေးခဲ့သည်။

# အိမ်ကွင်းမှာ နိုင်ပွဲတစ်ပွဲထပ်မံရယူသွားမယ့် ရိုးမား

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ - ၄

စီးရီးအေပွဲစဉ် (၄)ကို လာမယ့် စက်တင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေ ကစားပြီးချိန်မှာ ကစားရမယ့်ပွဲစဉ်ဖြစ်နေတာကြောင့် အသင်းကြီးတွေအနေနဲ့ ပွဲပန်းမှုတွေရှိလာနိုင်ကာ ဒီပွဲစဉ်မှာတော့ ရိုးမားတို့ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိပါတယ်။

### ခရိုတိုနီ - အင်တာ ည ၇း၃၀ (၁၆-၉-၁၇)

ခရိုတိုနီက ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးသလို တစ်ဂိုးမှလည်း သွင်းယူနိုင်ခြင်းမရှိခဲ့တဲ့ တိုက်စစ်ကလည်း အားနည်းမှုတွေရှိနေပါတယ်။ အင်တာမီလန်ကတော့ ခြေစွမ်းပိုင်းအရ ကောင်းမွန်နေကာ တိုက်စစ်ပိုင်းလည်း ထက်မြက်နေတာကြောင့် အင်တာမီလန်ပဲ အနိုင်ရမယ်။

### ဖီအိုရင်တီးနား - ဘိုလော့နာ ည ၁၀း၃၀ (၁၆-၉-၁၇)

ဖီအိုရင်တီးနားက ရာသီအစပွဲတွေမှာ ရလဒ်ပိုင်းအားနည်းမှုတွေ ရှိခဲ့တာကြောင့် အခုလိုပွဲမျိုးမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် ဖီအိုရင်တီးနားအနေနဲ့ အိမ်ကွင်းဖြစ်နေတာကြောင့် တိုက်စစ်အားပြုကစားလာမှာဖြစ်ပါတယ်။ ဘိုလော့နာကတော့ ဘီနီဗန်တိုကိုတောင် ခက်ခက်ခဲခဲ အနိုင်ရယူခဲ့ရတဲ့အသင်းပါ။ ဖီအိုရင်တီးနားပဲ အနိုင်ရမယ်။

### မီလန် - အူဒီးနီးစ် ည ၇း၃၀ (၁၇-၉-၁၇)

မီလန်က ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုတွေရှိနေကာ အိမ်ကွင်းလည်း ဖြစ်နေပေမယ့် ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အူဒီးနီးစ်ကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေကာ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲတစ်ပွဲမှ မရသေးတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ မီလန်ကသာ နိုင်ပွဲကပ်ရသွားနိုင်ဖို့ရှိနေပါတယ်။

### နာပိုလီ - ဘီနီဗန်တို ည ၇း၃၀ (၁၇-၉-၁၇)

တန်းတက်အသင်းတစ်သင်းဖြစ်တဲ့ ဘီနီဗန်တိုက ခြေစွမ်းပိုင်း အားနည်းမှုတွေများနေပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲရယူနိုင်ခြင်းမရှိသေးပါဘူး။ နာပိုလီကတော့ တိုက်စစ်ပိုင်းကစားပုံကအစ ကောင်းမွန်နေကာ အသင်းလိုက်ခြေစွမ်းပိုင်းလည်း တည်ငြိမ်နေပြီး အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့်လည်း နာပိုလီက ချန်ပီယံလိဂ်အဝေးကွင်းပွဲ ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း နာပိုလီ ဂိုးနည်းနည်းနဲ့သာနိုင်မယ်။

### SPAL - ကယ်ဂလီယာရီ ည ၇း၃၀ (၁၇-၉-၁၇)

တန်းတက်အသင်းတစ်သင်းဖြစ်တဲ့ SPAL ဟာ စီးရီးအေအတွေ့အကြုံနုနယ်လွန်းတဲ့ အသင်းတစ်သင်းဖြစ်သလို ကစားသမားအင်အားပိုင်းကလည်း အားနည်းမှုတွေရှိနေပေမယ့်လည်း အသင်းလိုက်ကစားအားကတော့ ကောင်းမွန်ကာ အိမ်ကွင်းဖြစ်နေပါတယ်။ ကယ်ဂလီယာရီကတော့ ခြေစွမ်းပိုင်း အားနည်းနေပါတယ်။ SPAL တို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### တိုရီနို - ဆမ်ဒိုးရီးယား ည ၇း၃၀ (၁၇-၉-၁၇)

တိုရီနိုခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်လို့ဆိုနိုင်ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တဲ့အပြင် ဥရောပပွဲလည်းကစားဖို့မရှိတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဆမ်ဒိုးရီးယားကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေကာ တိုက်စစ်ပိုင်းကစားပုံလည်း ကောင်းမွန်မှုရှိတာကြောင့် ဒီပွဲမှာ တိုရီနိုတို့ရုန်းကန်ရနိုင်ပါတယ်။ တိုရီနိုတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ဒီပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ ခက်ခဲလွန်းပါတယ်။

### ဂျီနိုအာ - လာဇီယို နံနက် ၁း၁၅ (၁၈-၉-၁၇)

ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် လာဇီယိုတို့ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း လာဇီယိုခြေက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ ဂျီနိုအာကတော့ အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့် ခံစစ်ပိုင်း အားနည်းမှုတွေရှိနေကာ နိုင်ပွဲရယူနိုင်ဖို့ ပွဲတိုင်းမှာ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဖြစ်ပေမယ့်လည်း လာဇီယိုတို့ ဂျီနိုအာကို ထိန်းချုပ်နိုင်ဖို့ရှိနေပါတယ်။ လာဇီယိုအဝေးကွင်းမှာ နိုင်ပွဲကပ်ရသွားနိုင်ဖို့ရှိနေပါတယ်။

### ရိုးမား - ဗီရိုနာ နံနက် ၁း၁၅ (၁၇-၉-၁၇)

ဒီနှစ်သင်း နောက်ဆုံးသုံးကြိမ်ဆုံတွေ့မှုမှာ သုံးကြိမ်စလုံး သရေနဲ့အဆုံးသတ်ခဲ့ရတာ မှန်ပေမယ့် ဒီရာသီအစမှာရလဒ်ပိုင်း သိပ်မကောင်းတဲ့ ရိုးမားတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ရိုးမားအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရမှာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့် ဗီရိုနာကလည်း နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတဲ့အထိ ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ရိုးမားပဲ အနိုင်ရမယ်။

### ဆာစူအိုလို - ဂျူဗင်တပ် ညနေ ၅း၀၀ (၁၇-၉-၁၇)

ဂျူဗင်တပ်က ဘာစီလိုနာလိုအသင်းနဲ့ ချန်ပီယံလိဂ်အဝေးကွင်းပွဲ ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဆာစူအိုလို ကလည်း ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းမှုတွေရှိလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ကစားသမားအင်အားပိုင်းမှာ ဂျူဗင်တပ်က ပိုမိုတောင့်တင်းမှုရှိနေတာကြောင့် ဆာစူအိုလိုထက် ပွဲပန်းမှုကို ပိုမိုတောင့်ခံနိုင်မှာ ဖြစ်သလို ခြေစွမ်းပိုင်းလည်း ပိုမိုကောင်းမွန်နေပါတယ်။ ဆာစူအိုလိုကွင်း ဖြစ်ပေမယ့် ဂျူဗင်တပ်ပဲ အနိုင်ရမယ်။

### ချီယေဗို - အတ္တလန္တာ ည ၁၀း၃၀ (၁၇-၉-၁၇)

အတ္တလန္တာခြေက မနှစ်က ခြေစွမ်းပိုင်းကိုမမီပါဘူး။ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေကာ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ချီယေဗိုကတော့ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အတ္တလန္တာတို့ အမြင့်ဆုံးသရေပဲရမယ်။

# ခြေလှမ်းသစ်များဖြင့်လျှောက်လှမ်းလာမည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်

ဒေါက်တာမြင့်သိန်း (B.V.S)

မြန်မာနိုင်ငံသားပြည်သူအပေါင်းတို့၏ တစ်ခုတည်းသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သည်ကား ယခုအခါ နှစ်ပေါင်း (၁၁၁) နှစ်ကျော်တိုင်ခဲ့ပြီ။ ၁၉၀၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့စဉ်ကတည်းက နှစ်ပေါင်း (၉၀) နီးပါးတိုင်အောင်အမိမြန်မာပြည်၏တစ်ခုတည်းသော ပြိုင်ဘက်မရှိ နှစ်လိုဖွယ်တိရစ္ဆာန်ဥယျာဉ်ကြီးအဖြစ် ရပ်တည်လာခဲ့ပါသည်။ ထို့နောက်ပိုင်းတွင်တော့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီး၏ ဆွေမျိုးညာတိများ ဖြစ်လာကြမည့် ရတနာပုံတိရစ္ဆာန်ဥယျာဉ်နှင့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်များ အလျှိုအလျှိုပေါ်ထွန်းလာခဲ့ကြသည်။ ထိုကဲ့သို့ နှစ်ပေါင်းရာကျော်တိုင်အောင် လျှောက်လှမ်းခဲ့ရသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ခရီးလမ်းကား ပန်းခင်းသောလမ်းမဟုတ်ခဲ့ပါချေ။ အနိဋ္ဌာရုံပေါင်းများစွာပြည့်နှက်နေခဲ့ပြီး နာမည်ဆိုးဖြင့် ကျော်ကြားသော ဒုတိယကမ္ဘာစစ်ပွဲကိုပါ ရင်ဆိုင်ဖြတ်သန်းခဲ့ရပါသည်။ စစ်ပွဲကာလအတွင်း အချို့သော တောရိုင်းတိရစ္ဆာန်များကို ရင်ဝယ်ပိုက်သားကဲ့သို့ ရင်ခွင်ထဲဆွဲသွင်း၊ အချို့အကောင်များကို ကျောပေါ်တင်ချီပိုး၊ ရင်ဝယ်လည်း ပိုက်မနိုင် ကျောပေါ်လည်းတင်မခံနိုင်သော အကောင်ကြီး ဆင်တွေကိုတော့ဖြင့် လှိုင်မြစ်ကိုဖြတ်ကြည့်မြင်တိုင်တစ်ဖက်ကမ်း အေးရွာကိုသွားထား၊ ကိုက်တတ်ဖြတ်တတ် အစွယ်အဖွေးသားနဲ့ ကျားသစ်အုပ်စုတွေ၊ ခွေးအအုပ်စုတွေကိုတော့ဖြင့် စစ်ဘေးဒဏ်လွတ်ကင်းရာ ဟင်္သာတမြို့က ဦးဘသိန်းဆီသွားပို့စသဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အဖို့ ကြီးစွာပင်ပန်းခဲ့ရပါသည်။ တစ်ဖန်မြန်မာပြည်မှ အင်္ဂလိပ်တပ်အထွက် ဂျပန်စစ်တပ်အဝင်တွင်လည်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို အမြန်ပြန်ဖွင့်ဖို့ ဂျပန်စစ်ဗိုလ်၏ အမြော်အမြင်ကြီးစွာ တောင်းဆိုချက်အရ ဟင်္သာတနှင့် အေးရွာသို့ ရောက်နေသော စစ်ဘေးတိမ်းရှောင်တိရစ္ဆာန်များအား လူအင်အားဖြင့် အမြန် ပြန်သယ်ဖွင့်လှစ်ရပြန်သည်။ စစ်အတွင်းပင်ဖြစ်သော်ငြားလည်း ထိုအချိန်ကတည်းကပင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ တိရစ္ဆာန်မျိုးစိတ်စုံစွာဖြင့်ဝေဆာနေခဲ့ပါသည်။ ဟိုင်အီနားကဲ့သို့သော စိတ်ဝင်စားဖွယ်အာဖရိကတောခွေးကြီးများကိုပင်ပြသနိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် စစ်ပွဲကြီးများနိဋ္ဌိတံ၍ သွားကြလေပြီးနောက် မြန်မာပြည်သည်လည်း လွတ်လပ်ရေးရလေသောအခါ တိရစ္ဆာန်ဥယျာဉ်အဖို့ ကိုယ့်သခင်နှင့်ကိုယ်အုပ်ချုပ်ခွင့်ရှိလာသည်။

## တိရစ္ဆာန်ဥယျာဉ်

ဤနေရာတွင် တိရစ္ဆာန်ဥယျာဉ်ဆိုသည့်သဘောကို အနည်းငယ် ရှင်းလင်းတင်ပြခွင့်ပြုစေလိုပါသည်။ တိရစ္ဆာန်ဥယျာဉ်ဆိုသည်မှာ သဘာဝတောအတွင်း လွတ်လပ်စွာ သွားလာနေသော တောရိုင်းတိရစ္ဆာန်များကိုဖမ်းဆီးပြီး တိရစ္ဆာန်ဥယျာဉ်အတွင်း ပြည်သူအများအား အပန်းဖြေပျော်ရွှင်စေရုံသက်သက်ဖြင့်သာပြသသော နေရာဌာနများမဟုတ်ကြပါ။ အကယ်၍ ထိုတိရစ္ဆာန်များသေဆုံးသွားကြသောအခါ သဘာဝတောအတွင်း ထပ်မံဖမ်းဆီးကြပြန်ပြီး တိရစ္ဆာန်ရုံများသို့ ပြန်လည်ပေးပို့ကြဦးမည်ဆိုလျှင် ကမ္ဘာပေါ်ရှိ စုစုပေါင်းတစ်သောင်းကျော်ရှိသော တိရစ္ဆာန်ဥယျာဉ်များအတွက် အမြဲလိုအပ်လျက်ရှိသော တောရိုင်းတိရစ္ဆာန်ကောင်ရေကိုကား မတွေးဝံ့စရာ အလွန်ကျောချမ်းစရာအခြေအနေတစ်ခုပါ။ သို့အတွက်ကြောင့် တိရစ္ဆာန်ဥယျာဉ်တို့သည် တောရိုင်းတိရစ္ဆာန်များကို ပြည်သူလူထုသို့ စဉ်ဆက်မပြတ် ပညာပေးပြသနိုင်ရေးအတွက် လိုအပ်သော တောရိုင်းတိရစ္ဆာန်များကို မိမိဥယျာဉ်အတွင်း ချိန်ခါမပြတ် သားဖောက်မွေးမြူခြင်း (Captive breeding ) လုပ်ငန်းကို မလွဲမသွေ ဖောက်ချလုပ်ကိုင်ကြရပါသည်။

ဤနေရာတွင် ဗဟုသုတဖြစ်ဖွယ် ထပ်မံတင်ပြလိုသည်က ကမ္ဘာပေါ်ရှိ တိရစ္ဆာန်ဥယျာဉ်များနှင့်ပတ်သက်၍ မဖြစ်မနေ လိုက်နာစောင့်ထိန်းသွားရမည့်ဆိုရိုးစကားတစ်ခွန်းရှိနေခဲ့ပါသည်။ ၎င်းမှာတိရစ္ဆာန်ဥယျာဉ်များသည် တောရိုင်းတိရစ္ဆာန်များကို ဖျက်ဆီးဝါးမျိုပစ်သောနေရာ (အချည်းနှီးမဲ့ အကျိုးမဲ့ သေစေသောနေရာ) မဖြစ်ပါစေနှင့် တောရိုင်းတိရစ္ဆာန်များကိုထုတ်လုပ်သောနေရာ အကျိုးဖြစ်ထွန်းစေသောနေရာဖြစ်ပါစေ ဟူ၍ ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာပေါ်ရှိ တိရစ္ဆာန်ဥယျာဉ်တိုင်းအား ရှားပါးသော တောရိုင်းတိရစ္ဆာန်များကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်မွေးမြူကာ သားဖောက်စေပြီး သဘာဝတောအတွင်းသို့ ပြန်လွှတ်စေခြင်း ( Conservation & Reintroduction ) အထိ လုပ်ဆောင်ရန် ကမ္ဘာ့တိရစ္ဆာန်ဥယျာဉ်များအသင်းအဖွဲ့ကြီး ( WAZA – World Zoos and Aquarium Association ) က တိုက်တွန်းထားခဲ့ပြီးဖြစ်သကဲ့သို့ ဂုဏ်သရေရှိသော တိရစ္ဆာန်ဥယျာဉ်တိုင်းသည်လည်း ထိုသို့ တောရိုင်းတိရစ္ဆာန်များကိုထိန်းသိမ်းစောင့်ရှောက်ခြင်း (Conservation ) သာမကတိရစ္ဆာန်ဥယျာဉ်တစ်ခု၏သုတေသနဆိုင်ရာလုပ်ငန်း ( Research ) များနှင့် ပြည်သူတစ်ရပ်လုံးမှ တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုအပိုင်းတွင် စိတ်အားထက်သန်စွာ ပါဝင်လာနိုင်စေရန် ပညာပေးခြင်း (Education awareness) လုပ်ငန်းများကိုပါ အားသွန်ခွန်စိုက်လုပ်ကိုင်လာကြပါသည်။

## ဘေဆယ်တိရစ္ဆာန်ဥယျာဉ်

ဤနေရာတွင် စာရှုသူများကို အထူးမိတ်ဆက်ပေးလိုသည့် တိရစ္ဆာန်ဥယျာဉ်တစ်ခုရှိနေခဲ့ပါသည်။ ၎င်းမှာ ဆွစ်ဇာလန်နိုင်ငံရှိ ဘေဆယ်တိရစ္ဆာန်ဥယျာဉ် (Basel Zoo) ဖြစ်ပြီး နှစ်စဉ်လူဦးရေ နှစ်သန်းနီးပါးလာရောက်လည်ပတ်လျက်ရှိနေပါသည်။ ထိုတိရစ္ဆာန်ဥယျာဉ်သည်လည်း အထက်တွင်ဆိုခဲ့သည့်အတိုင်း တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ( Conservation ) ကို ဆောင်ရွက်ရာတွင် ကမ္ဘာပေါ်၌ ယခုအခါ မျိုးသုဉ်းရန် ရင်ဆိုင်နေရပြီဖြစ်သည့် အမေရိကန် တောလိုက်ကျားသစ်ချိတာ (Cheetah ) များ၊ အိန္ဒိယကြံ့ ( Indian Rhino )များနှင့် အိုကပီ (Okapi) များအား ဥယျာဉ်များအတွင်းသားဖောက်သည့် နည်းပညာရပ်ကို ဦးဆောင်သူအဖြစ် ကမ္ဘာပေါ်တွင်ကျော်ကြားလာခဲ့သည်ကို အားကျဖွယ်မြင်တွေ့ရပါသည်။ တစ်ဖန် စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အခြားသော ထင်ရှားသည့် တိရစ္ဆာန်များဖြစ်သည့် လူဝံများ၊ ရေမြင်းများ၊ ကြံ့များနှင့် ဖလန်မင်ဂိုများကိုလည်း ကောင်းစွာပြသထားနိုင်သည့် တိရစ္ဆာန်ဥယျာဉ်တစ်ခုဖြစ်ပါသည်။ ဆက်လက်၍ ကြီးမားသော လုပ်ငန်းချဲ့ထွင်မှုများနှင့် ဆွစ်ဇာလန်တွင် အကြီးမားဆုံးသောငါးပြတိုက်ကိုလည်း များမကြာမီနှစ်များအတွင်း ဖွင့်လှစ်ပြသရန်စီစဉ်လျက်ရှိနေပါသည်။ တောရိုင်းတိရစ္ဆာန်များအား သံတိုင်များ၊ ခြံစည်းရိုးများ၊ ကျင်းများတူး၍ပြသသောပုံစံ ( Menageries Type ) ကိုလုံးဝအသုံးမပြုတော့ဘဲ ဟာလာဟင်းလင်းပြသသောပုံစံ ( Open Type) ကိုသာ ခေတ်အမီဆုံး အနေအထားဖြင့် တည်ဆောက်ခဲ့ပါသည်။

ထပ်မံတင်ပြလိုသည့်တိရစ္ဆာန်ဥယျာဉ်ကား ကနေဒါနိုင်ငံတွင် အကြီးဆုံးဖြစ်သည့် တိုရွန်တိုတိရစ္ဆာန်ဥယျာဉ် (Toronto Zoo) ဖြစ်ပြီး ချီးမွမ်းဖွယ်အကောင်းဆုံးအချက်မှာ မျိုးသုဉ်းတော့မည့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အခြားသောတိရစ္ဆာန်ဥယျာဉ်များနှင့် ပူးပေါင်းလက်တွဲ လုပ်ဆောင်လျက်ရှိပြီး ယခုအခါ အဖွဲ့ပေါင်း ၁၇ ဖွဲ့နှင့်ချိတ်ဆက်ပြီးဖြစ်သကဲ့သို့ သုတေသနပြုသူများ၊ ကျောင်းသားများနှင့် ပူးပေါင်းလုပ်ဆောင်မှုကိုထိုတိရစ္ဆာန်ဥယျာဉ်သည် လွန်စွာတန်ဖိုးထားရှိခဲ့ပါသည်။ ထို့အပြင် တောရိုင်းတိရစ္ဆာန်မျိုးစိတ်ပေါင်းများစွာကိုလည်း ဥယျာဉ်အတွင်း မျိုးဆက်ပွားစေပြီး သဘာဝတောတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့ခြင်း (Reintroduction ) ကိုလည်း အောင်မြင်စွာလုပ်ဆောင်လျက်ရှိပါသည်။ သစ်ကုလားအုတ်မှအစ ဂေါ်ရီလာ ( လူဝံ )ပါမကျန်ပြသထားပြီး ညဘက်တွင်သာ ကျက်စားသောသတ္တဝါ (Nocturnal Species) များအတွက်လည်း ပြကွင်းပြကွက်များကို အထူးတည်ဆောက်ပေးထားပါသည်။ ထို့ပြင် ယခုအခါ အလွန်ပင်ထင်ရှားကျော်စောသော ကိုမိုဒိုဖွတ်နဂါးကြီး (Komodo Dragon ) များကိုလည်း ပြည်သူများသို့ ပြသထားပြန်ပါသည်။ ထို့အတူအမေရိကန်နိုင်ငံရှိ ဘရွန့်တိရစ္ဆာန်ဥယျာဉ် ( Bronx Zoo) သည်လည်း စတင်ဖွင့်လှစ်စဉ်ကတည်းကပင် မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များအား ဥယျာဉ်အတွင်းမျိုးဆက်ပွားစေခြင်း ( Captive Breeding) လုပ်ငန်းကို ဗဟိုချက်မအဖြစ်ထားရှိ၍ အာရုံစူးစိုက် ဖောက်ချ လုပ်ဆောင်မည်ဟု ကြွေးကြော်ကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

ဤနေရာတွင် တောရိုင်းတိရစ္ဆာန်များအားဥယျာဉ်အတွင်း မျိုးဆက်ပွားစေခြင်း (Captive Breeding ) ကိစ္စရပ်ကို အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုစေလိုပါသည်။ သဘာဝတောအတွင်းတွင် ဘဝဆက်လက်ရှင်သန်နိုင်ရန် ခဲယဉ်းသော သို့မဟုတ် ဖြစ်နိုင်ခြေနည်းပါးသောမျိုးသုဉ်းလုနီး တောရိုင်းတိရစ္ဆာန်များ အစုအဝေးကို လူတို့၏ ခြံဝင်းလှောင်အိမ်များအတွင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း (Exsitu Conservation)၊ ပြည်သူတစ်ရပ်လုံးမှ တောရိုင်းတိရစ္ဆာန်များအားထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုအပိုင်းတွင် စိတ်အားထက်သန်စွာ ပါဝင်လာနိုင်စေရန်ပညာပေးခြင်း (Education awareness)၊ သုတေသနပြုခြင်း ( Research ) နှင့် စိတ်ဝင်စားဖွယ်ရာကောင်းသော မျိုးစိတ်များအား ပြည်သူများအားပြသခြင်း ( Public enjoyment ) များ ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် မျိုးဆက်ပွားဌာန ( Captive Breeding Centre ) များကို တည်ထောင်ဖွင့်လှစ်လုပ်ကိုင်ကြသည်။ တောရိုင်းတိရစ္ဆာန်များကို ထာဝရမျိုးပျက်သုဉ်းမှု မရှိစေရေးတွင် တိရစ္ဆာန်ဥယျာဉ်များ၏ မျိုးဆက်ပွားဌာန (Captive Breeding Centre) များသည် အရေးကြီးဆုံးသော အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းဖြစ်ပါသည်။ ထို့ပြင် ထိုသို့ မျိုးဆက်ပွားဌာနများတွင် မွေးမြူစောင့်ရှောက်ထားသော တောရိုင်းတိရစ္ဆာန်များ၏ အကြောင်းကို အနီးကပ်သေချာစွာလေ့လာခြင်းဖြင့် ထိုတိရစ္ဆာန်များ၏ အပြုအမူများ၊ မျိုးပွားနိုင်စွမ်း စံနှုန်းများနှင့် အစာအာဟာရပိုင်းဆိုင်ရာ လိုအပ်ချက်များကို အတွေ့အကြုံများရရှိလာနိုင်ပြီး ထိုသင်ခန်းစာများမှတစ်ဆင့် အမှန်တကယ် သဘာဝတောအတွင်းရှိ တောရိုင်းတိရစ္ဆာန်များကို နိုင်နင်းစွာကိုင်တွယ် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် အကျိုးကျေးဇူးကို ရရှိနိုင်သည်။

## မေထုန်မဲ့သားစပ်

သို့ပါ၍ အထက်ပါအတိုင်း မျိုးဆက်ပွားဌာန (Captive Breeding Centre ) များ၏ လုပ်ကိုင်မှုကြောင့် မျိုးသုဉ်းရန် ချောက်နှုတ်ခမ်းဝရောက်ရှိနေသော တောရိုင်းတိရစ္ဆာန်မျိုးစိတ် အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်ခြင်းဆိုသော စိုးရိမ်ရေမှတ်ကို ကောင်းစွာကျော်လွှားနိုင်ခဲ့ပြီးဖြစ်ပါသည်။ အကောင်းဆုံး ဥပမာများကိုတင်ပြရလျှင် အမေရိကန်ပြောင်များ ( American Bison)၊ ကယ်လီဖိုးနီးယား လင်းတ (Californian Condor)၊ ပရက်ဝါစကီးမြင်း ( Przewalski's Horse) များနှင့် အခြားမျိုးစိတ်များစွာတို့သည် မျိုးဆက်ပွားဌာန (Captive Breeding Centre) များ တည်ထောင်ခြင်း၏ နောက်ဆက်တွဲ အကျိုးရလဒ်ကို ကောင်းစွာခံစားကြရခြင်းဖြစ်ပါသည်။ သို့ပါသော်လည်း ထိုကဲ့သို့သော အကျိုးရလဒ်များကိုဖြစ်စေရာတွင် ချန်လှပ်ထားခဲ့ရန်မသင့်သော မေထုန်မဲ့သားစပ်ခြင်း (Artificial Insemination) အကြောင်းကိုလည်း အနည်းငယ်တင်ပြလိုပါသေးသည်။ မေထုန်မဲ့ သားစပ်ခြင်းဆိုသည်မှာ အထီး၏ သုက်ရည် (သုက်ပိုး) ကိုထုတ်ယူ၍ ထိုသုက်ရည်ကို အမ၏မျိုးပွားခြင်းနှင့် ပတ်သက်စပ်ဆိုင်သော လမ်းကြောင်းတစ်လျှောက်တစ်နေရာရာသို့ နည်းလမ်းအသွယ်သွယ်ဖြင့် သွတ်သွင်းပေးပြီး မျိုးအောင်စေခြင်းကိုခေါ်ဆိုပါသည်။ ကောင်းစွာဖွံ့ဖြိုးတိုးတက်ခြင်းမရှိသေးသော အချိန်အခါကမူ အထီး၏သုက်ရည်ကို အမ၏ မွေးလမ်းကြောင်းမှတစ်ဆင့်သာ သားအိမ်ဝအနီးချထားပေးပြီး အမမျိုးဥနှင့် မျိုးအောင်စေကာ သားလောင်းကိုဖြစ်စေသည်။ သို့ပါသော်လည်း ယခုခေတ်အခါသည်ကား မေထုန်မဲ့ သားစပ်ခြင်းနည်းပညာမှာ လွန်စွာအံ့မခန်းတိုးတက်သွားခဲ့ပြီဖြစ်ပါသည်။ အမထံမှ မျိုးဥကိုပြင်ပသို့ ထုတ်ယူ၍အထီး၏သုက်ပိုးနှင့် ဓာတ်ခွဲခန်းအတွင်းပေါင်းစပ်ကာသန္ဓေသားကို ဖြစ်ပေါ်စေခြင်း ( In vitro fertilization )၊ အငှားကိုယ်ဝန်ဆောင်စေခြင်း ( Surrogacy ) ထိုသန္ဓေသားကို အမ၏ သားအိမ်ထဲထည့်သွင်းပြီး အကောင်ကိုကြီးထွားစေခြင်း၊ တစ်ခါတစ်ရံ အထီး၏သုက်ရည်ကို အမ၏မျိုးဥပြွန်ကတော့ထဲသို့ တိုက်ရိုက်ထည့်သွင်းခြင်း အစရှိသည့် သန္ဓေသားလောင်းကို ဖြစ်ပေါ်စေသောလုပ်ငန်းစဉ်နည်းပညာရပ်များ ( ART - Assisted reproductive technology ) ကား တောရိုင်းတိရစ္ဆာန် မျိုးဆက်ပွားဌာန ( Captive Breeding Centre ) များတွင် ရေလဲပုဆိုးပမာ တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိနေကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ကြားသိနေရပါပြီ။ ဤကိစ္စကို အနီးစပ်ဆုံးလက်ညှိုးထိုးပြရလျှင်ဖြင့် မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များပေါင်းစုအသင်းအဖွဲ့ ( ZPO – Zoological Park Organization ) အကြောင်းကို ဂုဏ်ယူဖွယ်တင်ပြလိုပါသည်။ ထိုတိရစ္ဆာန်ဥယျာဉ်များ ပေါင်းစုအသင်းအဖွဲ့သည် အထက်တွင်ဖော်ပြပြီးစီးခဲ့ပြီးဖြစ်သည့် နည်းပညာရပ်များဖြင့် မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များကို ကောင်းစွာသားဖောက်လျက်ရှိရာ မြန်မာ့မျိုးရင်းဖြစ်သော မြန်မာ့ရွှေသမင် ( Eld's Deer ) များကိုလည်း မျိုးရိုးဗီဇကြွံခိုင်စွာဖြင့် အောင်မြင်စွာ သားဖောက်နိုင်ခဲ့ကြောင်း ကြားသိရခိုက်မှာ ဝမ်းသာဝမ်းနည်းစိတ်များခံစားရမိပါသည်။ အင်းကြား ( Clouded Leopard ) ကိုလည်း များမကြာသေးမီက မေထုန်မဲ့ သားစပ်နည်းများဖြင့် ကောင်ရေများပွားများစေခဲ့ပါသည်။ ဤသို့အောင်မြင်မှုအပေါင်းသည်လည်း ဂုဏ်သိက္ခာရှိသော တိရစ္ဆာန်ဥယျာဉ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှု (Good Zoos Work Together) ၏ အကျိုးရလဒ်ဟုဆိုရလျှင် မှားအံ့ဟု မထင်မိပေ။

## သမိုင်းဝင်မော်ကွန်းတွင်ရစ်

ဤနေရာတွင် ဝမ်းမြောက်ဖွယ်သတင်းစကားပါးလိုသည်က အထက်တွင်ဆိုခဲ့သည့် တိရစ္ဆာန်ဥယျာဉ်တစ်ခု၏စွမ်းဆောင်ရည်များပြည့်ဝသော ထိုင်းနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များပေါင်းစုအသင်းအဖွဲ့ (ZPO) နှင့် မြန်မာနိုင်ငံအတွင်းရှိ တိရစ္ဆာန်ဥယျာဉ်များတို့သည် အမျိုးမျိုးအဖုံဖုံသောလုပ်ငန်းရပ်များကို နှစ်ဦးနှစ်ဖက်တိုးတက်ရာတိုးတက်ကြောင်းလုပ်ဆောင်ရန်နားလည်မှုစာချွန်လွှာအား ယခုနှစ် ဩဂုတ် ၁၅ ရက်တွင် ထိုင်းနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ကြခြင်းပင်ဖြစ်ပါသည်။ အမှန်ပင် ထိုနေ့သည် အထူးသဖြင့် နှစ်ပေါင်း (၁၁၁) ကျော်သက်တမ်းရှိသော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွက် သမိုင်းဝင်မော်ကွန်းတွင်ရစ်မည့် မှတ်တိုင်တစ်တိုင်၊ နေ့တစ်နေ့ဖြစ်သည်ဟု ကျွန်တော်ရိုးသားစွာ ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ခေတ်အဆက်ဆက် သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းတစ်ပါးရပ်မှ ဂုဏ်သိက္ခာရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် ဤကဲ့သို့သော နည်းပညာရပ်ဆိုင်ရာ ချဉ်းကပ်မှုပုံစံ (Technically approach ) ဖြင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကို နှစ် (၁၁၁) ကျော်အတွင်း ဗွေဆော်ဦး မြင်တွေ့ကြားသိလိုက်ရသည့်အတွက်ကြောင့်ပါတည်း။ ဆက်၍ဆိုရသော် ဤကိစ္စကို အားကြိုးမာန်တက် ရက်ရှည်လများ ကြိုးစားဆောင်ရွက်ကြသော ထူးကုမ္ပဏီများအုပ်စုမှ တာဝန်ရှိပုဂ္ဂိုလ်အပေါင်းအားလည်း ဤနေရာမှနေ၍ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

သို့ဖြစ်ပါ၍တိရစ္ဆာန်ဥယျာဉ်များနှင့် ပတ်သက်သော စီမံခန့်ခွဲမှုနည်းပညာရပ်များ၊ ခေတ်မီပြကွင်း ပြကွက်များ ဆောင်ရွက်လုပ်ကိုင်ခြင်းနှင့် မြေယာအလှပြုပြင်ခြင်းများ၊ သုတေသနအစီအစဉ်များ၊ တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းရပ်များ၊ တိရစ္ဆာန်ဆေးကု နယ်ပယ်နည်းပညာရပ်များနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များစသဖြင့် ကဏ္ဍအသီးသီးတွင် နှစ်နိုင်ငံတိရစ္ဆာန်ဥယျာဉ်များ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြတော့မည်ဖြစ်ပါသဖြင့် မဝေးကွာလှသောအနာဂတ်တစ်ခုတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အပါအဝင် မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်အပေါင်းသည်လည်း နိုင်ငံတကာတိရစ္ဆာန်ဥယျာဉ်များကို ရင်ပေါင်တန်းနိုင်သော၊ ဂုဏ်သိက္ခာရှိသော တိရစ္ဆာန်ဥယျာဉ်တစ်ခုအဖြစ် မလွဲမသွေ ရောက်ရှိလာတော့မည်ဖြစ်ပါကြောင်းဖြင့် မော်ကွန်းတင်ရေးသားလိုက်ရပေသည်။ ။

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ အသိပညာပေးပြခန်းပြသ၊တစ်ခန်းရပ်ပြဇာတ်တင်ဆက်

**မန္တလေး စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်လူကုန်ကူးမှု တိုက်ဖျက်ရေးရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ရွာအခြေပြုလူကုန်ကူးမှုဆိုင်ရာစောင့်ကြည့်အဖွဲ့များ၊INGO/NGO များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုယ်စားWorldVision မှ ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအားပြသသည်။ ထို့နောက် WorldVisonမှ စီစဉ်သည့်“လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပူးပေါင်းပါဝင်ပေး”တစ်ခန်းရပ်ပြဇာတ်ဖြင့်တင်ဆက်သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းပြီး ၂၀၁၃ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနည်းဗျူဟာ (၄)ရပ် ချမှတ်ပြီး အိမ်နီးချင်းထိုင်း၊ တရုတ်၊ အာဆီယံနိုင်ငံများ၊ ဩစတြေးလျနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ လူကုန်ကူးမှု ကိုးမှု ဖော်ထုတ်အရေးယူခဲ့ပြီး ပြစ်မှုကျူးလွန်သူအမျိုးသား ကိုးဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၆ ဦးကို အရေးယူခဲ့ကာ လူကုန်ကူးခံရသူ အမျိုးသမီး နှစ်ဦးကို ကယ်တင်နိုင်ခဲ့သည်။

အသိပညာပေးလုပ်ငန်းများအဖြစ်စာသင်ကျောင်းများတွင် ၇၅ ကြိမ် ၂၆၉၈၈ ဦး၊ ပြည်သူလူထုအတွင်း ၁၉၅ ကြိမ် ၁၉၉၄၄ ဦး၊ လက်ကမ်းစာစောင်ဖြန့်ဝေမှု ၂၄၄ ကြိမ် ၂၉၉၀၀ စောင်ဖြန့်ဝေခဲ့ပြီးလူကုန်ကူးခံရနိုင်သည့် အကြောင်းတရားများ၊လူကုန်ကူးမှုဖြစ်ပွားသောနေရာများနှင့် လူကုန်ကူးခံရနိုင်သောဦးတည်အုပ်စုများကို ရှာဖွေဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**






# လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ ဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား မုံရွာမြို့တွင် ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက “လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ” ဆောင်ပုဒ်ဖြင့် ၂၀၁၇ ခုနှစ် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ခန်းမအတွင်း ပြသထားသော ပြခန်းများအားလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၇ ခုနှစ်အတွင်း လူကုန်ကူးမှု နှစ်မှုဖြစ်ပွားခဲ့ပြီး တရားခံနှစ်ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ကာ လူကုန်ကူးခံရသူ ငါးဦးကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် အကျိုးတော်ဆောင်လိုင်စင်မရှိဘဲ ပြည်ပနိုင်ငံသို့ တရားမဝင်ပို့ဆောင်ခဲ့သည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ(၂၆)ဖြင့် သုံးမှု ဖြစ်ပွားခဲ့ပြီး တရားခံများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ်တွင် လူကုန်ကူးမှု နှစ်မှုဖြစ်ပွားခဲ့ပြီး တရားခံများ ဖမ်းဆီးနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ နှစ်ဦးကိုကယ်တင်နိုင်ခဲ့ကြောင်း အမှတ်(၁၄)လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးတပ်ဖွဲ့စု(မုံရွာ)မှ သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် နယ်မြေခံတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# MANDALAY EXPO&CAR SHOW(၂၀၁၇)ကျင်းပ၊ ပြခန်း ၇၀ ကျော် ခင်းကျင်းပြသ

**မန္တလေး စက်တင်ဘာ ၁၃**

၂၀၁၇ ခုနှစ် နှစ်လယ် MANDALAY EXPO & CAR SHOW (2017) ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ ကုန်စည်ပြပွဲမုခ်ဦးရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ WinnerEconomicEnterpriseမှ ဒါရိုက်တာမျိုးညွန့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးနှင့်ဧည့်သည်တော်များသည် ကုန်စည်ပြပွဲခင်းကျင်းပြသထားမှုများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မန္တလေးနှစ်လယ်ကုန်စည်ပြပွဲ(၂၀၁၇)တွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့်နိုင်ငံခြားဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဂျပန်နိုင်ငံမှ တင်သွင်းလာသောမော်တော်ယာဉ်အမျိုးမျိုး၊ ဥရောပနိုင်ငံများမှတင်သွင်းသော မော်တော်ဆိုင်ကယ်များ၊ ယာဉ်အပိုပစ္စည်းများ၊ စက်ဆီချောဆီများအပါအဝင် ပြခန်းပေါင်း ၇၀ ကျော် ခင်းကျင်းပြသထားသည်။

ကုမ္ပဏီများက ထုတ်ကုန်များအားမိတ်ဆက်ပြသ၍ အထူးနှုန်းဖြင့်ရောင်းချပေးရာ လာရောက်ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ မန္တလေးကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်အရောင်းပွဲတော်ကို စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီထိ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြသရောင်းချလျက်ရှိကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား တံတားဦးတွင်ကျင်းပ

**တံတားဦး စက်တင်ဘာ ၁၃**

ပဉ္စမကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပကြောင်းသိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က ပဉ္စမကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်စိုးက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်ပတ်သက်သည့်ပညာပေးဗီဒီယိုမှတ်တမ်းများကို ပရိုဂျက်တာဖြင့် ပြသပေးပြီး မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ပြသထားသည့် လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်း နံရံကပ်ပြခန်းအား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်နေပြည်သူများ တက်ရောက်ကြသည်။

**ရဲတင့်**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား မိတ္ထီလာတွင်ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၃**

မိတ္ထီလာတွင် ပဉ္စမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက အထက (၁) ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ (ဗဟို) မှပေးပို့သည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်မိန့်ခွန်းအား ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နိုင်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားပြီး အမျိုးသမီးများ အကြမ်းဖက်မှုနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို Action Aid (Myanmar) မှ အမျိုးသမီးများ အခွင့်အရေးဆိုင်ရာ ဌာနတာဝန်ခံ ဒေါ်ခိုင်ဇာလင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှု အခြေအနေအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(၁) မိတ္ထီလာမှ ဒုရဲမှူးဝင်းညွန့်က ရှင်းလင်းတင်ပြသည်။

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းကိုကိုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုရ စာစီစာကုံး၊ ပန်းချီ ၊ ကာတွန်းနှင့် နံရံကပ်ပိုစတာများ ခင်းကျင်းပြသထားမှုအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နှင့် တာဝန်ရှိသူများ၊ အခမ်းအနားတက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဟားခါးမြို့ရေပေးဝေရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

**ဟားခါး စက်တင်ဘာ ၁၃**

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၊ မြို့သစ်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြားနေရာများရှိ ရေစု/ရေလှောင်ကန်များ၊ ရေပိုက်များနှင့် ရေသွယ်တန်းတပ်ဆင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းလိုအပ်မှု တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းများအချိန်မီ ပြီးစီးဆောင်ရွက်နိုင်ရေးတို့ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကျွန်းလှတွင်မိုးစပါးသီးနှံလျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်မည်

**ကျွန်းလှ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးသီးနှံလျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ် လယ်ယာမြေများမှာ မိုးကောင်းသောက်ဖြစ်ပြီး နောက်မိုးကောင်းခြင်းကြောင့် မိုးစပါးသီးနှံကိုပျိုးထောင်၊ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ရွှေဘိုပေါ်ဆန်းမွှေး၊ ဧရာမင်း၊ မနော်ဟရီစပါးမျိုးများ စိုက်ပျိုးကြကြောင်း၊ မိုးစပါး၊ စက်မှုသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ အခြားသီးနှံအား ၇၀၇၇၈ ဧက လျာထားပြီး ၇၀၇၉၃ ဧကစိုက်ပျိုးပြီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်က ပြောကြားသည်။

အဆိုပါတောင်သူများအား GAPနည်းစနစ် စိုက်ပျိုးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာအချိုးကျသုံးစွဲရေး၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်သုံးစွဲရေး၊ ပေါင်းမြက်ကာကွယ်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၀ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ပုလဲ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားခဲ့ပြီး ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က ပုပ္ပါကျေးရွာ၊ ကမ္ဘားရပ်ကျေးရွာ၊ ကုန်းကျေးရွာ၊ နွားကူးကျေးရွာနှင့်ကံကြီးကျေးရွာရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့်အာဟာရပြည့်ဝစေရန် ရည်ရွယ်ချက်များဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လက်ခံရရှိသည့်ကျေးရွာမှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် ချေးငွေပမာဏနှင့် ကာလသတ်မှတ်ခြင်း၊ ပြည်သူများအား ချေးငွေထုတ်ချေးခြင်း၊ အတိုးရရှိငွေများကို စနစ်တကျ ထိန်းသိမ်းခြင်း၊ ရန်ပုံငွေတိုးပွားရရှိအောင်ဆောင်ရွက်ခြင်း၊ စာရင်းဇယားများ တိကျမှန်ကန်စွာ ထားရှိနိုင်ရေးကို ဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုက လက်ခံယုံကြည်အောင် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရမှာဖြစ်ကြောင်း” ဟု ပြောသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဇော်ထက်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်စိုးနှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ပုပ္ပါကျေးရွာ၊ ကမ္ဘားရပ်ကျေးရွာ၊ ကုန်းကျေးရွာ၊ နွားကူးကျေးရွာနှင့် ကံကြီးကျေးရွာ မြစိမ်းရောင် စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ရိနယ်စပ်ကုန်သွယ်ရေးလမ်းပျက်စီး၍ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအခက်အခဲကြုံတွေ့

**ရိခေါ်ဒါရ် စက်တင်ဘာ ၁၃**

ချင်းပြည်နယ်အတွင်းရှိ မြန်မာ - အိန္ဒိယနယ်စပ်ကုန်စည်ပို့ဆောင်ရေးလမ်းမကြီးဖြစ်သည့် ကလေး-တီးတိန်လမ်းပိုင်းမှ အမှတ်(၂)ရိနယ်စပ်ကုန်သွယ်ရေးစခန်းသို့ သွားလာနေသည့် မော်တော်ယာဉ်များမှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းပျက်စီးမှုများပြားနေ၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင်အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း ရိနယ်စပ်ကုန်သည်များထံမှ သိရသည်။

“ကျွန်တော်တို့ ကလေး-ရိနယ်စပ်သွားကားသမားတွေကတော့ သက်စွန့်မောင်းရတာပါ။ နယ်စပ်ကုန်စည်ပို့ဆောင်ရေးလမ်းတစ်လျှောက်ကတော့ နေရာတိုင်းလိုလို ပျက်စီးမှုများနေပါတယ်။ ချင်းတောင်ပေါ်မှာ မိုးကလည်းမပြတ်ရွာနေတာဖြစ်တော့ တောင်ပြိုတယ်၊ ဗွက်ထတယ်။ တချို့နေရာတွေမှာဆိုရင် တစ်မိုင်နှစ်မိုင် ရှည်တဲ့ဗွက်တန်းကြီးတွေကိုဖြတ်သွားရပါတယ်။ အခုရက်ပိုင်း တီးတိန်မြို့နဲ့ ရိနယ်စပ် တီအိုချောင်းသွားတဲ့ ဟိုင်မွာလ်ရွာဟောင်းနဲ့ ဟိုင်မွာလ်ရွာသစ်ကြားမှာ အသွားကားနဲ့အပြန်ကားတွေ ပိတ်နေပါတယ်။ ပိတ်နေတဲ့ကားတွေ မနည်းဘူး။ ကားအသွားအလာနေ့စဉ်ရှိနေပေမယ့်အမာခံလမ်းကတ္တရာမဖြစ်သေးတော့ စက်အားရော လူအားပါ လမ်းရှင်းနေရလို့ခရီးကြန့်ကြာနေရပါတယ်”ဟု ကလေး- ရိနယ်စပ်လမ်းပိုင်းတွင် ပြေးဆွဲနေသည့် ကုန်စည်ပို့ဆောင်ရေးကားအသင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ရိနယ်စပ်ကုန်သွယ်ရေးစခန်း ရိခေါ်ဒါရ်မြို့သို့ သွားသည့် လူစီးကား၊ ကလေးစက်မှုဇုန်ထုတ် ဟိုင်မွာလ်ဂျစ်ကားများ၊ ကုန်တင်ကားများမှာ ကလေးမြို့မှ သွားရောက်ကြခြင်းဖြစ်ရာ ယခုရက်ပိုင်းတွင် အိန္ဒိယနိုင်ငံဘက်ခြမ်း၌လည်း တောင်ပေါ်လမ်းများပျက်စီးသဖြင့်ကုန်တင်ယာဉ်များအသွားအလာနည်းနေသည့်အပြင် မြန်မာဘက်ခြမ်းလမ်းပိုင်းကလေး-တီးတိန်-ရိနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ကလေး- တီးတိန်မြို့အကြား ဆိုဇန်ကျေးရွာနှင့် တီးတိန်မြို့အဝင်အထိ၊ တီးတိန်-ရိနယ်စပ်ကုန်သွယ်ရေးစခန်းသွား ဟိုင်မွာလ်ရွာဟောင်းနှင့် ဟိုင်မွာလ်ရွာသစ်အကြားတို့၌ မိုင်ရှည်ဗွက်ပေါက်လမ်းပျက်စီးမှုများဖြစ်ပွားနေသဖြင့် ကားကြီး၊ ကားငယ်၊ လူစီး၊ ကုန်တင်ယာဉ်အားလုံးသွားလာရေးခက်ခဲလျက်ရှိကြောင်း၊ယင်းလမ်းပျက်စီးသည့်နေရာတိုင်းတွင် သက်ဆိုင်ရာလမ်းလုပ်ငန်းတာဝန်ယူထားသည့်တာဝန်ရှိသူများက စက်ယန္တရားကြီးများအသင့်ချထား၍လမ်းရှင်းလင်းမှုများ ဆောင်ရွက်ပေးနေကြောင်းရိနယ်စပ်ခရီးသွားကုန်သည်များထံမှ သိရသည်။



မြန်မာ- အိန္ဒိယနယ်စပ် ဝင်/ထွက်ပေါက်များဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်လည်းကောင်း၊ ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ-အိန္ဒိယနယ်စပ်ရောင်းဝယ်ရေးတွင် တမူးမြို့နယ်စပ်ရောင်းဝယ်မှုပြီးလျှင် ဒုတိယအကြီးမားဆုံးအရောင်းအဝယ်အကောင်းဆုံးနေရာမှာ ရိနယ်စပ်ရောင်းဝယ်မှုဖြစ်ကြောင်း ရိနယ်စပ်ကုန်သွယ်ရေးရုံးမှ မှတ်တမ်းများအရ သိရသည်။

**ခိုဟေဆာ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခုတွင် စိုက်ပျိုးရေအထောက်အပံ့ဖြစ်စေမည့် တွင်းတိမ်နှင့်တွင်းနက် ၂၀၀ တူးဖော်ပေးသွားမည်

**မုံရွာ စက်တင်ဘာ ၁၃**

စိုက်ပျိုးရေးလုပ်ငန်းများကိုအဓိကလုပ်ကိုင်သော ခရိုင်သုံးခုရှိမြို့နယ်များတွင်စိုက်ပျိုးရေကိုအထောက်အပံ့ဖြစ်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက် သီးသန့်ရန်ပုံငွေ ကျပ် ၂၁၇ သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရေတွင်း ၂၀၀ အား တူးဖော်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါရေတွင်းများကို စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ဒေသများရှိ စိုက်ပျိုးရေရရှိရန် ခက်ခဲသော နေရာများ၊ မိုးကောင်းသောက်စိုက်ပျိုးသော ဒေသများနှင့် မြောင်းဖျား၊မြောင်းနားကျသောဒေသများတွင် ဖြည့်စွက်စိုက်ပျိုးရေ ရရှိစေရန်အတွက် အနက် ပေ ၁၅၀ရှိ တွင်းတိမ် ၁၉၅ တွင်းနှင့် အနက် ပေ ၈၀၀ မှ ၁၀၀၀ ကြားရှိ တွင်းနက် ငါးတွင်းအား တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အခုတွင်းတွေအားလုံးကို စိုက်ပျိုးရေးလုပ်ငန်းတွေ အဓိကလုပ်ကိုင်တဲ့ဒေသတွေမှာ တူးဖော်ပေးမှာပါ။ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုလုံးအတွက် လုံလောက်မှုမရှိဖြစ်နေတဲ့ ဒေသတွေအတွက် ဖြည့်စွက်ရေရရှိရေးကို အဓိကထားပြီး လုပ်ဆောင်ပေးတာပါ။ လုပ်ငန်းတွေကို တင်ဒါစနစ်နဲ့ ခေါ်ယူပြီး ဒီဇင်ဘာလကနေ မတ်လအတွင်း အပြီးတူးဖော်ပေးသွားမှာပါ”ဟု တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရေတွင်းများကို စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သော ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ်တွင် တွင်းနက် ငါးတွင်းနှင့် တွင်းတိမ် ၇၅ တွင်းအား တူးဖော်ပေးသွားမည်။

ကလေးခရိုင်အတွင်းရှိ မြို့နယ်များတွင် တွင်းတိမ် ၄၅ တွင်းအားလည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် တွင်းတိမ် ၇၅ တွင်းအားလည်းကောင်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# လှိုင်ကော်မြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ



**လှိုင်ကော် စက်တင်ဘာ ၁၃**
လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းခဲ့သည့် ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်ကို ဂုဏ်ပြုသောအားဖြင့် လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားအား လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း လူကုန်ကူးမှု အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်၊ လူကုန်ကူးသူများအား ဥပဒေနှင့်အညီ အမှုခိုင်မာစွာတည်ဆောက်၍ တရားစွဲတင်ပို့ရေးဆောင်ရွက်ရန်၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် ၎င်းတို့ဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ပြည်နယ်ပြန်/ဆက်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားပဲခူးတွင်ကျင်းပ

**ပဲခူး စက်တင်ဘာ ၁၃**
ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူးပြီး ၂၀၁၇ ခုနှစ် ပဉ္စမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက ယခင်က ထိုင်း၊ တရုတ်နိုင်ငံတို့နှင့်သာ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှစတင်ပြီး အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် ပူးပေါင်းကာ လူကုန်ကူးခံရသူများကို ပြန်လည်ပို့ဆောင်ရေးနှင့် လူကုန်ကူးသူများအားတရားစွဲဆိုရေးဆိုင်ရာကိစ္စများကို ချိတ်ဆက်လုပ်ဆောင်ခဲ့သောကြောင့် ယနေ့အချိန်ထိ အင်ဒိုနီးရှားနိုင်ငံတွင် လူကုန်ကူးခံရသူများအပါအဝင် မြန်မာရေလုပ်သားပေါင်း ၁၁၇၈ ဦးကို ပြန်လည်ခေါ်ဆိုနိုင်ခဲ့ကြောင်း၊ မြန်မာရေလုပ်သားများ နိုင်ငံခြားတွင် ခေါင်းပုံဖြတ်ခံရမှုများ ပပျောက်ရန် မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-အင်ဒိုနီးရှား လေးနိုင်ငံပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း၊ ကြိုတင်ကာကွယ်ရေးကဏ္ဍအနေဖြင့် စာသင်ကျောင်းများ၊ လူစည်ကားရာနေရာများ၊ လုပ်ငန်းခွင်များမှာ အသိပညာပေးမှုများ ကျယ်ပြန့်စွာ လုပ်ဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှပေးပို့သည့် သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက ဖတ်ကြားကာ အမှတ် (၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပဲခူး) တပ်ဖွဲ့စုမှူး ရဲမှူးအောင်စိုးက လူကုန်မှုတားဆီးနှိမ်နင်းရေးဆောင်ရွက်နိုင်မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုဗီဒီယိုခွေမှတ်တမ်းအားပြသပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ လူကုန်ကူးမှုတိုက်ဖျက်ရေး ပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှာ စတင်ပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံ၏လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် ၂၀၁၃ ခုနှစ်က စတင်သတ်မှတ်ကျင်းပခဲ့ရာ ယခုနှစ်သည် ပဉ္စမအကြိမ်မြောက်ရှိပြီဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း၂၀၁၆ ခုနှစ်၌ တရုတ်နိုင်ငံ ဦးတည်သောလူကုန်ကူးမှု ငါးမှု၊ ပြည်တွင်းလူကုန်ကူးမှုတစ်မှု ပေါင်းခြောက်မှု တရားခံ ၁၄ ဦးအားဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံဦးတည်သော လူကုန်ကူးမှုတစ်မှု၊ ထိုင်းနိုင်ငံ ဦးတည်သော လူကုန်ကူးမှု နှစ်မှု၊ ပြည်တွင်းနှစ်မှု၊ ဘင်္ဂါလီသယ်ဆောင်မှု နှစ်မှု ပေါင်း ခုနစ်မှု တရားခံ ၂၂ ဦးတို့အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



(၅၃) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင် ဦးဆောင်သည့် အင်အား ၇၀ ခန့်သည် တောင်ဥက္ကလာပ စေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးလုပ်အားပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**

# လေးမျက်နှာမြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

**လေးမျက်နှာ စက်တင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်း ဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးဌေးက မြန်မာနိုင်ငံ၏စီးပွားရေးသည် လယ်ယာကဏ္ဍကိုအခြေခံသည့် စိုက်ပျိုးရေးနိုင်ငံ ဖြစ်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် သမားရိုးကျနည်းစနစ်များဖြစ်သည့် လူအင်အား၊ ကျွဲ၊ နွားအင်အားတို့ကို အသုံးပြု၍ ထွန်ယက်စိုက်ပျိုးကြရာတွင် ပြောင်းလဲလာသည့် သဘာဝရာသီဥတုအခြေအနေများနှင့်အညီ ရာသီမီအချိန်မီ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းတို့တွင် အခက်အခဲများရှိလာသဖြင့် စက်ကိရိယာများကို အသုံးပြုရန်များစွာလိုအပ်လာကြောင်း၊ ထိုသို့အသုံးပြုရာတွင် စက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ခြင်းနှင့် ထိန်းသိမ်းနိုင်ခြင်းတို့သည်လည်း လွန်စွာအရေးကြီးသဖြင့် ယခုကဲ့သို့ အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် လယ်ယာသုံးကိရိယာများဖြစ်သည့် ရေတင်စက်၊ ကိုင်းထွန်စက်၊ ထွန်စက်ကြီး၊ ကောက်ရိတ်စက်၊ ခြွေလှေ့စက်များ ပြုပြင်ထိန်းသိမ်းခြင်း၊ မောင်းနှင်ခြင်းတို့ကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်သင်ကြားလျက်ရှိပြီး စက်တင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်အဆင့် သင်တန်းများအပြင် မိတ္ထီလာနှင့် ပဲခူးဘုရားကြီးတို့တွင် စက်မှုလယ်ယာဦးစီးဌာနက အခမဲ့ဖွင့်လှစ်သင်ကြားပေးသည့် စက်မောင်း၊ စက်ပြင် ကျွမ်းကျင်မှုဆိုင်ရာ နှစ်လသင်တန်းများတွင် တက်ရောက်လိုပါက မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတွင် စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း မြို့နယ်ဦးစီးမှူးထံမှသိရသည်။

**ထွန်းဇော်ထွန်း(လေးမျက်နှာ)**

# အိုပ်မက်တံတားတစ်စင်းတည်ဆောက်ပေးရန် မျှော်လင့်

**ဘားအံ စက်တင်ဘာ ၁၃**
ကရင်ပြည်နယ် ဘားအံမြို့နယ် မုက္ကဒိကျေးရွာအုပ်စု မုက္ကဒိနှင့် ဖားနွဲ့ကျွန်း ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားခဲ့ကြသည့် အိပ်မက်တံတားလေးမှာ သံလွင်မြစ်ရေကြီးရေလျှံ ရေစီးသန်ချိန်တွင် ရေအလျဉ်နှင့် မျောပါ၍ အိပ်မက်ပမာပျောက်ကွယ် ပျက်စီးခဲ့ရကြောင်း သိရသည်။

ထိုတံတားလေးအား လွန်ခဲ့သည့် သုံးနှစ်ခန့်က ဖားနွဲ့ကျွန်းကျေးရွာနေ ပြည်သူ့အင်အားဖြင့် မျောတိုင်၊ သစ်၊ ဝါးများအသုံးပြု၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မုက္ကဒိကျေးရွာမှ သံလွင်မြစ်ရေလယ်ရှိ ဖားနွဲ့ကျွန်းသို့ အရှည်ပေ ၃၅၀ ခန့်၊ အကျယ် ၆ ပေရှိ သစ်ဝါးကူတံတားလေးအား ဒေသခံကျေးရွာသားများ စုပေါင်းထည့်ဝင်ငွေနှင့် ပူးပေါင်းလုပ်အားဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း ကုန်ကျငွေနှင့် လုပ်အားများကို ကျေးရွာလူထု စည်းလုံးမှုအင်အားဖြင့် တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း ဖားနွဲ့ကျွန်း ရာအိမ်မှူး ဦးသန်းဝင်းစိုးက ပြောသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် အိပ်မက်တံတားလေးအား ဖားနွဲ့ကျွန်းကျေးရွာသူ ကျေးရွာသားများအနေဖြင့် ၎င်းတို့ကျေးရွာ၏ အဓိကစိုက်ပျိုးရေးထွက်ကုန်များကို ဘားအံမြို့ပြဈေးကွက်၊ နီးစပ်ရာမြိုင်ကလေးဈေးနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ကူးသန်းရောင်းဝယ်ရေးအတွက်လည်းကောင်း၊ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကိစ္စများတွင် အဆင်ပြေစွာအသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ ဖားနွဲ့ကျွန်း ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ ရောင်းဝယ်ဖောက်ကားခြင်းအတွက် လက်လှော်လှေနှင့် စက်လှေများကိုသာ အသုံးပြုနေရကြောင်း သိရသည်။

မုက္ကဒိကျေးရွာနှင့် ဖားနွဲ့ကျွန်းကျေးရွာချင်းဆက်သွယ်ရေး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားခဲ့သည့် အိပ်မက်တံတားလေးမှာ သံလွင်မြစ်ရေအလျဉ်ကြောင့် ပျက်စီးခဲ့ရသည့်အတွက် ဖားနွဲ့ကျွန်းကျေးရွာသူ ကျေးရွာသားများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် လုံခြုံစိတ်ချစွာ ကူးသန်းသွားလာနိုင်သည့် အိပ်မက်တံတားတစ်စင်းအား ဒေသခံပြည်သူများက မျှော်လင့်လျက်ရှိသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# မှူခင်းပညာပေးယာဉ်ဖြင့် မှုခင်းအသိပညာပေး



**ခရမ်း စက်တင်ဘာ ၁၃**
ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်သို့ မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းပညာပေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ခရမ်းမြို့အမှတ် (၄) ရပ်ကွက် ဗုဒ္ဓဟူးလမ်း အ-ထ-က (၂) ကျောင်းရှေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ခရမ်းမြို့ မှုးယစ်တပ်ဖွဲ့စု (၄၃) မှ တကာဇော်မင်းအောင်ပါ နှစ်ဦး၊ လူကုန်တားမှု ရဲအုပ်သိန်းဌေးတို့နှင့်အတူ ခရမ်းမြို့နယ်မှူး ရဲမှူးစိုးအောင် လိုက်ပါလျက် မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **ဗဇေ**

## မြန်မာ့ဒီမိုကရေစီပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံနှင့်လူမျိုးများ၏ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာမြင့်မားစေရန်နှင့် ဒီမိုကရေစီလမ်းကြောင်းများကို လျှောက်လှမ်းရာတွင် ခံယူလုပ်ဆောင်ရမည့် ဒီမိုကရေစီကျင့်စဉ်နှင့် စိတ်ထားများ တိုးပွားရင့်သန်စေရေး အထောက်အပံ့ဖြစ်စေရန်အတွက် ရည်ရွယ်ပြီး စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ မြန်မာ့ဒီမိုကရေစီ ပွဲတော်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




မြန်မာ့ဒီမိုကရေစီ ပွဲတော်များအဖြစ် ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲနှင့် ပဒေသာကပွဲ (ရုပ်ရှင်၊ ဂီတ၊ သဘင်) များကို ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ပြပွဲတွင် "သရာစောထိ၊ ဒီမိုရပ်ကွက်၊ တိမ်ပြာသောနေ့၊ နေခြည်မှာရွှေရည်လောင်းနှင့် ကြီးမြတ်သောမြန်မာ" ဇာတ်ကားများကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ရုပ်ရှင်ပွဲချိန်များအတိုင်း သတ်မှတ်ရုပ်ရှင်ရုံများတွင်လည်းကောင်း၊ ရုပ်ရှင်၊ ဂီတနှင့် သဘင်နယ်ပယ်မှ နိုင်ငံကျော် အနုပညာရှင်များ ပါဝင်ဖျော်ဖြေမည့် ပဒေသာကပွဲ(ရုပ်ရှင်၊ ဂီတ၊ သဘင်)ကို စက်တင်ဘာ ၁၈ ရက် မှ ၁၉ ရက်အထိ ည ၇ နာရီတွင် အမျိုးသားဇာတ်ရုံတွင်လည်းကောင်း၊ အငြိမ့်ပြိုင်ပွဲတွင် ခေတ်သစ်ကြေးမုံ၊ လူငယ်စတား၊ ရွှေညာမြေရဲ့ ကြယ်ပွင့်များ၊ ဖူးသစ်ကြယ်စင်၊ ဖွဲ့၊ မန်းစတား၊ စကားဝါမြေနှင့် မော်ဒယ်လ်ဟား အငြိမ့်အဖွဲ့များ၏ ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီတွင် အမျိုးသား ဇာတ်ရုံတွင်လည်းကောင်း အသီးသီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်တွင် ပြသမည့်ဇာတ်ကားများနှင့် မိတ်ဆက်ခြင်း

ခင်ဇာလီ - စုစည်းသည်

**အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဖြစ်သည့် စက်တင်ဘာ ၁၅ ရက်မှ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ဖြစ်သည့် စက်တင်ဘာ ၂၁ ရက်ထိ ကျင်းပသွားမည့် မြန်မာ့ဒီမိုကရေစီပွဲတော်အတွက် ရည်ရွယ်ရိုက်ကူးထားသည့် ဇာတ်ကားများကို ပြသပေးတော့မည်ဖြစ်သည်။ ပါဝင်ပြသပေးသွားမည့်ဇာတ်ကားများသည် ပြည်သူတို့အတွက် အမှန်တကယ်ပင် ဒီမိုကရေစီသဘောတရားအနှစ်သာရနှင့် ဒီမိုကရေစီနိုင်ငံများတွင် ရှိရမည့်စိတ်ဓာတ်များကို ဖော်ပြခြယ်မှုန်းထားသည်။ ယင်းအပြင် တိုင်းပြည်နှင့် လူမျိုးအတွက် ထက်မြက်လှသည့် ရုပ်ရှင်အနုပညာစွမ်းရည်နှင့် နိုင်ငံတော်၏ မူဝါဒ ဦးတည်ချက်များကို ရုပ်ရှင်ပညာသည်များက တစ်ဖက်တစ်လမ်းမှ အနုပညာမြောက်စွာ တင်ဆက်ထားကြသည်ဖြစ်ရာ ပရိသတ်ကြီးအနေဖြင့် ဇာတ်ကားတစ်ကားကိုမျှ လက်မလွတ်တမ်း ကြည့်ရှုသင့်ကြောင်း လက်တို့လိုက်ရပါသည်။ ဇာတ်ကားများ၏ ဇာတ်လမ်းအကျဉ်းများကိုလည်း ကြည့်ရှုသူပရိသတ်ကြီး အကြိုခံစားနိုင်စေရန်ရည်ရွယ်၍ စက်တင်ဘာ ၁၅ ရက်မတိုင်ခင် ကြေးမုံမှ အလျဉ်းသင့်သလိုဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ပြသပေးသွားမည့်ဇာတ်ကားများမှာ သရာစောထိ၊ ဒီမိုရပ်ကွက်၊ တိမ်ပြာသောနေ့၊ နေခြည်မှာရွှေ ရည်လောင်းနှင့် ကြီးမြတ်သောမြန်မာ ပထမဆုံးဇာတ်လမ်းအနေဖြင့် သရာစောထိဇာတ်ကားကြီးနှင့်ပရိသတ်ကြီးကို မိတ်ဆက်ပေးပါရစေ။**




### သရာစောထိ

နယ်မြေမအေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် နယ်မြို့များ၏ ပညာရေး၊ ကျန်းမာရေး အခြေအနေများ ချို့တဲ့နေရသည့်မြင်ကွင်းများသည် ရင်နင့်ဖွယ်ရာဖြစ်ခဲ့ရသော်လည်း မိမိဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေးသာလျှင် အဓိကဟုသတ်မှတ်ခဲ့သည့် စောထိ၊ အရာရှိကြီးတစ်ယောက်ဖြစ်ချင်သူ စောတန်ခူးနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်လာဖို့ကြိုးစားနေသူ နော်ရှားတို့ သူငယ်ချင်းသုံးယောက်ကမူ ၁၀ တန်းစာမေးပွဲဖြေဖို့ မြို့ကိုသွားခဲ့ကြသည်။ အောင်စာရင်းထွက်လာချိန်မှာတော့ စောထိနာမည်ပါမလာခဲ့ပါ။ နော်ရှားကတော့ သူ့ရည်မှန်းချက်အတိုင်း တက္ကသိုလ်တက်ဖို့ မြို့ကိုတက်သွားသည်။ စောတန်ခူးကတော့ ၁၀ တန်းအောင်လက်မှတ်ကိုင်ပြီး အရာရှိတစ်ယောက်ဖြစ်လာဖို့ မျှော်လင့်ချက်ဖြင့် အလုပ်လိုက်လျှောက်နေခဲ့သည်။

ကြိုးစားနေရင်းက ၁၀ တန်းကိုကျရှုံးခဲ့ရသည့် စောထိတစ်ယောက် ၁၀ တန်းကိုပြန်မဖြေတော့ဘဲ မျိုးဆက်သစ်လူငယ်များ ပညာတတ်ကြီးဖြစ်လာစေရေးအတွက် စိုက်ပျိုးရေးလုပ်ရင်း တစ်ဖက်တစ်လမ်းမှ ကလေးတွေကို စာသင်ပေးဖို့ ဆုံးဖြတ်လိုက်သည်။ သည်တော့ ကရင်လက်နက်ကိုင်အဖွဲ့အစည်းနှင့် တပ်မတော်မှ ကလေးများအတွက် စောထိတစ်ယောက် စာသင်ပေးရသူဖြစ်လာပြီး သံတောင်နယ်တစ်ဝိုက်မှာ သရာစောထိဆိုပြီး နာမည်တွင်လာခဲ့သည်။

စောတန်ခူးကတော့ ၁၀ တန်းစာမေးပွဲကို အမှတ် ၂၅၀ နဲ့ကပ်အောင်သူဖြစ်လေတော့ အလုပ်ကိုမျှော်ရင်း မျှော်ရင်း အရက်တွင်းထဲသို့ကျလေသည်။ နော်ရှားတစ်ယောက် စီးပွားရေးကောင်းသဖြင့် သူ့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးဖို့ပြန်ရောက်လာသည်။ သူငယ်ချင်းဖြစ်သူ စောထိကို နော်ရှားက ဂုဏ်ပြုချင်သည်။ တကယ်တမ်းတော့ သူ့မှာ ငွေသာချမ်းသာခဲ့။ စောထိလို စေတနာမချမ်းသာခဲ့တဲ့အတွက် သံတောင်ဒေသက ကလေးငယ်များ ပညာရေးအတွက် ဖောင်ဒေးရှင်းတစ်ခုကို ထူထောင်လိုက်သည်။ ဖောင်ဒေးရှင်းအမည်က သရာစောထိ။

### တိမ်ပြာသောနေ့

ဘရန်အောင်ရှိရာဆေးခန်းသို့ ဒဏ်ရာအပြင်းအထန်ရနေတဲ့ ကလေးငယ်တစ်ဦးရောက်လာခဲ့တယ်။ ညကဖြစ်ပွားခဲ့တဲ့ တိုက်ပွဲကြောင့် ကလေးငယ်ဒဏ်ရာရခဲ့တယ်ဆိုတာကို ကလေးရဲ့ဖခင်က ပြောရင်း ဘေးမှာ မိခင်ကလည်း ငိုကြွေးနေတယ်။ ဘရန်အောင် ကလေးကို စမ်းသပ်ကြည့်တော့ ကလေးမှာ အသက်မရှိတော့ဘူး။ ကလေးရဲ့ မိဘတွေ ငိုကြွေးနေတာကိုကြည့်ရင်း အတွေးများက ဘရန်အောင် ငယ်ဘဝဆီသို့။

ကျွန်တော့်ကို ကချင်ပြည်နယ် တောင်ပေါ်ရွာလေးမှာမွေးပြီး ခုလို ဆရာဝန်ကြီးဖြစ်လာအောင် ကြိုးစားစေကာ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသမှာ ကိုယ့်တိုင်းရင်းသားတွေရဲ့ကျန်းမာရေးကဏ္ဍမှာ ပါဝင်ခွင့်ရအောင် လမ်းပြပေးသူတွေကို အမြဲအမှတ်ရကျေးဇူးတင်နေမိတယ်။ ခုလိုတိုင်းရင်းသားပဋိပက္ခတွေကြောင့် ကိုယ့်လူမျိုးတွေ သေကျေ၊ ဒုက္ခရောက်၊ မုန်းခဲ့ရတာတွေကို ရပ်တန့်စေချင်တယ်။ ဒီတိုက်ပွဲတွေကြောင့်ပဲ ကျွန်တော့်ရဲ့ အချစ်ရဆုံးသူတွေ ဆုံးရှုံးခဲ့ရတယ်။

လွန်ခဲ့တဲ့နှစ် ၂၀ လောက်ကတည်းက ပဋိပက္ခတိုက်ပွဲတွေကြောင့် အဖေဟာ သားကြီးဖြစ်တဲ့ ကျွန်တော့်ကို လက်နက်ကိုင်အဖွဲ့ထဲရောက်မှာစိုးရိမ်ပြီး မြို့မှာကျောင်းဆက်တက်ဖို့လွှတ်လိုက်ပါတယ်။ ကျွန်တော်က ပညာတတ်ကြီးဖြစ်လာခဲ့ပေမယ့် ကျွန်တော့်ညီကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်ဖြစ်သွားခဲ့တယ်။ နောက်တော့ တိုက်ပွဲတွေရဲ့ဒဏ်ကြောင့် သူငယ်ချင်းတွေ၊ ချစ်သူ၊ ညီလေးနဲ့ အဖေကို ဆုံးရှုံးခဲ့ရပြီး ညီမလေးလည်း ဒုက္ခိတဖြစ်ခဲ့တယ်။ ဘရန်အောင်တစ်ယောက် အပြင်ကိုငေးရင်း အတွေးတွေကနေ သူ့မျှော်လင့်ချက်တစ်ခုကို ဆုတောင်းနေခဲ့တယ်။ ကျွန်တော်တို့ရွာလေး ငြိမ်းချမ်းပါစေ၊ တိမ်ပြာသောနေ့ တစ်နေ့ အမြန်ရောက်ပါစေလို့. . . ။

### ဒီမိုရပ်ကွက်

၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွင် သံဃာတော်များကို ပံ့ပိုးကူညီဝန်းရံပေးသောကြောင့် ရပ်ကွက်အတွင်းမှ ဖြိုးမောင်နှင့် အောင်စိုးတို့နှစ်ဦးမှာ နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ သူတို့နှစ်ဦး ထောင်မှလွတ်လာပြီး မိမိတို့နေထိုင်ရာသို့ ပြန်အရောက်တွင် အောင်စိုး၏သမီးမှာ ဖခင်အရင်းကို မမှတ်မိတော့ပေ။ ထိုအချိန်တွင် ထိုရပ်ကွက်၏ အုပ်ချုပ်ရေးမှူးမှာ ဦးညွှန့်ရွှေဖြစ်ပြီး သူ၏ကိုယ်ကျိုးသာကြည့်တတ်သောစိတ်ဓာတ်ကို ရပ်ကွက်သူ၊ ရပ်ကွက်သားများက မနှစ်မြို့ကြချေ။ စိတ်ဓာတ်တည်ငြိမ်ရင့်ကျက်သူ၊ အများအကျိုးဆောင်ရွက်တတ်သူ ဖြိုးမောင်ကို ရပ်ကွက်ရှိ ပညာတတ်လူငယ်များနှင့် ရပ်မိ၊ ရပ်ဖများက အုပ်ချုပ်ရေးမှူးအသစ်အဖြစ် လိုလားလျက်ရှိကြသည်။

အများစုက ဖြိုးမောင်ကို လိုလားလျက်ရှိသော်လည်း ဦးညွှန့်ရွှေနှင့်ပေါင်း၍ စီးပွားဖြစ်နေသူ ရပ်ကွက်သူဌေး ဦးခင်အေးမှာ ဦးညွှန့်ရွှေပြုတ်သွားပါက သူ၏တရားမဝင်လုပ်ငန်းများ ရပ်ဆိုင်းမည်ကိုစိုးရိမ်သဖြင့် ဦးညွှန့်ရွှေကို ကျောထောက်နောက်ခံပြု အပြည့်အဝထောက်ခံအားပေးလျက်ရှိသည်။

အုပ်ချုပ်ရေးမှူးရွေးပွဲတွင် ဦးညွှန့်ရွှေကို ဖြိုးမောင်အနိုင်ရခဲ့သည်။ ဦးညွှန့်ရွှေ၏အသိုင်းအဝိုင်းများနှင့် တပည့်များက မကျေနပ်ကြချေ။ သို့သော် အမှန်တရားကိုမြတ်နိုးသော သမီးဖြစ်သူ မေသူက ဖြိုးမောင် အုပ်ချုပ်ရေးမှူးဖြစ်သည်ကို မိဘများနှင့်ဆန့်ကျင်၍ ထောက်ခံခဲ့သည်။ ဖြိုးမောင် အုပ်ချုပ်ရေးမှူးဖြစ်ပြီးနောက် ကျောင်းအုပ်ဆရာဟောင်း ဦးသောင်းညွှန့်နှင့်ပူးပေါင်း၍ ရပ်ကွက်တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ သို့သော် ဦးညွှန့်ရွှေ၏ ဩဇာမကင်းသော လက်ဟောင်းကော်မတီဝင်များနှင့် ပြောင်းလဲလိုစိတ်ရှိသော ကော်မတီဝင်များအကြား အမြဲပဋိပက္ခဖြစ်ခဲ့ကြသည်။ ဦးညွှန့်ရွှေ ဦးခင်အေးနှင့် ဖြိုးမောင်တို့၏ အားပြိုင်မှု ဘယ်လိုဆက်ဖြစ်မလဲဆိုတာ. . . ။



# ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူး

ဒေါက်တာဇော်ထွန်းလင်း(ဆေးပညာမဟာသိပ္ပံ)



ရှေးမြန်မာပညာရှိကြီးများသည် လူသားတို့အတွက်အကျိုးရှိရာရှိကြောင်း မှန်ကန်သော အချက်များကို တွေ့ရှိထားခဲ့ကြသဖြင့် နောင်းလူတို့အတွက် အကျိုးရှိလှပေသည်။ ထိုသို့ထားရှိခဲ့သည့် အဖိုးတန်အချက်များအနက် "ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူး"ဟူသော ကျန်းမာရေးနှင့်ဆိုင်သည့် ဆိုရိုးသည် လွန်စွာတန်ဖိုးကြီးလှပေသည်။ ဆိုလိုရင်းမှာ ဝမ်းမှန်မှန်သွားခြင်းဖြင့် ခေါင်းကိုက်ခြင်း၊ လိပ်ခေါင်းထွက်ခြင်း၊ ခံတွင်းနံ့ဆိုးခြင်း စသည့်ဆိုးကျိုးများကို မဖြစ်ပေါ်စေရန် တားဆီးနိုင်သည့် သဘောပင်။

**ဝမ်းချုပ်ခြင်း**

ဆေးပညာအရ တစ်ပတ်လျှင်သုံးကြိမ်ထက်နည်း၍ ဝမ်းသွားလျှင် ယေဘုယျအားဖြင့် ဝမ်းချုပ်သည်ဟု ဆိုလိုပါသည်။ အမေရိကန်လူမျိုး ၆၃ သန်းသည် ဝမ်းချုပ်ရောဂါဖြစ်နေကြသည်။ လက္ခဏာများအနေဖြင့် ဝမ်းညှစ်ရခြင်း၊ သေးသော၊ မာသော၊ ခြောက်သော မစင်တုံးများစွန့်ခြင်း၊ စွန့်ပြီးနောက် ဝမ်းကျန်နေသေးသည်ဟု ခံစားရခြင်း၊ စအိုတွင်တင်း၍ တစ်ဆို့ဆို့ခံစားရခြင်း။

**နောက်ဆက်တွဲလက္ခဏာများ**

(၁) **ခေါင်းကိုက်ခြင်း။** ဝမ်းချုပ်ခြင်းကြောင့် ဝမ်းသွားရာတွင်နာကျင်ခြင်း၊ မသက်မသာဖြစ်ခြင်း၊ သောကရောက်ခြင်းတို့သည် စိတ်ဖိစီးမှုကိုဖြစ်စေပြီး Trigger Tension Headaches ကိုဖြစ်စေသည်။ ဝမ်းချုပ်ခြင်းကြောင့် မစွန့်ထုတ်နိုင်သည့် မစင်မှ အဆိပ်အတောက်များသည် စအိုနံရံမှပြန်လည်စိမ့်ဝင်၍ ကျန်းမာရေးကိုထိခိုက်ကာ ခေါင်းကိုက်ခြင်းကို ဖြစ်စေသည်။ (မြန်မာအယူအဆအရ အပူအပုပ်ဆန်သည်ဟု ပြောသည်။)

(၂) **အရေပြားတွင် ဆိုးရွားသော လက္ခဏာများ ပေါ်ပေါက်ခြင်း။** အူတွင်း ညီညွတ်မျှတသော ဂေဟစနစ် ( Inner ecosystem of gut) မှ ကောင်းသော ဗက်တီးရီးယားများသည် ဝမ်းချုပ်ခြင်းကြောင့် ထိခိုက်မှု ကြုံရသည်။ ထိုအခါ ခန္ဓာကိုယ်တွင် အကြီးဆုံးအင်္ဂါဖြစ်သည့် အရေပြားတွင် ဆိုးရွားသော လက္ခဏာများ ပေါ်ပေါက်လာသည်။ အရေပြားပွရောင်းရောင်းဖြစ်ခြင်း၊ ဝက်ခြံထွက်ခြင်း၊ မျက်ကွင်းညိုခြင်း၊ အကွက်များထွက်ခြင်း၊အရေပြားပေါ်တွင် အနာများပေါက်ခြင်း (မြန်မာလို အပူအပုပ်ဆန်ခြင်းများပင်)။

(၃) **ခံတွင်းပျက်ခြင်း။** အစားစားသောအခါ စားလိုက်သောအစာသည် အစာအိမ်သို့ရောက်၍ GASTRO-COLIC reflex (အစာအိမ်အူမအာရုံကြော ဆက်သွယ်ချက်)ဖြင့် "ဟေ့အူမကြီး၊ ခုအစာအိမ်ထဲမှာ အစာတွေ ရောက်လာပြီ ဝင်လာပြီ၊ မင်းအတွင်းမှာရှိတာတွေထုတ်တော့" ဟု feedback machanism (ပြန်လှန်စနစ်)အရအမိန့်ပေးသောအခါ ဝမ်းသွားချင်စိတ်ဖြစ်ပြီး ဝမ်းသွား၏။ ဝမ်းချုပ်သောသူတွင် ထိုပြန်လှန်စနစ် (feedback machanism) ပျက်သွားသဖြင့် မစင်များကိုပင် မထုတ်နိုင်သဖြင့် ခန္ဓာကိုယ်ပင် ပါးစပ်မှ အစာစားလိုခြင်းကိုပိတ်ပင်သော စနစ်များဖြင့် ထိန်းချုပ်သောကြောင့် ခံတွင်းပျက်ခြင်းဖြစ်ရသည်။

(၄) **စအိုနှင့်ဆိုင်သော ရောဂါများ။** ဝမ်းချုပ်ခြင်းကြောင့် ညှစ်ရသောအခါ စအိုနံရံရှိသွေးပြန်ကြောများတွင် ဖိအားတက်လာခြင်းကြောင့် စအိုသွေးပြန်ကြောများ ထုံးလာသည်။ ကြာလာသောအခါ လိပ်ခေါင်းရောဂါဖြစ်လာသည်။ မာကျောခြောက်သွေ့သော မစင်တုံးများ၏ ပွတ်တိုက်မှုကြောင့် စအိုကွဲခြင်း (ANAL FISSURE) ဖြစ်၍ လွန်စွာခံရခက်သော ရောဂါဖြစ်၏။ ပိုဆိုးလျှင် စအိုကျွံခြင်းပင်ဖြစ်နိုင်သည်။

(၅) **ကင်ဆာရောဂါ။** ဝမ်းချုပ်ခြင်းကြောင့် ကင်ဆာဖြစ်စေသောဓာတ်များ (CARCINOGENS) သည် အူနံရံနှင့် ထိတွေ့ချိန်ပိုများသဖြင့် ကင်ဆာဖြစ်နိုင်ခြေပိုများသည်။

(၆) **အူလမ်းကြောင်းပိတ်ခြင်း။**မာကျောခြောက်သွေ့သောမစင်တုံးများသည် အူလမ်းကြောင်းကို ပိတ်စေနိုင်သဖြင့် အသက်အန္တရာယ်ကို စိုးရိမ်ရသည် အထိဖြစ်နိုင်သည်။

(၇) **ခံတွင်းနံ့နံခြင်း**(BAD BREATH)။ ဝမ်းချုပ်ခြင်းကြောင့် အစာအိမ် အူလမ်းကြောင်း အဝင်အထွက် မမှန်သဖြင့် ခံတွင်းနံ့နံခြင်းကိုဖြစ်ပေါ်စေသည်။

**ဝမ်းပုံမှန်သွားစေရန်**

(၁) အစားအစာထဲတွင် အမျှင်ဓာတ်(FIBRE CONTENT) လုံလောက်စွာပါရမည်။(များသောအားဖြင့် ၁၄ ဂရမ်လောက်သာပါဝင်၍ အမှန်မှာ 100 g/day ပါဝင်ရမည်ဖြစ်သည်)

(၂) ရေနှင့် အရည်များ လုံလောက်စွာ သောက်သုံးရမည်။

(၃) နေ့စဉ်နံနက်တိုင်း ဝမ်းကျင့်ခြင်း (BOWEL TRAINING)လုပ်သင့်သည်။
ဝမ်းကျင့်ခြင်း (BOWEL TRAINING)။ ဤဆောင်းပါးတွင် ဝမ်းကျင့်ခြင်းကို အထူးဂရုပြု၍ ရှင်းပြလိုခြင်း ဖြစ်ပါသည်။ အကျိုးများသဖြင့် လုပ်ဆောင်ဖြစ်အောင်လည်း အရေးတကြီး တိုက်တွန်းလိုပါသည်။ နံနက်မျက်နှာသစ် သွားတိုက်ပြီးသောအခါ တစ်ခုခုစား၍ (ဥပမာ BREAK FAST)စား၍ ဝမ်းသွားချင်သည်ဖြစ်စေ၊ မသွားချင်သည် ဖြစ်စေ အိမ်သာထိုင်ရန်ဖြစ်ပါသည်။ ပထမထိုင်ခါစတွင် လုံးဝမသွားတော့ဘူး ထင်ရသော်လည်းဇွဲရှိရှိနှင့်ကြိုးစားအချိန်ယူ၍ ထိုင်သောအခါ ဝမ်းသွားပါသည်။ ဝမ်းစင်အောင်သွားပြီးလျှင်တစ်နေ့လုံးအတွက် နေထိုင်ကောင်းပါသည်။အရေးပေါ်ဝမ်းသွားရခြင်းဒုက္ခကိုလည်း အတော်အတန်တစ်နေ့တာတားဆီးနိုင်မည် ဖြစ်ပါသည်။ စားလိုက်သောအစာသည် အစာအိမ်သို့ ရောက်သောအခါ အထက်က ရှင်းပြထားသည့်အတိုင်း GESTRO-COLIC Reflex ဖြင့် အူမကြီး၏ ကြွက်သားများကို ဝမ်းညှစ်စေရန်လှုံ့ဆော်ခြင်းကြောင့် ဝမ်းသွားခြင်းကို ဖြစ်စေသည်။ ဝမ်းကျင့်ရာတွင် (အကယ်၍) အစားစားရုံနှင့် မလုံလောက်ပါက ရေနှင့် အရည်များကို လုံလောက်စွာ သောက်သုံးပေးခြင်းဖြင့် ဝမ်းသွားခြင်းကိုတွန်းအားပေးပါသည်။

(၄) ကိုယ်လက်လှုပ်ရှားကျင့်ခန်း မှန်မှန်လုပ်ခြင်းသည် ဝမ်းမှန်ခြင်းကိုအားပေးသည်။

**ဝမ်းချုပ်ခြင်းနှင့်ပတ်သက်၍ ရှောင်သင့်သောအရာများ**

(၁) ဝမ်းနုတ်ဆေးကို တတ်နိုင်သလောက် မသုံးပါနှင့်။ ဝမ်းချုပ်လျှင် ဝမ်းပျော့စေသော အစာ၊ အမျှင်များသော ဟင်းသီးဟင်းရွက်၊ သစ်သီးများ၊ မန်ကျည်းဖျော်ရည်၊ ကညွတ်ဟင်း၊ ဖလံတောင်ဝှေး၊ ဇရစ်စသည်တို့ကိုစားခြင်း၊ ရေနှင့်အရည်များများသောက်ခြင်းတို့ဖြင့်လည်းကောင်း၊ ဝမ်းကျင့်ခြင်းဖြင့်လည်းကောင်း၊ ဝမ်းသွားစေခြင်း ဝမ်းမှန်စေခြင်းသည် အကောင်းဆုံးဖြစ်၏။

(၂) ဝမ်းချုတောင့်၊ ဝမ်းနုတ်ဆေးရည်များ တတ်နိုင်သလောက် မသုံးသင့်။ ဝမ်းချုခြင်းသည် သာမန်ဝမ်းချုပ်ခြင်းတွင် ခေတ္တခဏ သက်သာစေသော်လည်း ရေရှည်တွင် ပြန်ချုပ်လေ့ရှိသည်။ သာမန်ဝမ်းချုပ်ခြင်း မဟုတ်ဘဲ အူလမ်းကြောင်းပိတ်ဆို့၍ ဝမ်းချုပ်ခြင်းကို ဝမ်းချုမိပါက အသက်အန္တရာယ်ဖြစ်စေနိုင်သည်။

အမျှင်ဓာတ်နည်းသောအစားအစာများ၊ ကဖင်းဓာတ်ပါသော အစားအသောက်များ၊ သံဓာတ်ပါသော အစားအစာနှင့် ဆေးဝါးများသည် ဝမ်းချုပ်ခြင်းကို အားပေးသဖြင့် ဝမ်းချုပ်နေစဉ် ရှောင်ရန်လိုပါသည်။ ဝမ်းသွားနေစဉ်တွင်လည်းကောင်း၊ ဝမ်းကျင့်နေချိန်တွင်လည်းကောင်း စာဖတ်ခြင်း၊ ဖုန်းကြည့်ခြင်းများ ရှောင်သင့်ပါသည်။

သို့ဖြစ်ပါ၍ အမျှင်ဓာတ်များသော အစားအစာများစားခြင်း၊ ရေနှင့် အရည်လုံလောက်စွာ သောက်ခြင်းအပြင် ဝမ်းကျင့်ခြင်း (BOWEL TRAINING)ဖြင့်ဝမ်းချုပ်ခြင်း ဒုက္ခမှကင်းဝေးစေ၍ "ဝမ်းတစ်လုံးကောင်း၍ ခေါင်းမခဲ"နိုင်အောင် ကျင့်ကြံအားထုတ်ဆောင်ရွက်နိုင်ကြပါစေသတည်း။ ။

# iPhone X တွင်ပါဝင်သော နည်းပညာအချက်အလက်အသစ်များ



မျက်နှာပြင်အကျယ် ၅ ဒသမ ၈ လက်မဖြစ်ပြီး Bezelless Display တပ်ဆင်ထားသောမျက်နှာပြင်ဖြစ်ကာ သိပ်သည်းဆမှာ တစ်လက်မလျှင် 458 PX ဖြစ်သောကြောင့် iPhone အားလုံးထဲတွင် မျက်နှာပြင်အရည်အသွေးအကောင်းဆုံး စမတ်ဖုန်းဖြစ်သည်။ ဘေးပေါင်နှစ်ဖက်ကို စတီးသတ္တုဖြင့်ကွပ်ထားပေးပြီး မျက်နှာပြင်ထိပ်ပိုင်းတွင် ကင်မရာနှင့် အာရုံခံစနစ်များ တပ်ဆင်ပေးထားကာ အခြားမည်သည့်ခလုတ်မျိုးမှ မျက်နှာပြင်ပေါ်တွင်မပါဝင်ချေ။

မည်သည့်စမတ်ဖုန်းအမျိုးအစားများတွင်မှ မပါဝင်သေးသော ထူးခြားသည့်နည်းပညာဖြစ်သည့် Face ID ပါဝင်လာခြင်းက စမတ်ဖုန်းလောကကို လှုပ်ခတ်သွားစေသော နည်းပညာသစ်ဖြစ်သည်။ မျက်နှာပြင်ပေါ်တွင်ရှိသော ဧရိယာ ၃၀၀၀၀ ကျော်ကို တွက်ချက်အာရုံခံနိုင်ပြီး ယခင်လက်ဗွေအာရုံခံစနစ်ထက် အဆပေါင်းများစွာ ပိုမိုလုံခြုံမှုရှိသည်။ အသုံးပြုသူ၏မျက်နှာဖြင့် ဖုန်းကို အဖွင့်အပိတ်လုပ်နိုင်သည့်အပြင် အခြားစေခိုင်းမှုများကိုလည်းပြုလုပ်နိုင်ပြီး အမှောင်ထဲတွင်လည်း အသုံးပြုသူ၏မျက်နှာကို ကောင်းစွာခွဲခြားနိုင်သည်။

iPhone ထုတ်လုပ်မှုများ၏ ၁၀ နှစ်ပြည့်အဖြစ် ၎င်း iPhone X အပါအဝင် အခြား Apple ထုတ်ကုန်များ မိတ်ဆက်ပွဲကို Apple ၏ရုံးအသစ်တွင်ရှိသော Steve Jobs ခန်းမ၌ စက်တင်ဘာ ၁၂ ရက် ည ၁၁ နာရီခွဲတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အထူးခြားဆုံးနှင့် အားပေးမှုအများဆုံးထဲတွင် iPhone X မှ ဦးဆောင်ခဲ့သည်။ လျင်မြန်စွာ လုပ်ဆောင်မှုများကိုပေးစွမ်းမည့် Apple A11 Chipset ကိုထည့်သွင်းတပ်ဆင်ပေးထားပြီး RAM ပါဝင်မှုမှာ 3 GB သို့မဟုတ် 4 GB အထိပါဝင်နိုင်ဖွယ်ရှိသည်ဟုခန့်မှန်းရပြီး တိကျသည့်ကြေညာမှုပြုလုပ်သွားခြင်းမရှိပေ။ စွမ်းအင်ထိန်းချုပ်ပေးမည့် Core 2 လုံးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးမည့် Core 4 လုံးကိုလည်း ထည့်သွင်းပေးထားသည်။

ထိုညကမိတ်ဆက်ပေးသွားသည့် iPhone အသစ်သုံးမျိုးထဲတွင် စွမ်းဆောင်ရည်အမြင့်မားဆုံး iPhone X မှာ အရှေ့ဘက်နှင့် ကျောဘက်တို့အတွက် 12 MP ပါဝင်သော ကင်မရာများကို တပ်ဆင်ပေးထားပြီး ကျောဘက်ကင်မရာမှာ နှစ်လုံးပါဝင်သည်။ ကင်မရာဆင်ဆာစနစ်များ ပိုမိုကျယ်ပြန့်ကာ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီး တစ်စက္ကန့်လျှင် ၆၀ ဖရိမ်နှုန်းဖြင့် 4K အရည်အသွေးရှိ ဗီဒီယိုများကိုရိုက်ကူးနိုင်သော ပထမဆုံး စမတ်ဖုန်းကင်မရာများပါဝင်သည်။ အရှေ့ဘက် ကင်မရာသည် Face ID အတွက်အထောက်အပံ့ပေးမည်ဖြစ်ပြီး Portrait Lighting Mode စနစ်များလည်း ပါဝင်လာသည်။

ကြိုးမဲ့အားသွင်းစနစ်အပြင် ကြိုးမဲ့နားကြပ်နှင့်ပါတွဲဖက်အသုံးပြုနိုင်မည်ဖြစ်ပြီး အတူမိတ်ဆက်ကြေညာပေးခဲ့သည့် iPhone 8 နှင့် 8 Plus တို့ထက် ဘက်ထရီစွမ်းအင် နှစ်နာရီပိုကြာအောင် အသုံးပြုနိုင်မည်ဟု သိရသည်။

အဆိုပါ iPhone X ကို အောက်တိုဘာ ၂၇ ရက်တွင် ကြိုတင်မှာကြားနိုင်ပြီဖြစ်ပြီး နိုဝင်ဘာ ၃ ရက်တွင် ကမ္ဘာတစ်ဝန်းစမတ်ဖုန်းဈေးကွက်များတွင် စတင်ရောင်းချသွားမည်ဖြစ်သည်။ အခြား iPhone အသစ်နှစ်မျိုး ဖြစ်သည့် iPhone 8 နှင့် 8 Plus တို့ကို စက်တင်ဘာ ၁၅ ရက်တွင် စတင်မှာကြားနိုင်မည်ဖြစ်သည်။ iPhone X ၏ ဈေးနှုန်းမှာ 64 GB မော်ဒယ်အတွက် အမေရိကန်ဒေါ်လာ ၉၉၉ ကျသင့်မည်ဖြစ်ပြီး 256 GB အတွက် ၁၁၄၉ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။ ALEX




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## စကားပြောတတ်မှ လုပ်ငန်းမှာ အဆင်ပြေမယ်




ဦးနှောက်စဉ်းစားဉာဏ်ပညာရင့်သန်မှုက စကားပြောဆိုမှုကို စီမံခန့်ခွဲမှု အကြောင်းကို စာရေးဆရာဘုန်းနိုင်ရေးသားသော စကားပြောတတ်မှ လုပ်ငန်းမှာ အဆင်ပြေမယ် စာအုပ်ထွက်ရှိလာသည်။

စကားတွေကိုသုတေသနလုပ်ကြည့်သောအခါ မျက်စိနှင့် မြင်ရသောအရာများကို လူမျိုးအသီးသီးက ယင်းတို့နားလည်နိုင်စွမ်းရှိမှု တစ်နည်းအားဖြင့် သူတို့၏လျှာနှင့်ထွက်လို့လွယ်ကူတဲ့အသံတွေနဲ့ထွက်ပြီး သတ်မှတ်မှည့်ခေါ်ခဲ့ကြတာဖြစ်သည်။ စကားပြောဆိုရာတွင်လည်း ပြေပြစ်ချောမောစွာပြောတတ်ဖို့လိုပေသည်။ သို့ဖြစ်ပါ၍ စကားကြောင့် စစ်ပွဲများ၊ ရန်ပွဲများဖြစ်ပွားရပြီး ထိုစကားကြောင့်ပင် ငြိမ်းချမ်းရေးတွေ၊ တည်ငြိမ်အေးချမ်းမှုတွေရရှိခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းရှင်များသည် အောင်မြင်မှုရရှိရေးအတွက် လုပ်ရည်ကိုင်ရည်၊ ဉာဏ်ပညာအမြော်အမြင်နှင့် ငွေကြေးရင်းနှီးမှုစသည့်အပြင် စကားပြောဆိုမှုသည်လည်းအရေးပါကြောင်း အဆိုပါ စာအုပ်တွင်ရေးသားထားသည်။

စာအုပ်ကို မနောဖြူစာပေ၊ အမှတ် – ၂၃၅၊ မြေညီထပ်၊ ၃၇ – လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ – ၇၃၀၄၃၈၇၃နှင့် ၀၉ – ၄၅၀၀၁၇၀၇၀တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## တရားခွင်လက်တွေ့ ပြစ်မှုဆိုင်ရာလျှောက်ထားမှုများ




၂၀၁၃ခုနှစ်ကထွက်ရှိခဲ့သည့် ဦးမြင့်လွင်(တရားလွှတ်တော်ရှေ့နေ)ရေးသားပြုစုသည့် တရားခွင်လက်တွေ့ပြစ်မှုဆိုင်ရာလျှောက်ထားမှုများစာအုပ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလအထိ (Up to Date) ပြင်ဆင်ချက်များနှင့်အတူ ဦးညီညီလွင်စီစဉ်သည့် တရားခွင်လက်တွေ့ ပြစ်မှုဆိုင်ရာလျှောက်ထားမှုများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရှေ့နေရှေ့ရပ်တို့သည် အမှုသည်များ၏ နစ်နာချက်များနှင့် ဥပဒေအရ ခံစားခွင့်ရှိသည့်အခွင့်အရေးဟူသမျှကို ဥပဒေဘောင်အတွင်းမှ သက်သာခွင့်များရရှိအောင် ဆောင်ရွက်ပေးရသည့်အလုပ်ဖြစ်သဖြင့် ဥပဒေဘွဲ့ရရှိသူတိုင်း သို့မဟုတ် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသူတိုင်း အရွယ်မရွေး၊ အချိန်မရွေးရှေ့နေအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊ ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြမည့် တက်သစ်စ ရှေ့နေမောင်မယ်များအတွက် တရားခွင်၌ ပြစ်မှုဆိုင်ရာလျှောက်ထားမှုများနှင့်ပတ်သက်၍ အချိန်တိုအတွင်း တတ်သိနားလည်ပြီး လက်တွေ့လုပ်ဆောင်ရာတွင်အသုံးပြုနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို လွင်စာပေ၊ အမှတ် – ၃၉၊ မုန်ရဝေလမ်း၊ ဆရာစံ မြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ – ၇၃၀၈၂၃၁၁နှင့် ၀၉ – ၂၅၄၅၀၈၅၉၇တို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

## Primary Grammar မူလတန်း အင်္ဂလိပ်သဒ္ဒါ




မူလတန်းကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်၍ စာရေးဆရာနေလင်းဝင်းရေးသားသော Primary Grammar မူလတန်း အင်္ဂလိပ်သဒ္ဒါစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင်အသုံးပြုထားသော စကားလုံးများ၊ ဝါကျနမူနာများ၊ လေ့ကျင့်ခန်းများကို ပြဋ္ဌာန်းစာအုပ်များနှင့် မလွတ်အောင် မူရင်းပြဋ္ဌာန်းစာအုပ်များထဲမှထုတ်နုတ်ဖော်ပြထားသဖြင့် မူလတန်းတွင်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအတွက် လေ့ကျင့်ရာတွင် အခက်အခဲများရှိနိုင်မည် မဟုတ်ပေ။ လေ့ကျင့်ခန်းများကို လုပ်ချင်စဖွယ်ဖြစ်အောင်၊ လျင်မြန်လွယ်ကူစွာဖြင့်လုပ်ဆောင်နိုင်စေရန် စီစဉ်ထားပြီး အဖြေများကိုပါ တစ်ပါတည်းထည့်သွင်းဖော်ပြထားသည်။ အထူးသဖြင့် သဒ္ဒါ Grammar ပိုင်းကို မူလတန်းကျောင်းသားကျောင်းသူများ နားလည်သဘောပေါက်ပြီး အသုံးချနိုင်စေရန် အစီစဉ်တကျပြုစုထားသည့်အပြင် မူလတန်းပညာသင်ကြားနေသော ဆရာဆရာမများလည်း အထောက်အကူပြုသော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကိုမဏ္ဍိုင်မစာပေ၊ အမှတ် – ၂၃၇၊ ပထမထပ် – ဝဲ၊ ၃၉ – လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၁ – ၈၃၉၂၈၃၅နှင့် ၀၉ – ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့်ဖြန့်ချိသည်။

## ကျန်းမာရေးအထောက်အကူပြုသဘာဝစားစရာများ (သို့မဟုတ်) ဘေးကင်းကျန်းမာ သဘာဝစားစရာများ




ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်စကားအတိုင်း လူသားတိုင်း ကျန်းမာစေရေးအတွက် သဘာဝ ဟင်းသီးဟင်းရွက်နှင့်သစ်သီးများကိုစားသုံးခြင်းဖြင့် ကျန်းမာစွာနေထိုင်နိုင်စေရန် စာရေးဆရာ ဟိန်း(ဘူမိ) ရေးသားသော ကျန်းမာရေးအထောက်အကူပြုသဘာဝစားစရာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူသားတိုင်းကျန်းမာရေးအတွက် အထောက်အကူပေးစေနိုင်သော သဘာဝစားစရာများအကြောင်းကိုရှာဖွေကာ ကျန်းမာရေးကို ဆေးဝါးလွတ်အထောက်အကူပြုစေနိုင်ရန်၊ နေ့စဉ်စားသောက်နေသော သဘာဝအစားအစာများမှ ကျန်းမာရေးကို အထောက်အကူပြုစေမည့်၊ အနာရောဂါဘေးမှကင်းဝေးစေမည့် ပန်းသီး၊ တရုတ်ဆီးသီး၊ ကညွတ်၊ ထောပတ်သီး၊ ငှက်ပျောသီး၊ ဘာလီ၊ ပင်စိမ်းရွက်၊ ပန်းဂေါ်ဖီအစိမ်းရောင်၊ ဂေါ်ဖီထုပ်မိသားစုများ၊ သခွားမွှေးသီး၊ မုန်လာဥနီ၊ ချယ်ရီသီး၊ ပြောင်းဖူး၊ စပျစ်သီးခြောက်၊ ကြက်သွန်ဖြူ၊ ချင်း၊ ဖရဲသီး စသည့် ဆေးဖက်ဝင် သဘာဝအသီးအရွက်များအကြောင်းကို ရေးသားထားသောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကိုမဏ္ဍိုင်မစာပေ၊ အမှတ် – ၂၃၇၊ ပထမထပ် – ဝဲ၊ ၃၉ – လမ်း(အပေါ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၁ – ၈၃၉၂၈၃၅နှင့် ၀၉ – ၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၁၂၀၀ဖြင့်ဖြန့်ချိသည်။

## အင်ဂျင်နီယာများ၏ အမှတ်တမဲ့ အမှားလေးများ




မြန်မာနိုင်ငံတွင် လမ်း၊ တံတား၊ အဆောက်အအုံများကိုတည်ဆောက်လျက်ရှိသော အင်ဂျင်နီယာများအတွက် အသုံးဝင်စေမည့် စာရေးဆရာကျော်လင်း (ဆောက်လုပ်ရေး) ရေးသားသော အင်ဂျင်နီယာများ၏ အမှတ်တမဲ့အမှားလေးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လမ်း၊ တံတား၊ အဆောက်အအုံများဆောက်လုပ်ရာတွင် လုပ်ငန်းအရည်အသွေးထိန်းကျောင်းရေးကိစ္စများ၊ ဘိလပ်မြေနှင့် ကွန်ကရစ်အရည်အသွေးကိစ္စများ၊ သုတ်ဆေးအမျိုးမျိုး၏ ဂုဏ်သတ္တိကွဲပြားခြင်းကိစ္စများ၊ အင်ဂျင်နီယာဗိသုကာသင်ရိုးကိစ္စများကိုပါ ကျယ်ပြန့်စွာရေးသားထားသည့်အပြင် လမ်းမျက်နှာပြင်ကွဲအက်ပျက်စီးရခြင်းအကြောင်းရင်းများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများကို ဓာတ်ပုံများ၊ Drawingများ၊ Sketch များဖြင့် ပြည့်ပြည့်စုံစုံ ရေးသားထားသောကြောင့် ယနေ့လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်နေသော အင်ဂျင်နီယာများအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို နှင်းဆီလှိုင်စာပေ ဖုန်း ၀၉ – ၅၀၆၆၄၉၀မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိသည်။

## ကိုယ်တွေ့သူနာပြုဘဝအတွေ့အကြုံများ




ယနေ့ခေတ်သူနာပြုများလေ့လာမှတ်သားနိုင်ရန် အင်္ဂလိပ်ခေတ်ကသူနာပြုများ၏ အတွေ့အကြုံများမှ မှတ်တမ်းမှတ်ရာများကိုမှီငြမ်း၍ စာရေးဆရာမ ဒေါ်ကြူကြူဝင်းရေးသားသော ကိုယ်တွေ့သူနာပြုဘဝအတွေ့အကြုံများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အင်္ဂလိပ်ခေတ်နှင့် ကိုလိုနီခေတ်ကသူနာပြုများ၏ နေထိုင်စားသောက်ရပုံများ၊ စည်းကမ်းရှိပုံများကို အတုယူမှတ်သားနိုင်စေရန်ရေးသားထားပြီး ဖဆပလခေတ် သူနာပြုသင်တန်းကျောင်းများ၏အခြေအနေကိုလည်း ထည့်သွင်းရေးသားထားသည်။ မဆလခေတ် အကြောင်းအရာများ၊ ရှစ်လေးလုံးအရေးတော်ပုံ၊နဝတ၊ နအဖ အစိုးရလက်ထက်များတွင်ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသော အဖြစ်အပျက်များ၊ ယနေ့ခေတ်အခြေအနေများကို စာရေးသူ၏ဘဝတစ်လျှောက် ဖြတ်သန်းခဲ့ရသောသူနာပြုအတွေ့အကြုံများကိုရေးသားထားသည်။သူနာပြုသိပ္ပံဘွဲ့ မမျှော်မှန်းနိုင်သော ၉ တန်းအောင်၊ ၁၀ တန်းရှုံးအမျိုးသမီးငယ်များ၊ ၁၀တန်းအောင်သော်လည်း သူနာပြု/သားဖွားသင်တန်းတက်ရန် အမှတ်မမီသူများအတွက် အကူသူနာပြုသင်တန်းသည် အမျိုးသမီးငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရှာပေးခြင်းဖြစ်၍ စနစ်တကျပြုစုပျိုးထောင်ပေးသင့်ကြောင်းရေးသားထားသည်။

စာအုပ်ကို ဦးဥတ္တမစာပေ၊ အမှတ် – ၃၃၆၊ ၇ – လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ – ၃၁၅၆၉၃၈၀နှင့် ၀၉ – ၂၅၀၁၄၂၀၁၉ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိသည်။

## ပိုက်ဆံကို ဘယ်လိုရှာမလဲ




လူတွေဘာ့ကြောင့်ဆင်းရဲရပါသလဲ၊ ပိုက်ဆံရှာပုံရှာနည်းမတတ်လို့လား၊ ရှာပြီးတဲ့ပိုက်ဆံကိုမစုဆောင်းတတ်လို့လား၊ ဒါမှမဟုတ် အတိတ်ကံ မကောင်းလို့လား ဆိုသည်ကို စာရေးဆရာမင်းနိုင်ရေးသားသော ပိုက်ဆံကို ဘယ်လိုရှာမလဲ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူတစ်ဦးတစ်ယောက်သည် များပြားသောငွေကြေးများဖြစ်လာစေရန် ပထမဦးစွာပျိုးထောင်ရင်းနှီးဖို့ အစကလေးတော့ရှိရမည်ဖြစ်ပြီး မိမိကိုယ်တိုင်ရှာဖွေလို့ရသော ငွေကြေးပမာဏနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အရင်းအနှီးအဖြစ်ပြောင်းလဲရမည်ဖြစ်သည်။ ပိုက်ဆံရှာနည်းဆိုသည်ကား ကာယ (သို့မဟုတ်) ဉာဏ်စွမ်းအားကိုအသုံးပြု၍သော်လည်းကောင်း၊ ကိုယ့်ကိုယ်ပိုင်ငွေကြေးကိုရင်းနှီး၍သော်လည်းကောင်းတိုးပွားလာမည်ဖြစ်ကြောင်းရေးသားထားသည်။

စာအုပ်ကို မနောဖြူစာပေ၊ အမှတ် – ၂၃၅၊ မြေညီထပ်၊ ၃၇ – လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ – ၇၃၀၄၃၈၇၃နှင့် ၀၉ – ၄၅၀၀၁၇၀၇၀တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကျန်းမာရေး အမေး၊ အဖြေများ




ကျန်းမာခြင်းသည်ထူးကဲသောလာဘ်ကြီးတစ်ပါးပင်ဖြစ်သောကြောင့် လူတိုင်းကိုယ်စီတွင် ကောင်းမွန်မှန်ကန်သည့် ကျန်းမာရေးအသိပညာရရှိစေရန် စာရေးဆရာကျော်သက်ခိုင်(ဆေးတက္ကသိုလ်)ရေးသားသော ကျန်းမာရေးအမေး၊ အဖြေများစာအုပ်ထွက် ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာအမျိုးသမီးများတွင် အများဆုံးဖြစ်ပွားလေ့ရှိသည့် သားအိမ်ခေါင်းကင်ဆာနှင့် ရင်သားကင်ဆာတို့၏အကြောင်း၊ မိခင်နို့ရည်တိုက်ကျွေးခြင်းနှင့်ကလေးကျန်းမာရေး၊ အချိုမှုန့်နှင့်ကျန်းမာရေးအန္တရာယ်၊ သစ်သီးဝလံများနှင့်ကျန်းမာရေး၊ အစားအစာများတွင်ပါရှိသည့် ဓာတ်ပစ္စည်းများအကြောင်း၊ ဆေးမင်ကြောင်ထိုးခြင်းနှင့် ခန္ဓာကိုယ်ထိုးဖောက်ခြင်းတို့၏ ကျန်းမာရေးအန္တရာယ်များ စသည့်အကြောင်းအရာများကိုသိရှိနိုင်စေရန် လေ့လာသင့်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ကျော်သက်ခိုင်စာပေ၊ ကျီးတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ – ၅၀၅၆၈၅၃နှင့် ၀၉ – ၇၈၁၉၂၈၁၇၂တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲ တင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည် ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၄-၁၁-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၇-၁၁-၂၀၁၇ ရက်နေ့တွင်ထုတ်ပြန် ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၁၇ ရက်နေ့မှ ၁၇-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၀-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကိုတိုင်းစစ်ဌာနချုပ်များတွင် ၁၃-၁၁-၂၀၁၇ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၇-၁၁-၂၀၁၇ ရက်နေ့မှ ၃-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

(ဃ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့်**ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


တောင်တန်းဒေသတွေအထိ
ဖြန့်ကြက်ထားတဲ့
မြန်မာ့အမြန်ဆုံးကွန်ရက်
ooredoo
ooredoo

BAYER

Supradyn®

No.1 Brand in Europe

EMP

ISO 9001 : 2015

Coenzyme Q10 ပါဝင်တဲ့
Supradyn New Formula



ဂျာမနီနိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ
ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn®

စွမ်းအင်ပြည့်တင်း ရုပ်ရာဒင်း
အားဆေး

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ကဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
23 မဆလာ
အမှတ်(၁၁၀)၊ ငါးအပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

နှစ်အိတ်ဝယ်ပြီ T ရှုပ်ယူပါ
ဝမ်းစာပေါ်ဆန်းဝယ်ကြပါပြီ ၊ နှစ်အိတ်ဝယ်ပြီး T ရှပ်ယူပါ ။
09 5095 095, 013-682844
09 443077711, 013-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

ဘွန်ဘာရစ် အုတ်ချိတ်စော်
ဒေါ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းနံ(၂)တောင်အုံ။

zcif rnfef
ရွှေပြည်သာမြို့နယ်၊ ကောင်းစုစံ ပညာရိပ်မွန်ကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မခင်သစ်လွင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးနိုင်ဝင်း [၁၀/ပမန(နိုင်)၁၀၉၇၇၈] ဖြစ်ပါကြောင်း။

ဝန်ထမ်းအလိုရှိသည်
ဝပ်ရှော့ဆရာကျွမ်းကျင်၊
ကားအောက်ပိုင်းကျွမ်းကျင်
ဝါယာရိန်းကျွမ်းကျင်အလိုရှိသည်။
09-425296081

Tel: 09 426 999 100
09 426 999 300



ဘယ်ခရီးကိုပဲသွားသွား လုံခြုံစိတ်ချမှုရှိဖို့နှင့်
ဈေးနှုန်းသက်သာပြီး စိတ်ချမ်းသာမှု အပြည့်အဝ ရစေဖို့အတွက်
ဆောနစ်စတား
ပိတ်ရက်မရှိ ဝန်ဆောင်မှု အကောင်းဆုံး
ကားအငှားလုပ်ငန်းနှင့် ဆက်သွယ်လိုက်ပါ။

sonicstar
your trusted travel partner



Winner Super Diamond Pile Co., Ltd.
W.S.D Group

ISO 9001:2015 Cert. No. 734649



W.S.D Pile
YCDC Licence No.PL-12, MCDC Licence No.PI-006
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊ (၃၃)လမ်း၊ (၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

**NEW MOTION** Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလှျားသစ်လွင် ခရီးစဉ်
★ တောင်ကြီးဖောင်တော်ဦးခရီးစဉ် Oct; 4
★ မန္တလေး ခရီးစဉ် Oct; 4
★ ကလော - လွိုင်ကော်ခရီးစဉ် Oct; 4
★ ပုဂံ ခရီးစဉ် Oct; 4
★ ထားဝယ် - မော်လမြိုင်ခရီးစဉ် Oct; 4
★ ချင်း ခရီးစဉ် Oct; 4
★ မြဝတီ - မဲဆောက်ခရီးစဉ် Oct; 4
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 73148922, 09 260792879, 09 260792878, 527 922 , 538 811

**FORWARD** (YGN) Travel & Tour Co., Ltd
ချောင်းသာ/ငွေဆောင် Package စီစဉ်ပေးသည်။
- ကျိုက်ထီးရိုး၊ ဆောင်နိုင်ကြီးရေတံခွန် (နေ့ချင်းပြန်-စရိတ်ငြိမ်း)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ(၃)ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း (၄)ရက်
- တောင်ကြီး၊ အင်းလေး၊ ရှမ်း (၄)ရက်
- မြဝတီ၊ မဲဆောက်၊ ဘားအံ (၃)ရက်

Oct 3,4 ထွက်မည်
ကားမျိုးစုံစင်းလုံးငှား စီစဉ်ပေးသည်။
ခရီးစဉ်တိုင်း အဆင့်မြင့် ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး အားလုံးစရိတ်ငြိမ်း လမ်းခရီးတွင် မည်သည့်စရိတ်မျှထပ်မံပေးဆောင်ရန်မလို
09259259180, 09259259181,09259259182

**Happiness Trip Travel & Tours**
| | |
|---|---|
| ❋ ဘားအံ၊မော်လမြိုင်၊ဆောင်နိုင်ကြီးရေတံခွန် | -3.10.2017 |
| (၂ည/၃ရက်) ကားခသီးသန့် | - 40000 Ks |
| ❋ တောင်ကြီး၊ အင်းလေးဖောင်တော်ဦးဘုရားပွဲ | -3.10.2017 |
| (၄ည/၅ရက်) Hotel တည်း (စားတည်းငြိမ်း) | -160000 Ks |
| ❋ ငပလီ၊ဆံတော်၊အံတော်၊နံ့တော် | -4.10.2017 |
| (၃ည/၄ရက်) GuestHouseတည်း (စားတည်းငြိမ်း) | -120000 Ks |
| ❋ ထားဝယ်၊ ရှင်ကိုးရှင်၊မောင်းမကန်ကမ်းခြေ | - 3.10.2017 |
| (၄ည/၅ရက်) Hotel တည်း (စားတည်းငြိမ်း) | -160000 Ks |
| ❋ ရွှေစည်းခုံဘုရားပွဲတော်၊ ပုဂံ၊ပုပ္ပါး၊ပခုက္ကူ | -3.10.2017 |
| (၂ည/၃ရက်) စားတည်းငြိမ်း (တဆင့် သွားခ မပါ) | - 45000 Ks |

09 767123509 09767222454 09767222455

**မိဘအမည်မှန်**
မအူပင်မြို့နယ် အထက (ထရော်စခန်းကြီး) ဒသမတန်း(ဝိဇ္ဇာတွဲ)မှ မချယ်ရီဝင်း၏ မိဘအမည်မှန်မှာ ဦးသောင်းဝင်း [၁၄/မအပ(နိုင်) ၀၃၈၉၂၃]နှင့် ဒေါ်သန်းစီ [၁၄/မအပ(နိုင်) ၁၇၀၇၂၉]ဖြစ်ပါကြောင်း။

**စုနဒီ**
Fashion & Training
စင်တီမီတာနည်းဖြင့် မြန်မာအင်္ကျီမျိုးစုံ ကိုယ်တိုင်ဒီဇိုင်းဆွဲချုပ်နည်းဖြင့် သင်တန်းသူ လက်ခံနေပါသည်။
ဖုန်း-၀၉ ၄၂၈၆၅၇၃၉၁

**ဖခင်အမည်မှန်**
ဂန့်ဂေါမြို့နယ်၊ မွှေ့လယ်ရွာ၊ အထက အဌမတန်းမှ မတာရာမင်းကေ၏ ဖခင်အမည်မှန်မှာ [၈/ဂဂန(နိုင်)၀၆၈၀၀၅] အရ ဦးဇော်မျိုးမင်းဖြစ်ပါကြောင်း။
ဦးဇော်မျိုးမင်း

**ဖခင်အမည်မှန်**
မြောင်းမြမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း၊ အတွဲ(၁) မှ မသီရိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော် [၁၄/လပတ(နိုင်) ၀၈၁၆၂၆] ဖြစ်ပါကြောင်း။ ဦးဝင်းကျော်

**KING STAR** ဖုန်း- 09 264723535, 09 263113229
အောက်ပါဘာသာရပ်များလည်းအဆင့်ဆင့်သင်ကြားနိုင်ပါသည်။
ကွန်ပျူတာအတတ်သင် 35000Ks
သင်တန်းကာလ(တစ်လခွဲ)
အမှတ်(၁၁၈)၊(၃၈)လမ်း၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ကျွမ်းကျင်မှုကို အလေးထား သင်ကြားပေးပါသည်။
✔Internet-12000Ks
✔i-Office 2010
✔D.T.P
✔Graphic Design
✔A+ Hardware
အချိန်ညှိနိုင်းပေးပါသည်။

# လှိုက်လှဲစွာ အထူးပင် ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇-ခုနှစ်၊ စက်တင်ဘာလ (၆)ရက်၊ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပပြုလုပ်သော ASEAN BUSINESS AWARDS 2017 တွင် "MOST PROMISING ASEAN ENTERPRISE" AWARD ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော Myanmar ComBiz Trading Co.,Ltd. ၏ Founder & Chairman ဖြစ်သူ ဆရာဦးအောင်စိုးသာအား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးအောင်မြင်မှုများ အခွန့်ရှည် တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar ComBiz Group

ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ
Myanmar ComBiz Group of Companies

**MYANMAR TRACKER**
လူကြီးမင်းတို့၏ မော်တော်ယာဉ်များကို ကွန်ပျူတာ၊ တက်ဘလက်၊ စမတ်ဖုန်းတို့မှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ ခြေရာခံစောင့်ကြည့်ထိန်းချုပ်နိုင်စေမည့်စနစ်


1 Speed Limiter
ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်မောင်းသူအတွက် အမြန်နှုန်းကို သတ်မှတ်ပေးသည့်စနစ်


2 GPS Tracker
ယာဉ်ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်စေပြီး အချက်အလက်များကို စုစည်းပေးနိုင်သည့်စနစ်


3 CCTV
မော်တော်ယာဉ်၏ ခရီးစဉ်တစ်လျှောက်ကို Live Stream ပုံစံ စောင့်ကြည့်နိုင်စေသည့်စနစ်



Ph : 09 261 616 124, 09 964 055 865
Wetside : www.mts.com.mm


mazda
ALL NEW MAZDA 2
" A WINNER OF MYANMAR CAR OF THE YEAR 2017 "
STARTING FROM US$ 19,999
MAZDA 2
SMALL CAR
MYANMAR CAR OF THE YEAR
2017 WINNER
SKYACTIV
TECHNOLOGY
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
3 YEARS MAZDA WARRANTY

ကြေးမုံ

စက်တင်ဘာ ၁၄၊ ၂၀၁၇

# ဗီယက်နမ်ကို အနိုင်ယူပြီး မြန်မာအသင်း ဆီမီးဖိုင်နယ်တက်



**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၁၇ အာဆီယံ ယူ-၁၈ ဘောလုံးပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

**မြန်မာ ယူ-၁၈ - နှစ်ဂိုး**
**ဗီယက်နမ် ယူ-၁၈ - တစ်ဂိုး**

အိမ်ရှင်မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရရန် လိုအပ်နေသည့်သုံးမှတ်ကို ဗီယက်နမ်အသင်းထံမှ ရယူနိုင်ခဲ့သည်။ မြန်မာအသင်း သည် ခြေစွမ်းပိုင်းအရ ဗီယက်နမ်ကို အသာမရခဲ့သော်လည်း ဒုတိယပိုင်းတွင် နှစ်ဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပထမပွဲတွင် အင်ဒိုနီးရှားအသင်းအနိုင်ရခဲ့သော ကြောင့် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ပွဲမှာ အရေးပါလာခဲ့ပြီး နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ သည်။ ပွဲအစတစ်မိနစ်မပြည့်မီမှာပင် မြန်မာအသင်း ဂိုးပေးလိုက်ရပြီး ငုယင်ဟောင်ဆန်က ဗီယက်နမ်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် မြန်မာကစားသမားများ စိုးရိမ်စိတ်များသွားပြီး ဗီယက်နမ် နောက်တန်းကလည်း စနစ်တကျပိတ်ဆို့နေသောကြောင့် ပထမပိုင်းတွင် မြန်မာအသင်း တစ်ဂိုးဖြင့် ရှုံးနိမ့်နေသည်။

ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းလာသော်လည်း ဗီယက်နမ်နောက်တန်းကို မကျော် နိုင်၍ မိနစ် ၇၀ အထိ ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ၇၃ မိနစ်တွင် ဗီယက်နမ်ဂိုးဧရိယာစည်းထိပ်၌ မြန်မာ အသင်း ပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့ပြီး မြတ်ကောင်းခန့်က

**စာမျက်နှာ ၆ ကော်လံ ၃ သို့ ○**

## စစ်တောင်း၊ သံလွင်၊ ဒုဋ္ဌဝတီ

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့နောက် ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် အဆိုပါ မြစ်ကမ်းများအနီး နှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေ ထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၃**

၂၀၁၇ ခုနှစ် နဝမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘော်လီဘောအားကစားပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(B)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အမျိုးသားပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဆက်လက်၍ အမျိုးသမီးပွဲစဉ်အဖြစ် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ် ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိ သွားကြောင်း သိရသည်။ **(ကြေးမုံ)**

DECO
DECO-LAND GROUP
ONE-STOP TRUSTED PAPER SUPPLIER

Copy Paper
Copy Paper
Color Copy Paper

Printing Paper
Art Card
Art Paper
Woodfree
Newsprint

Packaging Paper
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

Special Paper
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

Stationery paper
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll

Hot Line : 01 684292, 684405~08



# ဂုဏ်ယူဝမ်းမြောက်ခြင်း

**Shwe Taung Group** မှ ဆောက်လုပ်လှူဒါန်းသည့်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကော့ကဒွတ်စံပြကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (RC) ၁-ထပ်ကျောင်းဆောင်သစ် နှင့်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာ၊ အခြေခံပညာမူလတန်း (လွန်) ကျောင်း (RC) ၁-ထပ်ကျောင်းဆောင်သစ်

ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားအား ၉-၉-၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက်

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

- **U Ni (Managing Director)**
  Shwe Mi Industrial Co., Ltd.
- **U Kyaw Khaing**
  **(Chairman (CEO))**
  Myanmar AHla Construction Group
  **(Manaing Director)**
  Asia Myanmar Consortium Development Co., Ltd.
- **U Kyin Tun (Managing Director)**
  Newest Garment Manufacturing Co., Ltd.
- **U Aung Thein (Managing Director)**
  Aung Thiha Co., Ltd.
- **U Kyaw Aung (Managing Director)**
  BENHUR Trading Co., Ltd.
- **U Aye Thaung (Director)**
  Comet Co., Ltd.
- **U Aik Yee (Vice Chairman)**
  Yadanar Theingi Co., Ltd.
- **U Aung Shwe (Director)**
  Quality Food House Manufacturing Co., Ltd.
- **U Myo Myint (Director)**
  Naing-Nine Trading Co., Ltd.
- **U Htun Oo (Executive Director)**
  Lucky Group Co., Ltd.
- **U Khin Maung Myat (Executive Director)**
  Peace Myanmar Electric Co., Ltd.
- **U Maung Sein & Group**
  Six Winner Brothers Co., Ltd.
- **U Thein Han (Managing Director)**
  Myanmar Pipies & Accessories Co., Ltd.
- **U Maung Maung Gyi (Managing Director)**
  Maung Maung Gyi Construction & Trading Co., Ltd.
- **U Khin Zaw (Director)**
  Syun Nyi Naung Syun Min Manufacturing Co., Ltd.
- **U Kyaung Yu Wan (Vice Chairman)**
  Great Ayeyarwaddy Co., Ltd.
- **U Min Ko Oo (Managing Director)**
  Ngwe Moe Family Co., Ltd.
- **U Myo Thant (Director)**
  Myo Thatn Aung Trading Co., Ltd.
- **U Myint Thein (Managing Director)**
  REVA Co., Ltd.
- **U Soe Paing (Chairman)**
  Paing Family International Co., Ltd.
- **U Tin Maung Soe (Director)**
  Pyae Sone Trading

## ဝါကျွတ်အထူးလျှော့ဈေး
## ငှားမည်/ရောင်းမည်

၁။ပြည်လမ်း၊ ၆မိုင်ခွဲရှိ ရွှေဟသ်ာကွန်ဒို(B)ငှားမည်။USD2500 ဖြင့် ငှားပေးမည်။
၂။တောင်ဥက္ကလာပမြို့နယ်ရှိ ဆောက်လုပ်ပြီး တိုက်ခန်းသစ်များ ရောင်းမည်။
၃။စတားစီးတီးရှိ ကွန်ဒိုခန်းရောင်းမည်။
အကျိုးဆောင်လက်ခံပါသည်။
Ph:0930337739, 09-420040966, 09-799971230

## ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## လုံးချင်းအိမ်ရောင်းမည်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၆) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းသွယ်၊ ရွှေဝါလမ်း၊ဂုတ်မြဲ၊ RC ၂ထပ်၊ အသင့်နေနိုင် ပြင်ဆင်ပြီး ဂျိုးဖြူရေ၊ အဝီစိ တွင်းပါ။ အမြန်ရောင်းမည်။ ညှိနှိုင်းဈေး။
ဆက်သွယ်ရန်ဖုန်း-၀၉-၃၂၁၃၂၅၄၁

အရုဏ်
09 457778224
09 73121050
09 443121050
ဒဂုံမြို့သစ် (အရှေ့ပိုင်း)
ဒဂုံမြို့သစ် (မြောက်ပိုင်း)
ဒဂုံမြို့သစ် (တောင်ပိုင်း)
ဒဂုံမြို့သစ် (ဆိပ်ကမ်း)
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။

## ဝီသားရှု အိမ်၊ခြံ၊မြေ
ကုမ္ပဏီလီမိတက်
## ကွန်ဒို/တိုက်ခန်းသီးသန့် (ရောင်း/ငှား)

| | | | |
|---|---|---|---|
| 1.Hill Top Vista ၊အလုံ | (1900Sqft) | ရွှေတိဂုံမျှော် | 4700L |
| 2.မော်တင်Tower ၊လမတ | (1550Sqft) | မြစ်ကောင်း | 4000L |
| 3.စမ်းချောင်းကွန်ဒို၊စခ | (2100Sqft) | M1,S1 | 3000L |
| 4.Strand Condo၊အလုံ | (1880Sqft) | ရေကူးကန်ပါ | 2900L |
| 5.ရန်ကင်းကွန်ဒို၊ရက | (1150Sqft) | Lift,ပါကင်ပါ | 1650L |
| 6.ကမ္ဘာအေးဗီလာ၊မရက | (2800Sqft) | M1,S2,AC3 | 26L |
| 7.ရွှေဂုံတိုင်လမ်းမ၊ဗဟ | (20×50) | S.Rကောင်း,GF | 20L |
| 8.ဝါးတန်းလမ်းမ၊လမတ | (2500Sqft) | Lift,ပြင်ပြီး | 14L |
| 9.လေးထောင့်ကန်လမ်းမကွန်ဒို | (1550Sqft) | ရေကူးကန်ပါ | 13L |
| 10.ပြည်သာယာလမ်းမ၊ရက | (25×40) | GF+ထပ်ခိုး | 12L |
| 11.ဗညားဒလလမ်းမ၊ပဘန | (15×60) | Hall,GF | 9L |

☎ - 09799991090, 09799991092, 09799991095
တိုက်ခန်း/ကွန်ဒိုများအပ်နှံပေးပါရန်ဖိတ်ခေါ်အပ်ပါသည်။

Number One Directory in Myanmar

## ဘာပဲလိုလို
## ရန်ကုန်လမ်းညွှန်




၂၀၁၈ ခုနှစ်
အတွက်




## ကြော်ငြာပိတ်ရက်
## နီးကပ်နေပါပြီ။

SALE DIRECT LINE 09 44 800 1662

## ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခတ္တာလမ်း၊ တိုက်အမှတ်(၂၃/၂၅) အခန်းအမှတ်(၆၀၂)၊ (ဧထပ်ခွဲ)တိုက်၏(၆လွှာ)၊ အကျယ်အဝန်း(၂၆၀၀)စတုရန်းပေရှိ **Grand Khattar Resident** တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ဝါဝါလွင် (၇/လပတ(နိုင်)၀၁၁၆၃၇)မှ တရားဝင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

အထက်တန်းရှေ့နေ — ဒေါ်ဇင်မီမီစိုး (LL.B,D.M.L)(စဉ် ၄၁၄၀၀)

တရားလွှတ်တော်ရှေ့နေများ — ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B)(စဉ် ၁၂၆၃၉); ဒေါ်မိုးမိုးအေး (LL.B,D.B.L,D.M.L,D.I.L) WIPO,DL.101Switzerland(စဉ် ၈၅၅၈); ဒေါ်တင်ဇာနည်နေဝင်း (LL.B,D.I.L)(စဉ် ၉၅၃၃) DL-101(WIPO)Geneva

အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 09799991090, 09799991092, 09799991095
Email :rabbitfamilyrealestate@gmail.com

FAME

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ASEAN-BAC



၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၆) ရက် ဗုဒ္ဓဟူးနေ့၌
ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပပြုလုပ်သော
အာဆီယံစီးပွားရေးဆိုင်ရာ အကြံပေးကောင်စီ
**(ASEAN Business Advisory Council)** မှ ပေးအပ်ချီးမြှင့်သည့်
**ASEAN Business Awards 2017** ဆုပေးပွဲအခမ်းအနားတွင်
**Innovation** ကဏ္ဍအတွက် **SME Excellence Award Winner** ဆုကို
**ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေးတို့ ဦးဆောင်သော**
ပြင်ဦးလွင်မြို့ရှိ **FAME Organic Pharming Project** က
လက်ခံရရှိခဲ့ကြောင်း သိရှိရပါသဖြင့်
အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဦးမြင့်ဦး**
**"အေးရိပ်မွန်ဆေးဆိုင်"**
**(ရွှေပြည့်စုံဈေး)**

---

**(၁၁-၈-၂၀၁၇)ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၀)ပါ ဦးအောင်သန်း(ဥက္ကဌ) Family Business Group Hotel Limited နှင့် ဦးတင်မောင်သိန်းပါ (၄)ဦး (တရားလွှတ်တော်ရှေ့နေများ)တို့၏ AAE Engineering Co.,Ltd ၏ Mr. Sompob နှင့် ဒေါက်တာ တင်အောင်လင်းတို့အပေါ် အများသိစေရန်ကြေညာခြင်းသည် မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ရှင်းလင်းကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာတင်အောင်လင်း (Executive Director, AAE Myanmar Co., Ltd. Branch of AAE Engineering (Thailand) Co., Ltd)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းလိုက်သည်။

Family Business Group Hotel Limited သည် ပိုင်ရှင် (Party A) အဖြစ်နှင့် AAE Myanmar Co.,Ltd.Branch of AAE Engineering (Thailand) Co.,Ltd သည် M & E ကန်ထရိုက်တာ (Party B) အဖြစ် Sheraton Yangon Hotel Project အတွက် ၁-၁၂-၂၀၁၆ ရက်စွဲပါ နှစ်ဖက်သဘောတူ စာချုပ်ပြုလုပ်ချုပ်ဆိုပြီး စာချုပ်အပိုဒ် (၁၁)ပါ Payment Terms ငွေပေးချေပုံ စည်းကမ်းချက်နှင့်အညီ ပထမအရစ် Down Payment ကို ပေးချေခြင်း လက်ခံယူခြင်းသည် ပဋိညာဉ်ပါအတိုင်းဖြစ်ပါသည်။

အဆိုပါ ၁-၁၂-၂၀၁၆ ရက်စွဲပါ စာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေ ကန်ထရိုက်တာဘက်သည် လိုအပ်သည့် First Fix Materials တို့ကို ကိုယ်တိုင် စိုက်ထုတ်တပ်ဆင်ပေးခဲ့သည့်အပြင် ပဋိညာဉ်အပိုဒ်(၁၆) အပိုဒ်ခွဲ(၁-ဂ) နှင့်အညီ လုပ်ငန်းစတင်ရန် လိုအပ်သော Shop Drawings များကို (၆)ကြိမ် (6th Circle)ထိတိုင် ပိုင်ရှင်ဘက်၏ M & E Consultant ထံပေးပို့ထားပြီးဖြစ်၍ လူကြီးမင်းတို့၏ ကြေညာချက်အပိုဒ် (၄)ပါ ကျွန်ုပ်၏မိတ်ဆွေဘက်မှ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိဟု အကြောင်းပြ စွပ်စွဲခြင်းသည် လုံးဝမှန်ကန်ခြင်းမရှိပါ။ ထို့အတူ ဦးအောင်သန်း(ဥက္ကဌ)၏ ညွှန်ကြားချက်ဖြင့် တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်သိန်းက AAE Engineering Co., Ltd ထံပေးပို့လာသည့် ၂၂-၇-၂၀၁၇ ရက်စွဲပါ အကြောင်းကြားစာအပေါ် AAE Engineering Co.,Ltd ၏တရားလွှတ်တော်ရှေ့နေ ဦးမျိုးကျော်က ၄-၈-၂၀၁၇ ရက်စွဲပါအကြောင်းပြန်ကြားစာဖြင့် Family Business Group Hotel Limited ၏ တာဝန်ပေါ့လျော့ ပျက်ကွက်မှုနှင့် ပဋိညာဉ်တစ်ဖက်သတ် ဖျက်သိမ်းခဲ့မှုအပေါ် တာဝန်တင်ရှိစေလိမ့်မည်ဖြစ်ကြောင်းကို အတိအလင်း ရှင်းလင်းပြန်ကြားခဲ့ပြီးဖြစ်၍ AAE Engineering Co.,Ltd ၏ ကောင်းသတင်းနှင့် ဂုဏ်သိက္ခာကို တမင်ထိပါးပြီး မမှန်မကန်တောင်းဆိုလာသည့် လူကြီးမင်းတို့၏ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ AAE Engineering Co.,Ltd သည် နိုင်ငံတကာ အသိအမှတ်ပြု ကုမ္ပဏီအဖွဲ့အစည်းဖြစ်ရာ လူကြီးမင်းတို့၏ Family Business Group Hotel Limited က တစ်ဖက်သတ်မမှန်မကန်စွပ်စွဲတောင်းဆိုမှုတို့ အပေါ် လိုက်နာရန် တာဝန်မရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ AAE Engineering Co.,Ltd သည် မိမိ၏ကောင်းသတင်းနှင့် ဂုဏ်သိက္ခာအပါအဝင် ထိခိုက်နစ်နာမှု မှန်သမျှကို တည်ဆဲဥပဒေများနှင့်အညီ တုံ့ပြန်အရေးယူသွား မည်ဖြစ်ကြောင်း ရှင်းလင်းကြေညာလိုက်သည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးကျော် B.A,HGP,DBL,PGDL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၄၂)**
**အမှတ်-၁၂၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

**E.F.R** Seconda Casa Beach Resort & Restaurant

**Monsoon Special Promotion**
ငွေဆောင်ကမ်းခြေ ရဲ့အလှအပကိုခံစားရင်း
ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ
သင့်အားစောင့်ကြိုနေမယ့် **E.F.R**

Hot Line (Yangon) 09-49322842, 09-977286287, 09-977890105
Ngwe Saung: 042-40282, 042-40398, 09-977890091
09-977286269, 09-977857878, 09-49716267

---

**မြေကွက်အမြန်ရောင်းရန်ရှိသည်**

တောင်ဒဂုံ ပေ(၄၀×၆၀)
၄၉သိန်း
ဖုန်း-၀၉-၄၅၄၇၀၀၁၂၃/
၀၉-၄၀၀၀၀၁၆၈၃
ပွဲစားလုံးဝမလို

---

**ယာဉ်အိုဝယ်လိုသည်**

- ကားအပ်ပြီးစလစ်၊
- CNG-စလစ်
- Taxi တိုက်ကျေ

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

---

**ဦးသြစိန္ဒ၊ ဦးစိုင်းခမ်းပန်၊ ဒေါ်နန်းအိမ်၊ ဦးစိုင်းပိုတို့နှင့် အများသိစေရန် ကြေညာခြင်း**

နမ့်စန်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ်(၁/၁၉၆)နေ ဦးသြစိန္ဒ၊ ဦးစိုင်းခမ်းပန်၊ ဒေါ်နန်းအိမ်၊ ဦးစိုင်းပိုတို့ သိစေရန်မှာ -

နမ့်စန်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းလမ်း၊ အိမ်အမှတ်(၁/၁၉၅)နေ ကျွန်ုပ်အမှုသည် ဒေါ်အေးအေးသန်း ပိုင်ဆိုင်သောနေအိမ်ခြံဝင်းအတွင်းသို့ လူကြီးမင်းတို့မှ ခြံစည်းရိုးအုတ်တိုင်များ စိုက်ထူကာရံစဉ်က ကျော်နင်းကာရံခဲ့သည့်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် လူကြီးမင်းတို့နှင့် ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။ သို့သော်လူကြီးမင်းတို့မှ ကျော်နင်းကာရံထားသည့် ခြံစည်းရိုးအုတ်တိုင်များအား ပြန်လည်ဖျက်သိမ်းခဲ့ခြင်း မရှိသည့်အတွက် ၃၀-၉-၂၀၁၇ရက်မတိုင်မီ ကျော်နင်းကာရံထားသည့် ခြံစည်းရိုးအုတ်တိုင်များအား ပြန်လည်ဖယ်ရှားရှင်းလင်းပေးခြင်းမပြုပါက တရားစွဲဆိုဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးအေးသန်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲမာန်မြတ်ဆွေ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၆၇၇)**
**၂/၂၇၀၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂)ရပ်ကွက်၊ နမ့်စန်မြို့(ရှမ်း/တောင်)**
**ဖုန်း-၀၉-၂၅၄၉၆၉၀၉၂**

---

**သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း**

ပြင်ဦးလွင်မြို့နယ်၊ နန္ဒဝန်ရပ်ကွက်ကြီး(၉)၊ အမှတ်(၄၁)နေ (ဦးညွန့်ဝင်း)-ဒေါ်ခင်ပြုံးလွင်[၉/မမန(နိုင်)၀၇၄၀၄၁]တို့၏သား မောင်ကျော်ကိုကိုလွင်သည် မိခင်၏ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မိခင်-ဒေါ်ခင်ပြုံးလွင်**

---

# အမြတ်ဝေစုထုတ်ယူရန် ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ (၂၀၁၆-၂၀၁၇)ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ် (ထည့်ဝင်ပြီး အစုအရင်းငွေအပေါ် တစ်နှစ်လျှင် ၃၀ရာခိုင်နှုန်း)ကို သစ်တောဖက်စပ်(ရုံးချုပ်)၊ အမှတ်(၅၂-၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူရန်ဖြစ်ပါသည်-

| စဉ် | အစုရှယ်ယာလက်မှတ်အမှတ်စဉ် | | | ရက်အပိုင်းအခြား | မှတ်ချက် |
|---|---|---|---|---|---|
| | **သစ်တောဖက်စပ်အစုရှယ်ယာ** | | | | |
| (က) | ၁ | မှ | ၁၀၀၀ထိ | ၁၅-၉-၂၀၁၇ မှ ၃၀-၉-၂၀၁၇ | ရုံးဖွင့်သည့်နေ့ |
| (ခ) | ၁၀၀၁ | မှ | ၂၀၀၀ထိ | ၂-၁၀-၂၀၁၇ မှ ၁၆-၁၀-၂၀၁၇ | (နံနက် ၁၀နာရီ |
| (ဂ) | ၂၀၀၁ | မှ | ၂၄၇၀ထိ | ၁၇-၁၀-၂၀၁၇ မှ ၃၀-၁၀-၂၀၁၇ | မှ |
| | **MSEC အစုရှယ်ယာအမှတ်** | | | | ညနေ(၄)နာရီ အတွင်း) |
| (ဃ) | M-၁ | မှ | M-၄၀၀၀ | ၁၅-၉-၂၀၁၇ မှ ၃၀-၉-၂၀၁၇ | |
| (င) | M-၄၀၀၁ | မှ | M-၈၀၀၀ | ၂-၁၀-၂၀၁၇ မှ ၁၆-၁၀-၂၀၁၇ | |
| (စ) | M-၈၀၀၁ | မှ | M-၁၂၀၀၀ | ၁၇-၁၀-၂၀၁၇ မှ ၃၀-၁၀-၂၀၁၇ | |
| (ဆ) | M-၁၂၀၀၁ | မှ | M-၁၆၀၀၀ | ၁-၁၁-၂၀၁၇ မှ ၁၅-၁၁-၂၀၁၇ | |
| (ဇ) | M-၁၆၀၀၁ | မှ | M-၂၀၀၁၀ | ၁၆-၁၁-၂၀၁၇ မှ ၃၀-၁၁-၂၀၁၇ | |

၂။ အထက်မြန်မာပြည် သစ်တောဖက်စပ်ရုံးခွဲ (မန္တလေးမြို့)တွင် ဝယ်ယူထားသည့် အစုရှယ်ယာများအတွက် အစုပေါ်အမြတ်ငွေကို သစ်တောဖက်စပ်၏ အထူးအစီအစဉ်ဖြင့် မန္တလေးမြို့တွင် ထုတ်ပေးရန် စီစဉ်ထားပါသည်။ [သစ်တောဖက်စပ်(မန္တလေးရုံးခွဲ)၊ ရွှေကွန်ခြာဘုရားအနီး၊ နန်းတော်ရာအရပ်၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့၊ ဖုန်း-၀၂-၄၀၇၀၅၈၀၊ ၀၂-၄၀၅၉၄၀၄]

၃။ အစုပေါ်အမြတ်ဝေစုထုတ်ယူမည့် အစုရှယ်ယာရှင်များသည် အစုရှယ်ယာလက်မှတ်(မူရင်း)၊ မိမိတို့၏ အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာကြရန်နှင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက ကိုယ်စားလှယ်လွှဲစာရေးသား၍ ထုတ်ယူနိုင်ပါသည်။

၄။ ကုမ္ပဏီ/အဖွဲ့အစည်းအမည်ဖြင့် ဝယ်ယူထားသည့် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ/အဖွဲ့အစည်း၏ ခေါင်းစည်းဖြင့် တရားဝင်လွှဲအပ်စာ ယူဆောင်လာသူကိုသာ အစုပေါ်အမြတ်ငွေ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အထက်ပါကာလအတွင်း အစုပေါ် အမြတ်ဝေစု မထုတ်ယူဖြစ်သော အစုရှယ်ယာရှင်များသည် သစ်တောဖက်စပ်(ရုံးချုပ်) ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၀၁-၉၀၁၀၇၃၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ အမြတ်ဝေစု ထုတ်ယူနိုင်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ**

